# smart JOURNAL PRO

reliable knowledge partner for the next generation

နဂါးနှစ်ကောင်

Volume - 1, Issue 22 | www.smart.com.mm | July 3, Wednesday, 2013


## မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာအဖြစ်တင်ဒါအောင်မြင်ခဲ့သော Telenor နှင့် Qtel(Ooredoo) တို့အား မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

Pg-3




LOCAL NEWS


မြန်မာ့ဆက်သွယ်ရေး၏ဖုန်းအင်တာနက်မြန်နှုန်းကို သုံးစွဲသူများကျေနပ်မှုမရှိကြောင်း စစ်တမ်းတစ်ခုက ဖော်ပြ Pg-4

မြန်မာနိုင်ငံတွင်အလွန်အရေးကြီးသည့် ICT Master Plan ရေးဆွဲရန် လိုအပ်ကြောင်း လွှတ်တော်သို့ တင်မည် Pg-7

ကိုရီးယားမှ မြန်မာ အိုင်စီတီ တိုးတက်ရေးအတွက် အိုင်တီစင်တာများ ထူထောင်ဆောင်ရွက်နေ Pg-10

Samsung Galaxy Mega နှစ်မျိုး ပြည်တွင်း ဈေးကွက်တွင် တရားဝင်ရောင်းချသွားမည် Pg-10

Yangon ICT Fair 2013 ပြပွဲ၌ Smart Pro Journal တွင် ကံစမ်းမဲကူပွန်များ ထည့်ပေးခဲ့သည့် ကံထူးရှင်များကို ဆုများပေးအပ်ချီးမြှင့်ပေးခဲ့ Pg-6

JAS မှ မိုဘိုင်း Application များရယူနိုင်သည့် JAS ဖုန်းဈေးဆိုင် website ပြုလုပ် Pg-17


INTERNATIONAL NEWS


Samsung Galaxy Note 3 ထုတ်လုပ်ရန် ဩဂုတ်လ အတွင်း စတင်လုပ်ဆောင်မည် Pg-37

Huawei Ascend P6 ထက် ပိုပါးသော စမတ်ဖုန်း UMEX ကုမ္ပဏီမှ ထုတ်လုပ်မည် Pg-38

Sony ၏ မျိုးဆက်သစ် စမတ်နာရီတွင် NFC စနစ်နှင့် ရေစိုခံနိုင်မှုတို့ ပါဝင်လာနိုင် Pg-37

Blackberry OS ပေါ်တွင် Android နှင့် iOS apps များ အသုံးပြုနိုင်မည် Pg-38











Volume-1, Issue 22
July 3 , Wednesday, 2013












# မြန်မာ့မိုဘိုင်းရေစီးကြောင်းကိုပြောင်းလဲပေးမည့် TELENOR နှင့် OOREDOO တို့ ဆက်သွယ်ရေး အော်ပရေတာ အဖြစ်ရွေးချယ်ခံရ

အေးချမ်း

၂၀၁၃ခုနှစ်ဇူလိုင်လ၂၇ရက် ညနေ၅နာရီ အချိန်ခန့်တွင်မြန်မာနိုင်ငံ၏ ပြည်သူများမျှော်လင့်စောင့်စားခဲ့ကြသည့် အပြောင်းအလဲကြီးတစ်ခုကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် တင်ဒါစီစစ် ရွေးချယ်ရေးအဖွဲ့က ကြေညာချက်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါရွေးချယ်ခံရသည့် Operator ကုမ္ပဏီကြီး နှစ်ခုမှာ နော်ဝေးနိုင်ငံအခြေစိုက်ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီးလူတိုင်းထင်မှတ်ထားသည့် အော်ပရေတာ တစ်ခု Telenor ကုမ္ပဏီဖြစ် ပြီးအခြားကုမ္ပဏီတစ်ခုမှလူတိုင်းထင်မှတ်မထားခဲ့တဲ့ကာတာနိုင်ငံအခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် Ooredoo (Quator Telecom) တို့ ရွေးချယ်ခံရကြောင်း သိရသည်။

ယခုကဲ့သို့အော်ပရေတာ ရွေးချယ်၍ သတင်း ထုတ်ပြန်နိုင်ရန်အခက်အခဲများစွာရှိခဲ့ကြောင်း သိရသည်။ အော်ပရေတာအောင်မြင်သည့်ကုမ္ပဏီကိုကြေညာခြင်းမပြုနိုင်မီ ၂၀၁၃ခုနှစ်ဇွန်လ၂၆ရက်တွင်ပြည့်သူလွှတ်တော်ပုံမှန်အစည်းအဝေးတွင်ကချင်ပြည်နယ် တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့်ဦးမျိုးဆွေကအရေးကြီးအဆိုအဖြစ်ဆက်သွယ်ရေးအော်ပရေတာ လုပ်ကိုင်ခွင့် ချထားပေးခြင်းကိုဆက်သွယ်ရေးဥပဒေအည် ပြုပြီးသည့်ကာလအထိရွှေ့ဆိုင်းရန်တိုက်တွန်းကြောင်းအဆိုကိုပြည်သူ့လွှတ်တော်ကကန့်ကွက်သူမရှိအတည်ပြုလိုက်ကြောင်းသိရသည်။ အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ တင်ဒါခေါ်ယူရေးကော်မတီဥက္ကဌ ဦးဆက်အောင်က "ပြည်သူ့လွှတ်တော်ကကန့်ကွက်သူမရှိအတည်ပြုလိုက်သော်လည်းဆက်သွယ်ရေးအော်ပရေတာလုပ်ကိုင်ခွင့်လက်ကျန်လိုင်စင်နှစ်နေရာကို၂၇ရက်နေ့မှာ ကြေညာပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။

တင်ဒါခေါ်ယူရေးကော်မတီဥက္ကဌဦးဆက်အောင်ကဆက်လက်၍ ဥပဒေကိစ္စနှင့်ပတ်သက်၍လိုင်စင်ရွေးချယ်အပြီးရက်ပေါင်း ၆၀အတွင်း ဥပဒေ အတည်ပြုပေးမည်ဖြစ်ကြောင်းပြောကြားထားခဲ့သည်။ တင်ဒါအောင်မြင်ခဲ့သည့် Telenor နှင့် Ooredoo ကုမ္ပဏီနှစ်ခုသည် ၎င်းတို့လုပ်ငန်းများ ကိုသုံးလခန့်စောင့်ဆိုင်းရမည်ဖြစ်ပြီး ဆက်သွယ်ရေး ဥပဒေကြမ်းကိုလွှတ်တော်တင်ထားပြီးဖြစ်၍ ဆက်သွယ်ရေးနည်း ဥပဒေနှင့်အညီ ဆက်သွယ်ရေး လိုင်စင်ရသည့်ကုမ္ပဏီနှစ်ခုလုပ်ကိုင်ရမည် ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေး အော်ပရေတာအဖြစ်လုပ်ကိုင်ခွင့်ရခဲ့သည့်ကုမ္ပဏီများထဲမှတစ်ခုဖြစ်သည့် Telenor Group ကုမ္ပဏီသည် ဥရောပ အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်ကြောင်းသိရသည်။ နော်ဝေလ်အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် Telenor သည် 4G စနစ်ကို ကောင်းမွန်စွာအသုံးပြုနိုင်သည့် ကုမ္ပဏီတွေထဲက တစ်ခု အပါအဝင် ဖြစ်ကြောင်းသိရသည်။ Telenor သည် အာရှနှင့်ဥရောပတခွင်တွင်ဈေးကွက်၁၁ခုရှိပြီး မိုဘိုင်းဖုန်း အသုံးပြုသူ သန်း ၁၅၀ ကိုဝန်ဆောင်မှုပေးလျက်ရှိသည့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးတစ်ခုဖြစ်ကြောင်းသိရသည်။

Telenor Group သည် အာရှတိုက်တွင် လုပ်ကိုင်ခဲ့သည့် ၁၆နှစ်တာကာလတွင်နာမည်ပျက်မရှိခဲ့သည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ၉၀ရာခိုင်နှုန်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ Telenor Group သည် ဈေးနှုန်းချိုသာ၍ကောင်းမွန်သည့်ဆက်သွယ်ရေးစနစ်များကို အသုံးပြုနိုင်မည်ဖြစ်သည်။

Telenor Group အပြင် ထပ်မံ ရွေးချယ်ခံရသည့် Ooredoo ကုမ္ပဏီသည်ကာတာနိုင်ငံ၏အကြီးဆုံးကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၀၆ခု နှစ်တွင် Economic Award ရရှိခဲ့ဖူးသည့်ကုမ္ပဏီတစ်ခုဖြစ်သည်။ Ooredoo သည် Mobile Service Provider၊ Wireless Services နှင့် Wine-line Service ဝန်ဆောင်မှုများကိုအဓိကထားလုပ်ဆောင်လျက်ရှိ သည်။ Ooredo သည်တစ်စက္ကန့်ကို 1.3Megabits အထိအင်တာနက်မြန်နှုန်းကိုပေးစွမ်းထားသည့်ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး Internet and Data Services, ADSL, WiFi နှင့် Cable TV ဝန်ဆောင်မှုများကိုပြုလုပ်ပေးလျက်ရှိကြောင်းသိရသည်။

အော်ပရေတာရွေးချယ်ခံရခြင်းနှင့် ပတ်သက်၍ Acer မှ Marketing Assistant Manager ကို ဇေယျာလင်း ထက်က "ဒီကုမ္ပဏီ နှစ်ခုကိုရွေး ချယ်လိုက်တာကောင်းတယ်လို့ ပြောရမှာပါ။ ဘာလို့လဲဆိုတော့ Telenor ဆိုတာနာမည်ကောင်းတွေနဲ့ ကျော်ကြားတဲ့ နည်းပညာ မြင့် Operator တစ်ခုဖြစ်တယ် ။ Ooredoo ဆိုတာလည်း နည်းပညာ မြင့်မားပြီးငွေကြေးသုံးနိုင်တဲ့ကုမ္ပဏီတစ်ခုဖြစ်တဲ့အတွက်ကျွန် တော်တို့ပြည်သူတွေအတွက် ကောင်းမွန်မှာပါ"ဟု Smart Pro သို့ပြောကြားသွားခဲ့သည်။

ပြည်သူအများမျှော်လင့်ခဲ့ကြသည့် မိုဘိုင်းအော်ပရေတာ နှစ်ခုကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရွေးချယ်ပေးခဲ့၍ပြည်တွင်းကုမ္ပဏီနှစ်ခုဖြစ်သည့်မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းနှင့် ရတနာပုံတယ်လီပို့ကော်ပိုရေးရှင်းတို့နှင့် ယှဉ်ပြိုင်လုပ်ဆောင်သွားရမည်ဖြစ်သည်။ အဆိုပါ နိုင်ငံတကာကုမ္ပဏီနှစ်ခုကိုပြည်သူများမှ အထင်ကြီးလေးစားလျက်ရှိ၍ ကောင်းမွန်သည့် ဝန်ဆောင်မှုများကိုလုပ်ကိုင်ပေးနိုင်သည့်ကုမ္ပဏီများအဖြစ်မျှော်လင့်လျက်ရှိကြောင်းသိရသည်။



# အယ်ဒီတာ အာဘော် ......

ပြီးခဲ့သည့် တစ်ပတ်မှစပြီး နည်းပညာဂျာနယ်အဖြစ် အပတ်စဉ်ထုတ် နည်းပညာဂျာနယ် နှစ်စောင် ထုတ်လုပ်ဖြန့်ချိမှု ရပ်ဆိုင်းသွားတဲ့ သတင်းကြားရပြီး ထို့အတွက်လည်း နည်းပညာလောက အတွက်ရော ၊ နည်းပညာ ဂျာနယ်လောက အတွက်ပါ များစွာ ထိခိုက် နစ်နာရပြီး နည်းပညာကို လေ့လာနေတဲ့ ယနေ့ခေတ် လူငယ်များအတွက် များစွာ နစ်နာရပါကြောင်း မိုဘိုင်းနှင့် ပတ်သက်သော နည်းပညာများကို အဓိကထားကာ ဖော်ပြပေးနေသည့် မိုဘိုင်း နည်းပညာ ဂျာနယ် တစ်စောင် အနေဖြင့်ရော ဂျာနယ်၏ အဓိက မောင်းနှင်အားဖြစ်သည့် အယ်ဒီတာချုပ်တစ်ဦး အနေဖြင့်လည်း များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ယခင်နှစ်တွေ တုန်းကလည်း ယခုကဲ့သို့ပင် နည်းပညာ လောကကို အကျိုးပြုဖို့အတွက် ကြိုးစားရင်း ကျဆုံးသွားခဲ့ရသည့် ကျွန်တော်တို့၏ နည်းပညာလောက အကျိုးပြု ဂျာနယ်များအတွက် များစွာ ဝမ်းနည်းမိသည်။

ထိုကဲ့သို့ ကျဆုံးရခြင်းမှာ အကြောင်းရင်းများစွာ ရှိနေသော်လည်း ပြည်တွင်းနည်းပညာ လောကအတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူပြုနေသည့် ယခုလိုမျိုး နည်းပညာ ဂျာနယ်များ ထုတ်လုပ်မှု ရပ်ဆိုင်းသွားသည့်အတွက် အမှန်ပင် ဝမ်းနည်းမိသည်။ ဂျာနယ်များ၏ ဦးတည် လျှောက်လှမ်းနေသည့် နေရာမှာ နည်းပညာကို အခြေခံသည့် လမ်းကြောင်းခြင်း တူနေသည့်အတွက် ဘယ်လောက်ပင် ဂျာနယ် အောင်မြင်ရေးအတွက် အပြိုင်အဆိုင်ဟု ဆိုနိုင်သော်လည်း နည်းပညာကို တစ်နည်းနည်းဖြင့် အထောက်အပံ့ မပြုနိုင် တော့ခြင်းအတွက် ကြောင့်လည်း ဝမ်းနည်းမိခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နည်းပညာ ဂျာနယ်များ နည်းတူ အခြားသော သတင်းဂျာနယ်များ ၊ အခြားဂျာနယ်များ ယခုကဲ့သို့ပင် ကျဆုံးနေကြသည့် အတွက်လည်း စာနယ်ဇင်းသမား တစ်ယောက်အနေဖြင့် ဝမ်းနည်းခြင်း ၊ စိတ်မကောင်းခြင်း ဖြစ်ရပါသည်။

နည်းပညာ ဂျာနယ်များအတွက် အဓိက စိန်ခေါ်နေသော ကိစ္စများမှာ အများအပြား ရှိနေသော်လည်း ပထမဆုံးအဖြစ် ဂျာနယ် ရပ်တည်ရေးအတွက် အသက်သွေးကြောလို ဖြစ်နေသည့် ဂျာနယ်အတွက် ကြော်ငြာ ရရှိရေးမှာ နည်းပညာဂျာနယ်များ ရပ်တည် နေနိုင်ရေးအတွက် များစွာ ပါဝင် ပတ်သက်နေသည့်အချက် ဖြစ်သည်။ အခြား သတင်းဂျာနယ်များနှင့် မတူသည့်အချက်မှာ နည်းပညာ ဂျာနယ်များမှာ သတင်းဂျာနယ်များလို စောင်ရေကို အဓိကထားပြီး ထုတ်ဝေ ဖြန့်ချိနေခြင်းမျိုး မဟုတ်ပဲ ကြော်ငြာပါဝင်ရေး ဖြင့်သာ ရပ်တည်နေခြင်း ကလည်း နည်းပညာများအတွက် အဓိက စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ ပြည်တွင်းမှာ နည်းပညာဖွံ့ ဖြိုးတိုးတက်ရေး အားနည်းနေသည့် အတွက်လည်း စာဖတ်သူ အရေအတွက်အားဖြင့် နည်းနေပြီး နည်းပညာဂျာနယ်များအတွက် များစွာရောင်းချရခြင်းမျိုးမရှိ ပဲ ဖြစ်နေရခြင်းကလည်း တစ်ချက်ပင် ဖြစ်လေသည်။

နည်းပညာဂျာနယ်များနှင့် ပတ်သက်ပြီး လေ့လာကြည့်ပါက ပြည်တွင်း၌ နည်းပညာနှင့် ပတ်သက်သော တစ်ပတ် တစ်ကြိမ် ထုတ် စာစောင် (ဂျာနယ်) များမှာ အရေအတွက်အားဖြင့် ၈ စောင်ရှိပြီး တစ်လ တစ်ကြိမ်ထုတ် စာစောင် (မဂ္ဂဇင်း) များမှာ ကွန်ပျူတာ ၊ မိုဘိုင်း နှစ်ခုပေါင်း ၆ စောင် ခန့်သာ ရှိသေးသည်။ သို့အတွက် လူဦးရေ အချိုးအရ တွက်ကြည့်ရင် များစွာ နည်းနေသေးသော်လည်း ပြည်တွင်းမှာ နည်းပညာနှင့် ပတ်သက်ပြီး လေ့လာမှု အားနည်းနေတာက တစ်ကြောင်း ၊ အောင်မြင်နေသော ဂျာနယ်များမှာလည်း နည်းပညာကို လေ့လာနေသော လူငယ်များအတွက် အထောက်အကူ ပြုစေဖို့ထက် မိမိတို့ ဂျာနယ် စောင်ရေတိုးတက်ရေး ၊ ကြော်ငြာများများ ရရှိရေး လောက်ကိုသာ အဓိကထားနေရသည့် အတွက် လူငယ်များအတွက် ရှေ့ဆောင် လမ်းပြ ဖြစ်မလာသေးပေ။ ဖြစ်လာဖို့အတွက် ကြိုးစားနေကြဆဲ ဖြစ်သည်။ သို့ပေမယ့် နည်းပညာအတွက် အုတ်တစ်ချပ် ၊ သဲတစ်ပွင့် အဖြစ် လျှောက်လှမ်းနေတာကိုတော့ တွေ့ရသည့်အတွက် များစွာ ဝမ်းသာမိသည်။ ထိုအတူပဲ မိမိတို့ Smart Pro Journal အနေဖြင့်လည်း နည်းပညာလောက ၊ မိုဘိုင်းလောက တစ်ခုလုံးအတွက် ကိုယ်စား မပြုနိုင်သေးသည့်တိုင်အောင် ၊ အုတ်တစ်ချပ် ၊ သဲတစ်ပွင့်အဖြစ် ရပ်တည်ရင်း ကျန်ရှိနေသေးသည့် နည်းပညာဂျာနယ်များ ကိုလည်း အလားတူပင် ကိုယ်စားပြုနိုင်ကြပါစေရန် ဆန္ဒပြုလိုက်ပါသည်။

အယ်ဒီတာချုပ်

# မြန်မာ့ဆက်သွယ်ရေးမှ ဖုန်းအင်တာနက်စနစ်၏ အင်တာနက်မြန်နှုန်းကို သုံးစွဲသူများ စိတ်ကျေနပ်မှုမရှိကြောင်း အင်တာနက် စစ်တမ်းတစ်ခုက ဖော်ပြခဲ့




ဓါတ်ပုံ - အင်တာနက်

ဇေယျာ

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ မိုဘိုင်း ဖုန်းအသုံးပြုသူများအတွက် သုံးစွဲခွင့်ပြု ထားသည့် မိုဘိုင်းအင်တာနက်စနစ်နှင့် ပတ်သက်ပြီး အလွတ်တမ်းစနစ်အဖြစ် facebook အသုံးပြုသူများ ကြားစစ်တမ်း ကောက်ယူခဲ့ရာတွင် စိတ်ကျေနပ် မှုမရှိကြောင်းများကို မဲပေးသူများက အများဆုံး ပေးခဲ့ကြကြောင်း အဆိုပါ စစ်တမ်းအရ သိရသည်။

အဆိုပါ အင်တာနက်အသုံးပြုသူများ ကြားပြုလုပ်ခဲ့သည့် စစ်တမ်းကို ပြီးခဲ့သည့် တနင်္ဂနွေနေ့မှ စတင်ကောက်ယူခဲ့ရာ ၃ ရက်တွင်း မဲပေးသူအရေအတွက် ၁၈၀၀ ကျော် အထိရှိပြီး "MPT မှ ဖုန်းအင်တာနက်လိုင်း Speed မှာ နှေးလိုက်တာမှ ချာနေပါသည်" ဆိုသည့် အဆိုကို မဲပေးထားသူ ၁၅၅၂ ဦးအထိ ရှိခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ ထိုအပြင် အခြား မဲပေးမှု အများဆုံးဖြစ်သည့် "MPT မှ ဖုန်းအင်တာနက်လိုင်း Speed ကို အနည်းငယ်မျှပင် အားမရပါ" ကို မဲပေးထားသူ ၂၇၈ ဦးအထိ ရှိကြောင်း သိရသည်။ ထိုအပြင် အခြားမေးခွန်းများ ဖြစ်သည့် "MPT မှ ဖုန်း အင်တာနက်လိုင်း Speed မှာသုံးလို့အဆင်ပြေ၍ ကျေနပ်အားရမှုရှိပါသည်" ကို မဲပေးထားသူ ၃၄ ဦး အထိရှိပြီး "MPT မှ ဖုန်းအင်တာနက်လိုင်း Speed မှ တအားမြန်ပါသည် " ကို မဲပေးထားသူ ၃၈ ဦးအထိ ရှိကြောင်း သိရသည်။

ယခုကဲ့သို့ မေးခွန်းများဖြင့် စစ်တမ်း ကောက်ယူခဲ့သော်လည်း စစ်တမ်းတွင် like ပြုလုပ်သူ အရေအတွက် ၅၀၀ ကျော်ရှိပြီး Share အရေအတွက်ကတော့ ၁၈၉ အထိရှိကာ comments ပေးသူ အရေအတွက် ၄၀၀ ကျော် အထိရှိကြောင်း စစ်တမ်းအရ သိရသည်။ စစ်တမ်းတွင် comments ပေးသူ အများစုက မြန်မာ့ဆက်သွယ်ရေးမှ မိုဘိုင်းအင်တာနက် ဝန်ဆောင်မှုကို ကျေနပ်မှု မရှိကြောင်း သာ အမျိုးမျိုး ပြောဆိုလျှက်ရှိကြောင်း သိရ သည်။

အ ဆို ပါ c o m m e n t s များ ထဲ တွ င် စိတ်ဝင်စားစရာ ကောင်းသော comments များကို ရေးသားသူ တစ်ဦးဖြစ်သည့် ကိုဟန်ထွန်းလင်း ကတော့ "လုံးဝ မသုံးရတဲ့အချိန်ကထက်တော့ အတော်လေး အဆင်ပြေလာပါသည်၊ ဒါပေမယ့် ကမ္ဘာကျော် Intel ကုမ္ပဏီက မြန်မာပြည်ရဲ့ internet နှေးကွေးမှုကြောင့် ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ကြောင်း ပြောသွားသည်မှာ အတော် ရှက်ဖို့ ကောင်းပါသည် " ဟု အဆိုပါ စစ်တမ်းတွင် မှတ်ချက်ပြုသွားခဲ့သည်။

အဆိုပါ စစ်တမ်းကို ပြုလုပ်ခဲ့သည့် Myanmar Mobile App Store မှတာဝန်ရှိသူ တစ်ဦးဖြစ်သည့် ကိုသက်နိုင်စိုးကို မေးမြန်းရာ မှာတော့ "ကျွန်တော်က ဘာရယ်တော့ မဟုတ်ပါဘူး။ အင်တာနက် သုံးသူတွေလက်ရှိ မိုဘိုင်း ဖုန်းက နေပေးထားတဲ့ အင်တာနက် ဝန်ဆောင်မှုကိုကျေနပ်မှု ရှိ ၊ မရှိ သိချင်တာရယ် ၊နောက် ပြည်ပ ဆက်သွယ်ရေး အော်ပရေတာတွေဝင်လာတော့မယ် ဆိုတော့ အဲဒီ ကုမ္ပဏီတွေက သူတို့ရရင် အနည်းဆုံး 4G စနစ်ကို စပေးတော့မယ်လေ။ ဒါကြောင့် လက်ရှိ မြန်မာ့ဆက်သွယ်ရေး ကနေ ပေးထားတဲ့ ဝန်ဆောင်မှုကို အကြမ်းသဘောပဲ စစ်တမ်းလေး လုပ်ကြည့်လိုက် တာပါ။ ဝင်ရောက် ဖြေဆိုကြတဲ့သူတွေ အားလုံးကို လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လို အသုံးပြုသူတွေရဲ့ အသံတွေကို အခုလိုမျိုး အင်တာနက် ခေတ်ကြီးထဲမှာ တာဝန်ရှိသူတွေ ကြားလို့ လိုအပ်တာလေးတွေ ပြုပြင်မယ်ဆိုရင် ကျေနပ်ပါတယ်။ " ဟု ပြောကြားခဲ့သည်။

ယခုပြုလုပ်ခဲ့သည့် စစ်တမ်းကို အလွတ်သဘောသာ ပြုလုပ်ခဲ့ခြင်း ဖြစ်သော်လည်း အမှန်တကယ် သုံးစွဲနေသည့် သူများသာ ဖြေဆိုထားသည့် အပြင် အင်တာနက်မှ ပြုလုပ်သည့် စစ်တမ်းဖြစ်သည့် အတွက် များစွာ တိကျမှုမရှိသည့် တိုင်အောင် အတော်လေး မှန်ကန်နေသည့် အတွက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း အနေဖြင့်လည်း မိမိတို့၏ ဝန် ဆောင်မှုများကို သေချာစွာ ပြန်လည် စီစစ်ရန်လိုအပ် လာပြီဖြစ်သည်။

အဆိုပါ မိုဘိုင်းအင်တာနက်စစ်တမ်းတွင် ဝင်ရောက်ဖြေဆိုလိုသည်ဖြစ်စေ ရလဒ်များကို သိရှိလိုသည်ဖြစ်စေ www.facebook.com/questions/518214434894717/ တွင် ဝင်ရောက် လေ့လာနိုင်ကြောင်း သိရသည်။

## မိုဘိုင်းဖုန်းမှတစ်ဆင့် ဆက်သွယ်ရေး အော်ပရေတာ ရွေးချယ်ခံရခြင်း ခန့်မှန်း ပြိုင်ပွဲဝင်များသို့ အသိပေးခြင်း

မြန်မာနိုင်ငံ၏မိုဘိုင်းဖုန်းရေစီးကြောင်းကို အကြီးအကျယ် ပြောင်းလဲစေတော့မည့်ပြည်ပဆက်သွယ်ရေးအော်ပရေတာ နှစ်ခုကို ဇွန်လ ၂၇ ရက်နေ့တွင်ကြိုတင်ကြေညာထားသည့်အတိုင်း တင်ဒါအောင်မြင်သော ကုမ္ပဏီ နှစ်ခုကို ထုတ်ပြန်ကြေညာခဲ့သည်။ တင်ဒါအောင်မြင်သော ကုမ္ပဏီ နှစ်ခုကတော့ Telenor Mobile နှင့် Qtel(Ooredoo) တို့ဖြစ်ပါသည်။

ပြီးခဲ့သည့် ဂျာနယ်အပတ်စဉ်တွင် ဆက်သွယ်ရေးအော်ပရေတာ နှစ်ခုကို ခန့်မှန်းဖြေဆိုရန် နှင့် အဖြေတိုက်ဆိုင်စွာဖြေဆိုနိုင်သူများမှ တစ်ဦးအား မိုဘိုင်းဖုန်းမဲနှိုက်ပေးရန် စီစဉ်ခဲ့ပါသည်။ မေးခွန်းကို စိတ်ဝင်စားစွာဖြေဆိုသူ အယောက် ၅၀၀ ကျော်ရှိသော်လည်း ဆက်သွယ်ရေးအော်ပရေတာ နှစ်ခုကို ဖြေဆိုရာမှာတော့ မေးခွန်း ၂ ခုတွင် အမှတ်စဉ် ၇ ဖြစ်သော Telenor ကိုဖြေဆိုသူ အယောက် ၄၈ ယောက်ရှိပြီး အမှတ်စဉ် ၉ ဖြစ်သော Qtel(Ooredoo) ကိုဖြေဆိုသူ နှစ်ဦးသာ ရှိခဲ့ပြီး နှစ်ခုစလုံးကို မှန်အောင် ဖြေဆိုနိုင်သူ တစ်ဦးမှ မရှိခဲ့ပါ။

သို့သော်လည်း ယခုကဲ့သို့ စိတ်ဝင်စားစွာ ဖြေဆိုကြသည့် စာဖတ်သူများအား ကျေးဇူးတုန့်ပြန်သောအားဖြင့် အဖြေမှန်တစ်ဦးမှ မရှိသော်လည်း ဖြေဆိုကြသူများ အားလုံးကို တစ်ပေါင်းတည်းစုစည်းကာ random စနစ်ဖြင့် မိုဘိုင်းဖုန်း ကံထူးရှင်ကို ရွေးချယ်ပေးခဲ့ပါသည်။

**မိုဘိုင်းဖုန်း ကံထူးရှင်အဖြစ်ထွက်ပေါ်လာသူ**

ရန်မျိုးအောင်၊ မှတ်ပုံတင်အမှတ် ၉ /အမဇ(နိုင်) ၀၀၂၆၃၈

MTE , Bass of Mandalay Hill , Aung Myau Thar Zan Towship, Mandalay. Phone - 09-203 372 3

RELIABLE KNOWLEDGE PARTNER FOR THE NEXT GENERATION

Advisor
Myat Thu San
Chief Editor
Thura Soe
Editor-in-Charge
Ye` Htut Thein
Assistant Editor
May Thazin Thein

Contributors
Nay Eain, Shan Htet, MoeZatKo ,Thu Nhing Kha, IT Mg Mg
Senior Reporter
Ko Aye Chan Thu
Reporters
Aung Pyae Aung, Zayar Myo Myint Aung, Ye` Htut

Chief Designer
Ye` Po
Layout Designer
Zar Li Lwin, Hmu Thiha Zan
DTP
May Thu Nyein

Office Manager
Khin Sandi
KK Advertising Media Group
09-430 946 47
Marketing Executive
May Thwal Aung , Myat Su

Distribution Team
Than Naing (09 501 2325)
Zaw Paing
Production
Htein Linn
Staff
Moe Thu

Publisher
Tun Tun (04637)
Press
Shwe Htee
Film/ CTP
Diamond

smart JOURNAL PRO
media for the next generation of myanmar
Office - Queen's Park Hotel
Smart Pro Journal : 132, 7B, Anawrata Road, Botahtaung Township, Yangon, Myanmar.
Email - editor@smart.com.mm
Website - www.smart.com.mm
www.facebook.com/SmartProJournal
Hotline - 09-400 000 661, 01-861 0523


MAKE it POSSIBLE
HUAWEI
Ultimate expression of thinness
HUAWEI Ascend P6
Elegance with Edge
Impossibly slim:
6.18mm sleek metallic body
Impossibly gorgeous self-portrait:
5MP front camera with Auto face enhancement
Impossibly perfect image:
8MP camera with fine detail in 4cm macro view
Impossibly intuitive:
Latest Emotion UI with security enhancement
http://consumer.huawei.com
Like us on Facebook Huawei Device Myanmar

Volume-1, Issue 22
July 3 , Wednesday, 2013

smart JOURNAL PRO
reliable knowledge partner for the next generation

# မေလ ၂၄ရက်နေ့တွင် ကျင်းပခဲ့သော YANGON ICT FAIR 2013 မှ ကံထူးရှင်ရွေးချယ်ပွဲ

မေလ (၂၄)ရက်နေ့မှ (၂၆)ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများမှ စီစဉ်ကျင်းပ ခဲ့တဲ့ Yangon ICT Fair 2013 ပွဲတွင် Smart Pro ဂျာနယ်မှ Media Partner အဖြစ်ပါဝင်ပြသခဲ့ပြီး ပြပွဲရှိမည်သည့်အရောင်းဆိုင်မှမဆို ဝယ်ယူခဲ့သော ဘောက်ချာများအားပြသပြီး ကံစမ်းနိုင်မယ့် ကံစမ်းမဲ အစီ အစဉ်များပြုလုပ်ခဲ့ပါတယ်။ ကံစမ်းမဲ အစီအစဉ်မှ ကံထူးသူများအား ဆုလက်ဆောင်ပစ္စည်းများကို ဖွန်လ (၂၁) ရက်နေ့မှာ Queen's Park Hotelရှိ Smart Pro ဂျာနယ်ရုံးခန်း အမှတ် (၁၃၂)၊ (၇)B၊ အနော်ရထာလမ်း ဗိုလ်တထောင်မြို့နယ် ပေးအပ်ခဲ့ပါသည်။

ကံထူးသူများမှာရန်ကုန်၊မန္တလေး၊နေပြည်တော်၊တောင်ကြီးစသည့်အနယ်နယ်အရပ်အရပ်မှပါဝင်ကံစမ်းသူများပါဝင်ခဲ့ပြီးဆုမဲများထုတ်ယူပြီးနောက်ကံထူးရှင်များမှဝမ်းသာစကားများပြောကြားခဲ့သည်။

ဒီစကားတွေ ကို Smart Pro ဂျာနယ်ရဲ့ စာမျက်နှာပေါ်ကနေ တဆင့် နောက်နောင်ကံထူးလာမယ့် ကံထူးရှင်တွေအတွက် မျှဝေပေးလိုက်ပါတယ်။

## LAPTOP ကံထူးရှင် အရှင်ဦးဥတ္တမ



## 32 လက်မ LED TV ကံထူးရှင် ကိုထိန်လင်းဦး




HANDSET ကံထူးရှင် ကိုဝင်းနိုင်ဦး


HANDSET ကံထူးရှင် ဒေါ်ချိုချိုဝင်း


ပန်ကာ ကံထူးရှင် ဦးခင်ဝင်း


ပန်ကာ ကံထူးရှင် မကြူကြူလှဲ့ဝင်း

## ကံထူးရှင်တို့၏ စကားသံများ

**အရှင်ဦးဥတ္တမ**

အရှင်ဘုရားရဲ့ဘွဲ့အမည်ကိုမိန့်တော်မူပါဘုရား။

ဦးဥတ္တမပါ။

တပည့်တော်တို့ Smart Pro Journal ရဲ့ကံစမ်းမဲအစီအစဉ်ကိုဘယ်လိုသိပြီးတော့ပါဝင်ကံစမ်းဖြစ်တယ်ဆိုတာကိုမိန့်တော်မူပါဘုရား။

ဦးဇင်းတို့တပ်မတော်ခန်းမကိုသွားတော့ Smart Pro Journal ကိုမဲထည့်လို့ရတယ်ဆိုတော့ကံစမ်းဖြစ်တာပါ။

Smart Pro Journal ကံစမ်းမဲအစီအစဉ်ရဲ့အမြင့်ဆုံးဆုဖြစ်တဲ့ Laptop ဆုကိုကံထူးတော့အရှင်ဘုရားအနေနဲ့ဘယ်လိုများခံစားရပါသလဲဘုရား။

အများကြီးဝမ်းသာပါတယ်။နောက်လည်းအမြဲတမ်းအားပေးသွားမှာပါ။

Smart Pro Journal မှာဘယ်ကဏ္ဍတွေကို နှစ်မြို့က်ပါသလဲဘုရား။

ကောင်းပါတယ်။ နည်းပညာပိုင်းဆိုင်ရာလေ။ ဦးဇင်းအနေနဲ့လည်းနည်းပညာပိုင်းဆိုင်ရာကိုဝါသနာပါတော့အဲ့ဒီနည်းပညာဂျာနယ်တွေလိုက်ဖတ်တယ်။ Smart Pro Journal ရော၊ Internet Journal ရော၊ နောက်ဗုဒ္ဓဟူးနေ့ထွက်တာ NetGuide Journal ရောအဲ့ဒါတွေအဖတ်အများဆုံးပဲ။ Smart Pro Journal မှာ ဖုန်းနဲ့ပတ်သတ်တဲ့အပိုင်းတွေကိုကြိုက်ပါတယ်။

Smart Pro Journal မှာဘယ်အပိုင်းတွေထပ်ဖြည့်ဖို့အကြံပြုလိုပါသလဲဘုရား။

ပြည့်စုံပါတယ်။ ဦးဇင်းအမြင်ပေါ့လေ။ ဒီလောက်ဆိုပြည့်စုံပါတယ်။

နောက်ထပ်နောက်ထပ် Smart Pro Journal က ကံစမ်းမဲအစီအစဉ်တွေမှာ ကံထူးလာဦးမယ့်ကံထူးရှင်တွေအတွက်စကားတစ်ခွန်းလောက်မိန့်တော်မူပါဘုရား။

အဲ့ဒီ Smart Pro Journal ကိုဖတ်ပါ။ နောက်ထပ်နောက်ထပ်ကံထူးလာကြမှာပါ။ Smart Pro အဖွဲ့သားတွေလဲ နောက်ထပ်ထပ်ပြီးအမြဲတမ်းလုပ်ပေးနိုင်ပါစေလို့ဆုတောင်းပါတယ်။

**ကိုထိန်လင်းဦး**

ပထမဆုံးအကိုနာမည်လေးနဲ့မိတ်ဆက်ပေးပါဦး။

ကျွန်တော်နာမည်ကကိုထိန်လင်းဦးပါ။

Smart Pro Journal ရဲ့ကံစမ်းမဲအစီအစဉ်ကိုဘယ်လိုသိလို့ဝင်ပြီးကံစမ်းဖြစ်တာလဲ။

ကျွန်တော်တပ်မတော်ခန်းမက ICT Fair မှာသိခဲ့တာပါ။

အကိုအနေနဲ့ဒီ TV ကိုမဲပေါက်တဲ့အတွက်ဘယ်လိုခံစားရပါသလဲ။

ကျွန်တော်အရမ်းဝမ်းသာပါတယ်။

Smart Pro Journal ရဲ့ဘယ်အပိုင်းကဏ္ဍတွေကိုနှစ်သက်ပါသလဲ။

နည်းပညာဂျာနယ်တွေတော့အကုန်လုံးနီးပါးကိုစိတ်ဝင်စားပါတယ်။ အကုန်လုံးနီးပါးကြိုက်ပါတယ်။

Smart Pro Journal မှာဘယ်ကဏ္ဍတွေကိုထပ်ဖြည့်စေချင်လဲ။

အဲ့ဒါတော့ကျွန်တော်လဲမပြောတတ်ဘူး။

Smart Pro Journal ရဲ့အခြားပရိသတ်တွေကို ဘာများပြောချင်ပါသလဲ။

ကျွန်တော်ထူးထူးခြားခြားတော့မပြောတတ်ဘူးဗျာ။

**ကိုဝင်းနိုင်ဦး**

အကိုအနေနဲ့ကံစမ်းမဲဘယ်လိုထည့်ဖြစ်တာလဲ။

Laptop သွားဝယ်ရင်းနဲ့ထည့်ဖြစ်တာပါ။

ကံစမ်းမဲပေါက်တဲ့အတွက် ဘယ်လိုခံစားရပါသလဲ။

တစ်ခါမှလည်းမဲမပေါက်ဖူးတော့ဘယ်လိုပြောရမလဲ။ တော်တော်လေးဝမ်းသာတယ်။

ကျွန်တော်တို့ ဂျာနယ်ရောဖတ်ဖြစ်လား။

ဂျာနယ်ကတော့ဖတ်ဖြစ်ပါတယ်။ ကျွန်တော်တို့ကျတော့အိမ်ပို့တွေပဲဖတ်ဖြစ်တာများတယ်။အိမ်မှာတော့ Net Guideရှိတယ်။ နောက်သတင်းစာပေါ့။ အဲ့ဒါတွေတော့ဖတ်ဖြစ်ပါတယ်။ အခုဒီ Smart Pro ကိုဖတ်ဖြစ်တော့ တော်တော်လေး စုံလင်တာတွေ့ရတော့ သဘောကျပါ တယ်။ အိမ်ပို့မရဘူးဆိုတော့လေ အခက်တွေ့နေတယ်။

**ဒေါ်ချိုချိုဝင်း**

အရင်ဆုံးအန်တီနာမည်လေးနဲ့မိတ်ဆက်ပေးပါ။

ဟုတ်ကဲ့။ အန်တီနာမည်ကဒေါ်ချိုချိုဝင်းပါ။

ဒီကံစမ်းမဲအစီအစဉ်ကို ဘယ်လိုသိပြီး ထည့်ဖြစ်တာလဲ။

အန်တီကပြပွဲသွားကြည့်ရင်းနဲ့ကံစမ်းမဲရေးပြီးထည့်လိုက်တာပါ။ မမျှော်လင့်ထားပါဘူး။ ဟိုနေ့ကဖုန်းလာတော့ဘယ်ကမှန်းကိုမသိဘူး။ အဲတော့မှဝမ်းသာသွားတယ်။ ဘာစာရွက်စာတမ်းမှမရှိဘူးရလားဆိုတော့ရတယ်လို့ပြောတော့ဝမ်းသာရပါတယ်။

အန်တီအနေနဲ့ကျွန်တော်တို့ Smart Pro Journal ကိုဖတ်ဖြစ်လား။

သိပ်တော့မဖတ်ဖြစ်ပါဘူး။

**ဦးခင်ဝင်း**

Smart Pro Journal မှာမဲပေါက်တဲ့အတွက်ဘယ်လိုခံစားရပါသလဲ။

ကျွန်တော်အမြဲဝယ်ပြီးကြည့်နေတာစုံလင်ပါတယ်။ဖုန်းတွေနဲ့ ကွန်ပျူတာတွေအကြောင်းတွေလေ။ ဗဟုသုတလည်း ရပါတယ်။ တစ်ခုရှိတာကကျန်းမာရေးကဏ္ဍတွေလည်းထည့်ပေးရင်ကောင်းမယ်။ ဘယ်လိုမှတော့မခံစားရပါဘူး။ ဒါပေမယ့်ကံစမ်းမဲကတပ်မတော်ခန်းမမှာလုပ်မယ်ဆိုတော့သမီးနဲ့ သွားပြီးဖောင်ဖြည့်လိုက်တာ Smart ကလည်း အမြဲတမ်းကြည့်နေတာ။ အဲဒီမှာပုံစံတွေဖြည့်ပြီးထည့်ပေးလိုက်တာ။ ဒီကနေဖုန်းဆက်လိုက်တော့သိရတာပါ။ ပေါက်တာကသမီးပေါက်တာ။ နေပြည်တော်မှာသိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနလက်ထောက်ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေပါတယ်။ မဲပေါက်နေတယ်။ ကိုယ်စားအနေနဲ့သွားလိုက်ပါဆိုတော့လာထုတ်တာပါ။

**မကြူကြူလှဲ့ဝင်း**

ညီမလေးအနေနဲ့ ဒီကံစမ်းမဲအစီအစဉ်ကိုဘယ်လိုသိပြီး မဲထည့်ဖြစ်တယ်ဆိုတာလေးပြောပြပေးပါ။

သမီးကဂျာနယ်မှာပါလို့ပါ။

အခုမဲပေါက်လာပြီဆိုတော့ဘယ်လိုခံစားရသလဲ။

အရမ်းပျော်ပါတယ်။ သမီးကတောင်ကြီးသူဆိုတော့ရန်ကုန်လာတာအရမ်းပူတယ်။ ပန်ကာလည်းအဆင့်သင့်မရှိဘူး။ အခုပန်ကာပေါက်တော့ပျော်ပါတယ်။

ညီမတို့တောင်ကြီးမှာ နည်းပညာဂျာနယ်တွေထဲကဘယ်လိုဂျာနယ်ကိုလူကြိုက်အများဆုံးလို့ထင်လဲ။

တောင်ကြီးမှာဆိုရင်တော့ Internet ဂျာနယ်ပေါ့။

Smart Pro Journal ဂျာနယ်မှာပါဝင်ကဏ္ဍတွေမှာညီမအနေနဲ့ဘယ်အပိုင်းတွေကိုသဘောကျလဲ။

Movie Review တွေသဘောကျပါတယ်။

Smart Pro Journal မှာဘယ်ကဏ္ဍတွေကိုထပ်ပြီးဖော်ပြစေချင်လဲ။

ကျန်းမာရေးကဏ္ဍကိုထပ်ထည့်စေချင်ပါတယ်။

Smart Pro Journal နဲ့အခြားစာဖတ်ပရိသတ်တွေကိုဘာပြောချင်လဲ။

အားပေးပါလို့။ ကောင်းပါတယ်လို့။ ကျေးဇူးတင်ပါတယ်။

# တန်ဖိုးနည်း Tablet အချို့ရန်ကုန် ITဈေးကွက်အတွင်း ဝင်ရောက်

အောင်ပြည့်အောင်

ရန်ကုန် IT ဈေးကွက်အတွင်းသို့ KENDO Tab နှင့် Mobile Pad Tablet နှစ်မျိုး ဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြောင်းသိရှိရသည်။ အဆိုပါ Tablet နှစ် မျိုးစလုံးမှာ ဈေးကွက်အတွင်း အလွန် ဈေးနှုန်း သက်သာသည့် Tablet များဖြစ်ကြောင်း သိရှိရသည်။ Tablet ကိုင်ချင်ကြပြီး ဈေးနှုန်းမတတ်နိုင်သော သူများအတွက် KENDO နှင့် Mobile Tablet များမှာ အလွန်သက်သာသော Tablet များဖြစ်သည်။ အဆိုပါ Tablet များနှင့် ပတ်သက်၍ Unique Computer, IT and Electronic Center ရှိ မပပက **"အခုဒီ Tablet လေးတွေကအသစ်ဝင်လာတာပါ ဈေးနှုန်းလည်းချိုတယ်။ ပစ္စည်းလည်းကောင်းတယ်။ Android Version ကလည်း 4.0 ကျော်ကို အသုံးပြုထားပါတယ်။ ငွေကြေးသိပ်မတတ်နိုင်တဲ့ လူတွေအတွက် အလွန်သင့်တော်တဲ့ Tablet ဖြစ်ပါတယ်"** ဟု ပြောကြားခဲ့သည်။ KENDO Tablet သည် OS ကို Android 4.0.3 OS အသုံးပြုထားပြီး ၇ လက်မ ရှိတဲ့ Displayကိုအသုံးပြုနိုင်မှာဖြစ်သည်။ KENDO ၏ CPU မှာလည်း 1GHz ရှိတာကြောင့် Internet အသုံးပြုရာတွင်လည်း အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ကင်မရာအနေနှင့်လည်း အရှေ့ကင်မရာ အဖြစ် 0.3MP အသုံးပြုနိုင်မည်ဖြစ်သည်။ Mobile Pad မှာမူ KEDO ထက်အနည်းငယ် ဈေးကြီးပြီး အရည်အသွေး ပိုမို ကောင်းမွန်တဲ့ Tablet ဖြစ်သည်။ CPU မှာလည်း 1GHz Dual Core ကို အသုံးပြုထားကြောင်း သိရှိရသည်။ ကင်မရာပိုင်းကလည်း 2MP နှင့် အရှေ့ကင်မရာ 0.3MP ပါဝင် ကြောင်း သိရှိရသည်။ အဆိုပါ Tabletများသည် ပြည်တွင်းဈေး ကွက် သို့ ဝင်ရောက်လာပြီး ရောင်းအား ကောင်းလာနိုင်သည့် Tablet များဖြစ်သည်။ KENDO Tablet ၏ ဈေးနှုန်းမှာ ၅၉,၀၀၀ ကျပ်ဝန်းကျင်သာရှိ ကြောင်း သိရှိရသည်။ ဝယ်ယူလိုပါက Unique ဖုန်း 01-398 436 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။




# မြန်မာနိုင်ငံတွင်အလွန်အရေးကြီးသည့် ICT Master Plan ရေးဆွဲရန် လိုအပ်ကြောင်း လွှတ်တော်သို့တင်မည်

အေးချမ်း

မြန်မာနိုင်ငံတွင် အလွန်အရေးကြီးသည့် ICT Master Plan ဟုခေါ်ဆိုသည့် ICT ဖွံ့ဖြိုးတိုးတက်ရန် ရေးဆွဲပေးသည့် Master Plan ရေးဆွဲသွားရမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါ Master Plan ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ MCF ကတာဝန်ရှိသူ တစ်ဦးဖြစ်သည့် ဦးဇော်မင်းဦးက **"ဒီ Master Plan ဆိုတာကြီးကို မဖြစ်မနေ ရေး ဆွဲသွားရမှာပါ။ အဲဒါကို လွှတ်တော်နဲ့အစိုးရကိုတင်မယ်။ လွှတ်တော်နဲ့အစိုးရကလည်း ဒီ Master Plan ထဲကအချက်အလက် တွေကိုအတည်ပြုပြီး တာနဲ့ အဲ့ဒီထဲကအတိုင်းအတည်ဖြစ်ရမယ်ဆိုပြီး သတ်မှတ်ပေးရမယ်"** ဟု ၂၀၁၃ ခုနှစ် ဇွန်လ ၁၆ ရက်တွင်ကျင်းပပြုလုပ်သွားသည့်အင်တာနက်လွတ်လပ်ခွင့်ဖိုရမ်တွင်ပြော ကြားသွားခဲ့သည်။

Master Plan ရေးဆွဲရာတွင် ပွင့်လင်း မြင်သာမှုရှိပြီး ကောင်းမွန် ပြည့်စုံသည့်Plan တစ်ခုဖြစ်စေရန် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။ထို့အပြင် ပွင်လင်းမြင်သာမှုရှိလာသည့် အင်တာနက်ပေါ်တွင် ဖြစ်ပေါ်လာမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ တာဝန်ယူမှုများကို အသေးစိတ် ရှင်းပြသွားမည်ဖြစ်သည်။ ဦးဇော်မင်းဦးကဆက်လက်၍ **"ဒီ Master Plan ကိုလွှတ်တော်က အတည်ပြုပေးရမယ်။ ဒါမှထင်သာ မြင်သာရှိလာတဲ့ Plan တစ်ခုဖြစ်လာမယ်။ ဘယ်နှစ်ခုနှစ်မှာ တယ်လီဖုန်းလိုင်းတွေက ဘယ်လိုဖြစ်မလဲ။ အင်တာနက်တွေက ဘယ်လောက်ပွင့်မလဲအင်တာနက်တွေပွင့်လာတယ်လွတ်လပ်လာတယ်ဆိုရင်အဲ့ဒီအပေါ်မှာ ဘယ်သူတွေကတာဝန်ယူမှုတွေ ပြုလုပ်ပေးမှာလဲ။ ဘာတွေလုပ်ပိုင်ခွင့်တွေပေးမလဲဆိုတာတွေကို အတိအကျဖော်ပြပေးနိုင်တဲ့ Master Plan ကအမှန်တကယ်လိုအပ်ပါတယ်"**ဟုဆက်လက်၍ပြောကြားသွားခဲ့သည်။

ပြည်သူများအနေဖြင့် အင်တာနက် လွတ်လပ်ခွင့်ရလာပါက အုပ်ထိန်းသူများ အနေဖြင့် သူ့ အပိုင်းနှင့်သူ စဉ်းစားချင့်ချိန်နိုင်စေရန် လက်ရှိအချိန်မှ စရှင်းလင်း တိကျသည့် Master Plan ကိုရေးဆွဲသွားရန် လိုအပ်ကြောင်းသိရသည်။ ဦးဇော်မင်းဦး က **" ပြောရမယ်ဆိုရင် ဒီ Plan ဆိုတာက ဘယ်အချိန်မှာ ဘာဖြစ်မလဲဆိုတာကို ရေးထားတာ ဖြစ်တဲ့အတွက် နောက်ဖြစ်လာမယ့်အကျိုးဆက်တွေကို အုပ်ထိန်းသူတွေအနေနဲ့ စဉ်းစားပြီး ကြိုတင်ပြင်ဆင်လို့ရပါတယ်။ ဥပမာ မိဘတွေက စဉ်းစားရတော့မယ်။ ကိုယ့်ရဲ့သားသမီးကိုဘယ်လိုကန့်သတ်မှုတွေလုပ်မလဲ ဘယ်လို တာဝန်ယူမှုတွေ လုပ်မှာလဲဆိုတာ စဉ်းစားဖို့အတွက် ဒီ Master Plan က အလွန်ကို အရေးပါပါတယ်"** ဟု ပြောကြားသွားခဲ့သည်။

အဆိုပါ Master Plan တွင် အစိုးရကပေးနိုင်သည့် Service Plan များနှင့် e-Goverment ဆိုင်ရာလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်နိုင်ရန်ကြိုးစားသွားမည် ဖြစ်ကြောင်းသိရသည်။



Volume-1, Issue 22
July 3 , Wednesday, 2013

# HTC One ပြည်တွင်းတွင် စတင်မိတ်ဆက်ခဲ့



ဓါတ်ပုံ - အေးချမ်း

အောင်ပြည့်အောင်

၂၀၁၃ ခုနှစ် ဇွန်လ ၂၆ ရက် နေ့တွင် ကန်ရိပ်သာလမ်းရှိ Escape Barnd Bistro ၌ HTC One မိတ်ဆက်ပွဲအား ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါပွဲအား HTC ၏ မြန်မာနိုင်ငံတရားဝင် ကိုယ်စားလှယ်များဖြစ်ကြသည့် KMD Computer Group, e-city နှင့် စံမြန်မာတို့မှ ကြီးမှူး၍ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ မိတ်ဆက်ပွဲအားအပိုင်း ၂ ပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ အစီအစဉ် ပထမပိုင်းတွင် အပိုင်း ၆ ပိုင်း ခွဲ၍ ကျင်းပခဲ့ပြီး ဒုတိယပိုင်းကိုတော့ အစီအစဉ် ၁၁ ပိုင်း ခွဲ၍ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါပွဲ၏ အဖွင့်အမှာစကားကို KMD ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါ်သင်းစိုးမှ ပြောကြားခဲ့ကြောင်း သိရှိရသည်။ ထို့နောက် HTC နှင့် KMD ၏ တာဝန်ရှိသူ Mr.Shernan Lai ကနေ၍ HTC One နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းပြခဲ့ကြောင်း သိရှိရသည်။ ထိုကဲ့သို့ Mr.Shernan Lai မှ ရှင်းလင်းပြောကြားရာတွင် **"HTC Ultra pixel Camera ဖြင့်သက်ဝင်လှုပ်ရှားမှု ပုံရိပ်များနှင့် သင်တို့၏ အဖိုးတန်သော အမှတ်တရပုံများကို ဖန်တီးနိုင်နေပါပြီ။ ထို Camera တွင် HTC Zone ပါဝင်သောကြောင့် three-second Snippets နှင့်အတူ သက်ဝင်လှုပ် ရှားမှုရှိပြီး hires ပုံရိပ်တွေကို ကောင်းမွန်စွာ ဖန်တီးပေးနိုင်ပါတယ်"** ဟုပြောကြားခဲ့သည်။

ထို့နောက် အမေးအဖြေကဏ္ဍအားကိုနိုင်စိုးမှ မေးမြန်းခဲ့ပြီး ကံစမ်းမဲ ဖောက်ပေးခဲ့ကြောင်း သိရှိရသည်။ ကံစမ်းမဲများဖောက်ပေးရာတွင် HTC One နှင့် HTC One X+ ဖုန်းများကိုမဲဖောက်ပေးခဲ့ကြောင်း သိရှိရသည်။ ထို့နောက် Interview အစီအစဉ်အားပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မိတ်ဆက်ခဲ့သည့် HTC One မှာRoot ဖောက်စရာမလိုပဲ မြန်မာစာစနစ် အသုံးပြုနိုင်မည်ဖြစ်ပြီး စံမြန်မာစာစနစ်ကိုအသုံးပြုထားခြင်း ဖြစ်သည်။ ထို့အပြင် HTC ၏ Feature အသစ်များဖြစ်သည့် HTC Ultra Pixel Camera, HTC Boom Sond, HTC BlinkFEED များပါဝင်ကြောင်း သိရှိရသည်။ အဆိုပါ HTC One မှာ ဇူလိုင်လအတွင်း စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ဈေးနှုန်းမှာ ၆၃၈,၀၀၀ ကျပ်ဖြစ်ကြောင်း သိရှိရသည်။ ယခုအချိန်တွင် HTC Showroom ဖုန်း ၀၁ - ၃၇၈၄၃၁ ၌ကြိုတင်မှာယူနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

# KENICON Computer မှ Discount အစီအစဉ်များပြုလုပ်လျက်ရှိ



ဓါတ်ပုံ - အင်တာနက်

မောင်မန်း

KENICON Computer Wholesale, Retail & Service မှ Laptop, Mac Book, iPhone စသည့် ပစ္စည်းများအား အထူးလျှော့ဈေးဖြင့်ရောင်းချပေး နေပြီ။ မည်သည့် Laptop ကို မဆို ဝယ်ယူသူများအတွက် လက်ဆောင်ပစ္စည်းများ၊ Special Discount နှင့် ၃၀၀၀ ကျပ်တန် ကူပွန်များ ပေးအပ်နေကြောင်း သိရသည်။

Promotion အနေဖြင့် Panasonic CF-W5, hp 6520, hp 6910P, hp 6930p, Dell 520, Macbook Pro i5, iPhone 3Gs တို့အား လျှော့ဈေးများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ Panasonic CF-W5 အား 169,000 ကျပ်၊ hp6320 အား 199,000ကျပ်၊ hp 6910အား 279,000 ကျပ်၊ hp 6930 အား 299,000 ကျပ်၊ Dell 520 အား 199,000ကျပ်၊ Macbook Pro 15 အား 570,000 ကျပ်၊ iPhone 3Gs အား 162,000 ကျပ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အာမခံ အနေဖြင့် ပစ္စည်းအာမခံ (၆) လပေးထားပြီး၊ Service အာမခံ (၁) နှစ် အထိ ပေးထားသည်။ နယ်မှ ပစ္စည်းမှာယူသူများအတွက် ကားဂိတ်အထိ အခမဲ့ပို့ဆောင်ပေးသွားမည်ဖြစ်သည်။ ဆက်သွယ်ဝယ်ယူလိုပါက အမှတ်(၁၀၇)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း- 01-398 087၊ 09-205 5866 တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

smart JOURNAL PRO + T 2011 Today's Mobile....
reliable knowledge partner for the next generation
တို့၏ပူးပေါင်းတင်ဆက်မှုဖြင့်

အမှတ်စဉ် (၅)
အမည်
မှတ်ပုံတင်အမှတ်
ဖုန်း
နေရပ်လိပ်စာ

Smart Pro Journal ဖတ်ရင်း
ငွေကျပ်သိန်း ၁၅၀၀ ပိုင်ဆိုင်
နိုင်မည့် အခွင့်အရေးကြီး စတင်လိုက်ပါပြီ။

(ဖောင်တွင် လိုအပ်ချက်များဖြည့်စွက်ကာ Today's Mobile ဖုန်းဆိုင်တိုင်းတွင်
နိုင်ငံတော် အစိုးရမှ ရောင်းချသော သိန်း ၁၅၀၀ ကျော်သည့် အမြင့်ဆုံး ဆုများကို
ပိုင်ဆိုင်နိုင်မည့် အောင်ဘာလေ ထီလက်မှတ် ၂ စောင် ကို အခမဲ့ ထုတ်ယူနိုင်ပါပြီ။)

ထီလက်မှတ်များကို ကူပွန်တစ်ခုလျှင် နှစ်စောင်နှုန်းဖြင့် ဇွန်လ (၂၉) ရက်နေ့မှ ဇူလိုင်လ(၅) ရက်နေ့အထိ အောက်ပါလိပ်စာများတွင် ထုတ်ယူနိုင်သည်။

Today's Office :
အမှတ်(၈၆/ဘီ)၊ ဘုရားလမ်း၊ (ရန်ကုန် – အင်းစိန်လမ်းမ)၊ ဘုရားလမ်းမှတ်တိုင်အနီး၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-73216 333, 09 -73211 377

ဆိုင်ခွဲ(၁) ၊ အမှတ် – ၂၅၁(စီ – ၁)၊ ရန်ကုန် – အင်းစိန်လမ်းမ (ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်။ Ph : 09 - 73033966
ဆိုင်ခွဲ(၂) ၊ အခန်းအမှတ်(၂) ၊ တိုက်နံပါတ်(၈၄) B ၊ကျွန်စစ်သားလမ်း ၊ နဝဒေးဥယျာဉ်အိမ်ရာ ၊ လှိုင်သာယာမြို့နယ်။ Ph : 09 - 4217 44111
ဆိုင်ခွဲ(၃)၊ အမှတ်(၁၈) ၊ သမိန်ဗရမ်းလမ်း ၊ ငွေးကြွယ်ရပ်ကွက် ၊ တာမွေမြို့နယ်။ (Orange SuperMarket) ရှေ့။ Ph : 09 - 43204749

Today's Special Mobile အမှတ် – ၂၅၃ (ဘီ)၊ ရန်ကုန် – အင်းစိန်လမ်းမ ၊(၁၆)ရပ်ကွက်၊ ဘုရားလမ်းကားမှတ်တိုင်အနီး၊ လှိုင်မြို့နယ်။ Ph : 09 4217 44000
(မြန်မာပြည်အထက်ပိုင်းမှ ထုတ်လိုသူများ) – စိန်ပန်းအကွက် ၃၃၇ ၊ ဂွမ်းရုံဈေးရပ် ၊ မဟာအောင်မြေမြို့နယ် ၊ (စိန်ပန်းစာတိုက်) ၊ မန္တလေးမြို့ ၊ မသူဇာဦး – ဖုန်း ၀၉ ၂၀၃ ၁၆၀၀

# ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်များ၌ WiFi အခမဲ့ စနစ်ခေတ်စားလာ

အောင်ပြည့်အောင်


ဓါတ်ပုံ-မောင်မန်း

ရန်ကုန်မြို့ရှိလက်ဖက်ရည်ဆိုင်များတွင် WiFi အခမဲ့ အသုံးပြုနိုင်သည့်ဓလေ့မှာစတင်ခေတ်စားလာကြောင်း သိရှိရသည်။ ယခင်ကရန်ကုန်မြို့တွင် Super-market နှင့် အဆင့်မြင့် Coffee Shop များတွင်သာ WiFi အခမဲ့ စနစ်ကို အသုံးပြုခဲ့သည်။ ယခုအချိန်တွင်တည်းခိုခန်းများ၊ လက်ဖက်ရည်ဆိုင်များ၊ Coffee Shop တိုင်းနီးပါး WiFi အခမဲ့အသုံးပြုနိုင်သည့်စနစ်အားတွင်ကျယ်စွာအသုံးပြုလာကြပြီဖြစ်သည်။ ထိုသို့ WiFi အခမဲ့အသုံးပြုနိုင်သည့်စနစ်ထွန်းကားလာခြင်းမှာ လူကြီး၊ လူငယ်၊ လူလတ်ပိုင်းအကုန်လုံးသည်ယနေ့ခေတ်တွင် Smart Phone များအသုံးပြုများလာကြခြင်းကြောင့် WiFi စနစ်နှင့် Internet ကိုလွယ်လင့်တကူအသုံးပြုနိုင်ခြင်းကို စိတ်ဝင်စားသည့်အတွက်ကြောင့်ဖြစ်သည်။

ထိုကဲ့သို့ WiFi အသုံးပြုခြင်းနှင့်ပတ်သက်၍ မဟာရန်ကုန် ၏ တာဝန်ရှိသူတစ်ဦးမှ **"အခုခေတ်မှာလက်ဖက်ရည်ဆိုင်လူစီချင်ရင် ဘောလုံးပွဲပြ၊ သီချင်းဖွင့်၊ ရုပ်ရှင်ပြဆိုတာထက်ပိုပြီးစားသုံးသူတွေကို ဆွဲဆောင်နိုင်တဲ့အချက်ကတော့ Free WiFi ဆိုပြီးဆိုင်းဘုတ်ချိတ်နိုင်ဖို့ပါပဲ။ အဲ့ဒါဆို Internet အလကားအသုံးပြုရတယ်ဆိုပြီး လူကြီးလူငယ်တွေအကုန်လုံးလာကြပါတယ်။ ကြာကြာလည်းထိုင်ကြပါတယ်။ လာသုံးတဲ့သူတွေကလည်းဖုန်းကိုအသုံးပြုပြီးလာသုံးတဲ့လူတွေများပါတယ်။ အခုလိုမိုဘိုင်းဖုန်းတွေခေတ်စားလာတဲ့လမ်းကြောင်းပေါ်မှာ စီးပွားရေး လုပ်ငန်းရှင်တွေလည်းလိုအပ်သလိုမိမိတို့ဆိုင်ရောင်းကောင်းအောင်ပြုလုပ်ကြပါတယ်"** ဟု ပြောကြားခဲ့သည်။

ယခုလို WiFi အခမဲ့အသုံးပြုနိုင်တဲ့နေရာတွေတစ်ဖြည်းဖြည်းများလာတာကြောင့်နိုင်ငံခြားခရီးသွားဧည်သည့်များကိုလည်းပိုမိုဆွဲဆောင်နိုင်ကြောင်းသိရှိရသည်။

ထိုကဲ့သို့ WiFi အခမဲ့အသုံးပြုနိုင်နေတာကြောင့်ရန်ကုန်မြို့၏နေရာတော်တော်များများတွင် WiFi အခမဲ့အသုံးပြုနိုင်နေကြောင်းသိရှိရသည်။

WiFi အခမဲ့ အသုံးပြုသည့်နေရာများပေါ်လာခြင်းနှင့်ပတ်သက်၍ Diploma in IT တက်ရောက်နေသောကျောင်းသားကိုပြည့်ဖြိုးမှ **"အခုလိုအသုံးပြုနိုင်တာတော်တော်ကောင်းပါတယ်။ အရင်ကဆိုဒီလိုသုံးချင်ရင် Tokyo Donuts မှာသာလူတွေသွားရောက်အသုံးပြုလေ့ရှိပါတယ်။ အခုတော့နေရာတော်တော်များများပေါ်လာပါပြီ၊ အရင်လို ဆိုင်တစ်ဆိုင်ထဲတွင်လူတွေအများကြီးအသုံးပြုစရာမလိုတော့ပါဘူး"** ဟု ပြောကြားခဲ့သည်။

ထိုကဲ့သို့ WiFi အခမဲ့စနစ်အသုံးပြုနိုင်သည့်စနစ်များထွန်းကားမှုသည်ရန်ကုန်တွင်သာမဟုတ်ပဲ မန္တလေး၊ ပြည်-ပုဂံ-ညောင်ဦး၊ ပြင်ဦးလွင်၊ တောင်ကြီးမြို့များတွင်လည်းခေတ်စားလာပြီဖြစ်သည်။ အဆိုပါမြို့များတွင်မူစာကြည့်တိုက်၊ လက်ဖက်ရည်ဆိုင် နှင့် အခြားလူသွားလူလာများသောနေရာအချို့တွင်အသုံးပြု၍ရနိုင်ကြောင်းသိရှိရသည်။

# ရန်ကုန် IT ဈေးကွက်အတွင်း ASUS Fone Pad များ ရောင်းအား ကောင်းနေ

မောင်မန်း

ရန်ကုန်ITဈေးကွက်၌ASUS မှအသစ်ထွက်ရှိလာသည့် Fone-Pad သည့်ရောင်းအားကောင်းနေကြောင်းသိရှိရသည်။ အဆိုပါ ASUS Fone Pad မှာရန်ကုန် IT ဈေးကွက်၌လူများအဝယ်များနေပြီး ဈေးနှုန်းမှာ ၂၃၉,၀၀၀ ကျပ်ဝန်းကျင့်ခန့်သာရှိကြောင်းသိရှိရသည်။

ASUS Fone Pad မှာ ၇ လက်မကျယ်သော Display မျက်နှာပြင်ပါရှိပြီး 1.2GHz Single Core Processor ကိုအသုံးပြုထားသည်။ လူအများ စိတ်ဝင်စားစေတာကတော့ Storage ပိုင်းတွင် 8GB ပါဝင်တာကြောင့် လူကြိုက်များနေပြီး Storage ကို 32GB ထိထပ်မံစိုက်၍အသုံးပြုနိုင်ကြောင်းသိရှိရသည်။အဆိုပါ ASUS Fone Pad နှင့်ပတ်သက်၍ Unique IT, Mobile and Electronic Center မှ တာဝန်ရှိသူ မပပ က "အခုလတ်လော ရောင်းအားကောင်းနေတဲ့ Tablet တစ်လုံး၊ ယခုအပတ်ထဲမှာ ဆိုရင် လေး ငါး လုံးလောက် ရောင်းထွက်တယ်။ မိုးတွင်းဆိုတော့ရောင်းအား အနည်းငယ်ကျပေမယ့် ASUS Fone Pad မှာရောင်းအားကောင်းနေပါတယ်။ ခေတ်မှီပြီး Internetကိုတွင်ကျယ်စွာအသုံးပြုလာတာကြောင့် ထင်တယ်။ လူငယ် တော်တော်များများ Tablet ကိုလာဝယ်ကြ တယ်။ ဒါ့အပြင် WiFi သုံးလို့ရတဲ့ နေရာများလာလို့ထင်တယ် Smart Phone နဲ့ Tablet တွေ ရောင်းအားကောင်းနေတယ်" ဟု Smart Pro Journal သို့ပြောကြား ခဲ့သည်။

အဆိုပါ ASUS Fone Pad သည် GSM Network အသုံးပြုနိုင်ခြင်းကြောင့် ဖုန်း ပြောဆိုနိုင်မည်ဖြစ်သည်။ ထို့အပြင် ကင်မရာပိုင်းမှာတော့ 3.0 Megapixels သာပါဝင်တာကြောင့်ကင်မရာအသုံးပြုချင်တဲ့သူများအတွက်အနည်းငယ်အခက်တွေ့စေမည်ဖြစ်သည်။ ထို့အပြင် Android ပိုင်းမှာ 4.1.2 OS (Jelly Bean) အသုံးပြုထားကြောင်း သိရှိရသည်။

ASUS Fone Pad အသုံးပြုသူကိုနေလင်းက "ဒီ ASUS Fone Pad ကိုဝယ်ထားတာတော့နှစ်ပတ်လောက်ရှိပြီ။ Tablet ကော Smart Phone အဖြစ်ပါအသုံးပြုနိုင်တဲ့ဖုန်းတစ်လုံးပါ။ ဒီဇိုင်းပိုင်းလည်းအတော်မိုက်တဲ့ဖုန်းတစ်လုံးဖြစ်ပါတယ်"ဟု Smart Pro Journalသို့ပြောကြားသွားခဲ့သည်။

ASUS Fone Pad ကိုUnique, IT, Mobile and Electronic Center ဖုန်း- 01-398 436 တွင်ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်းသိရှိရသည်။

ဝါရင့်ကျွမ်းကျင် လက်ရွေးစင် အင်ဂျင်နီယာအဖွဲ့သင်သည်။

ELITE
ENGINEERING GROUP

(၁) ရေခဲသေတ္တာ၊ လေအေးပေးစက်စာတွေ့လက်တွေ့အတတ်သင်တန်း
(၂) လက်တွေ့အသုံးချလျှပ်စစ်သင်တန်း။ (ဝါယာရင်း၊ မော်တာ၊ ထရန်စဖော်မာ)
(၃) အဆင့်မြင့် Electrical Motor Control
(၄) Motor Winding Repair သင်တန်း။
(၅) Programmable Logic Controls (P.L.C) သင်တန်း။
(၆) လက်တွေ့အသုံးချအီလက်ထရောနစ်သင်တန်း။ (Basic Electronic, TV, VCD, DVD, EVD)
(၇) Welding (3G, 4G, 5G, 6G) သင်တန်း။
(၈) Pipe-Fitta Course သင်တန်း
(၉) Phone Service (Hardware & Software) ပြုပြင်နည်းသင်တန်း

အားသာချက်များမှာ

၁။ ဘာသာရပ်၂ခုတွဲတက်ပါက Discount ပေးခြင်း။
၂။ စာတွေ့ထက်လက်တွေ့စနစ်တကျသင်ကြားပေးခြင်း။
၃။ Service အဖွဲ့များထားရှိခြင်း။
၄။ တစ်ဦးချင်း(သို့) အုပ်စုလိုက်အချိန်ညှိသင်ကြားပေးခြင်း။
၅။ သင်တန်းပြီးဆုံးသည်နှင့်အလုပ်အကိုင်ရရှိနိုင်ပါသည်။
၆။ လုပ်ငန်းရှင်များအနေနဲ့လည်းမိမိတို့လုပ်ငန်းခွင်အတွင်းလိုအပ်သောကျွမ်းကျင်အင်ဂျင်နီယာများကိုလည်းဆက်သွယ်ခေါ်ယူနိုင်ပါသည်။

နယ်ဘော်ဒါရှိသည်။

**အမှတ်-၁၂၆၊ မြေညီထပ်၊ ၃၉လမ်း(အောက်)၊ မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁- ၂၄၆ ၁၅၀၊ ၀၉- ၅၁၈ ၀၇၉၀။**

လူကြီးမင်းတို့၏ကွန်ပျူတာများ၊ Network Game ဆိုင်များ၊ Internet Cafe များ၊
အခြား Play Station 2 နှင့် Play Station 3 ချိတ်ဆက်မှုများကိုလာရောက်ဆောင်ရွက်ပေးနေပါပြီ။
ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ အဲယားကွန်းအမျိုးမျိုးကိုတပ်ဆင်ပေးခြင်း၊ ဆေးကြောပေးခြင်း၊
ပြုပြင်ခြင်းများကိုဆောင်ရွက်ပေးပါသည်။

A.K Mobile Ko Myo San

ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်။

Used iPhone / iPad / iPod / Samsung / Sony / HTC/ Huawei
Nokia(Only Window 8 Phones)
Used All in one PC / Notebook / Netbook / UtlarBook / Laptop /
Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet Pc (Not China)

အထူးဈေးကောင်းပေးဝယ်လိုသည်။

iPhone5. 4S. 4, 3GS, 3G iPod 5, 4, iPad 4,3,2 Mini Wifi & Wifi 3G & More
Samsung S2, S3, S4, Grand, Note 1, Note 2, Note 8.0 Any Samsung Tablet & More
Sony Xperiz Z, T, TX, Ion, S, SL, Acro S, J, P, U, E, V, Sola & More
HTC Butterfly, One, One X, One X Plus, XL, XE, Desire VC & More
HUAWEI Ascend D2, P1, U9508, U8951D, U8950, U8812D,U8825D, & More
Macbook Pro, Macbook Air, iMac, Any Laptop & More

For Sale PH : 09 4500 39844

အသစ်နီးပါးကောင်းမွန်သော iPad နှင့် Laptopsများရောင်းရန်ရှိသည်။

ASUS A42J Intel Core i7 Ram 4GB H.D.D 500GB Graphics 2GB
Display 14" Price : 490000

Dell Inspilon N5110 Intel Core i5 Ram 4GB H.D.D 500GB Graphics 1GB
Display 15.6'' Price : 420000

Dell Vostro 3350 Intel Core i5 Ram 4GB H.D.D 500GB Finger Print & Keybord
LED Back Light Display 15.6" Price : 380000

99% New iPad Mini 32GB Wifi + 4G White With OriginalAccessaries
(7 Month Warranty) Price : 410000

99% New iPad Mini 16GB Wifi + 4G Black With Original Accessaries
(8 Month Warranty) Price : 360000

For Buy PH : 09 312 88077

**အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

# Samsung Galaxy MEGA နှစ်မျိုး ပြည်တွင်းဈေးကွက်တွင် တရားဝင်ရောင်းချသွားမည်



ဓါတ်ပုံ - အေးချမ်း

အေးချမ်း

Samsung ၏ထုတ်ကုန်သစ်ဖြစ်သည့် Samsung Galaxy MEGA 5.8 နှင့် 6.3 နှစ်မျိုးပြည်တွင်း ဈေးကွက်တွင် တရားဝင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Samsung Galaxy MEGA 5.8 နှင့် 6.3 မြန်မာနိုင်ငံတွင် တရားဝင်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ စာနယ်ဇင်းများ မိတ်ဆက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းပေါ်ရှိ ကုန်သည်ကြီးများဟိုတယ် (Traders Hotel) တွင် နံနက်၁၀နာရီမှ ၁၂ နာရီအထိ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ Samsung HHP Channel Manager ဦးဇော်ကိုကိုထွန်းက **"ဒီကနေ့ပွဲဟာကျွန်တော်တို့ Samsung Mobile ရဲ့မှတ်တိုင်သစ်တစ်ခုစိုက်ထူတဲ့ပွဲဆိုရင် မမှားပါဘူး။ Samsung ဟာဆိုရင် Galaxy Series များနှင့် ကမ္ဘာပေါ်မှာ စတင်ပြီးအောင်မြင်ကျော်ကြားလာပါတယ်။ အခုထုတ်တဲ့ Samsung Galaxy MEGA ကို နှစ်မျိုးထုတ်ထားပါတယ်။ MEGA 5.8 နဲ့ 6.3 ဆိုပြီးနှစ်မျိုး ထုတ်ထားပါတယ်။"** ဟုအဖွင့် အမှာစကားတွင် Samsung Galaxy MEGA အကြောင်းကိုရှင်းလင်းပြောကြားသွားခဲ့သည်။

ဆက်လက်၍ Samsung HHP Retail Manager ဦးဇော်မိုးအောင်က S amsung Galaxy MEGA 5.8 နှင့် 6.3 များအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြား ပေးသွားခဲ့သည်။ ဦးဇော်မိုးအောင် က **"Samsung Galaxy MEGA ကို အဖြူနဲ့ အနက်နှစ်မျိုး ရရှိနိုင်ပြီး Screen ကြီးကြီးကို ဖုန်းအဖြစ်နဲ့ရော Tablet အဖြစ်ပါ အသုံးပြုလိုသူတွေအတွက်ရည်ရွယ်ပြီး ထုတ်လုပ်ထားပါတယ်"** ဟု ပြောသည်။

Samsung Galaxy MEGA Series တွင် Model နှစ်မျိုးရှိပြီး HD LCD ဖြစ်သောကြောင့်ဗီဒီယိုကြည့်ရှုရာတွင် အရည်အသွေးအလွန်ကောင်းမွန်စေပြီး အင်တာနက်ပေါ်မှ သတင်းများဖတ်ရှုရာတွင် စာလုံးများကို ရှင်းလင်းပြတ်သားစွာဖတ်ရှုနိုင်သည့်အပြင် ဓာတ်ပုံများ ကြည့်ရှုရာတွင်လည်း အရောင် အသွေးတောက်ပမှုမှာ အခြား Smart Phone များနှင့်မတူဘဲတစ်မူထူးခြား ကောင်းမွန်ပါသည်။ Galaxy Mega 6.3" Display မှာအခြား Smart Phone Display များထက်ကြီးမားပြီးအရွယ်အစားမှာအလျား ၁၆၇.၆ အနံ ၈၈ အထူ၈.၀ မီလီမီတာရှိပါသည်။ ဖုန်းတစ်ခုလုံး၏ အလေးချိန်မှာ ၁၉၉ ဂရမ်သာ ဖြစ်သည့်အတွက် သယ်ဆောင်ရ လွယ်ကူပြီး လက်တစ်ဖက် တည်းဖြင့် အသုံးပြုနိုင်သော Smart Phone ဖြစ်ပါသည်။ Galaxy MEGA 5.8" ၏ Display မှာ အလျား ၁၆၂.၆ အနံ ၈၂.၄ အထူ ၉.၀ မီလီမီတာဖြစ်ပြီး ဖုန်း၏ အလေးချိန်မှာ ၁၈၂ ဂရမ်သာဖြစ်ပါသည်။ Galaxy Mega ကိုသုံးစွဲခြင်းဖြင့်ရရှိနိုင်မည့်အခြားထူးခြားချက်များမှာ Group Play, Samsung Watch On, Samsung Link, S Translator, Chat on နှင့် S Travel စသည့်ထူးခြားသောစွမ်းဆောင်ချက်များလည်း ပါရှိပါသည်။ အဆိုပါ Samsung Galaxy MEGA ကို ကိုရီးယားနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဧပြီ ၁၁ ရက်မှ စတင်ရောင်းချခဲ့ပြီး မြန်မာနိုင်ငံတွင် ဇွန်လကုန်ပိုင်းမှသာ စတင်ရောင်းချပေးနိုင်ကြောင်း သိရသည်။

# ကိုရီးယားမှ မြန်မာ ICT တိုးတက်ရေးအတွက် IT Center များ ထူထောင်ဆောင်ရွက်နေ

မောင်မန်း

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ၏ အထောက်အပံ့ဖြင့် ကိုရီးယား လေကြောင်းအာကာသတက္ကသိုလ် (Korea Aerospace University, KAU) နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)တို့ပူးပေါင်းပြီး Myanmar Korea IT Center ဖွင့်လှစ်၍မြန်မာနိုင်ငံ၏ ICT ကဏ္ဍ တိုးတက်လာရန် သင်တန်းများပို့ချပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနှင့်ကိုရီးယားအကြား IT နည်းပညာများမြင့် တက်လာစေရန်၊ IT နည်းပညာများအား သင်ကြားပို့ချပေးရန်နှင့် IT Technopeneurship နှင့် Internship Program များကိုအကောင်အထည်ဖော်ပေးရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတွင် Myanmar Korea IT Center များထူထောင်ရခြင်းဖြစ်ကြောင်း Myanmar Korea IT Training Center မှ Project Manager Ms. YUN IOUNG SOUNG မှပြောကြားခဲ့သည်။

**"စာနယ်ဇင်းရှင်းလင်းပွဲလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကိုရီးယား လေကြောင်း ပညာတက္ကသိုလ်ကနေ ၂၀၁၂ ခုနှစ် ၁၂ လပိုင်းက စတင်ခဲ့တဲ့ Project နဲ့ပတ်သက်ပြီးအသိပေးတဲ့ပွဲဖြစ်ပါတယ်။ မြန်မာနိုင်ငံကသူတွေအနေနဲ့ဒီ Project များပါဝင်ပြီး အသုံးချနိုင်ဖို့ ရည်ရွယ်ပါတယ်။ KOICAရဲ့ထောက်ပံ့မှုနဲ့ကိုရီးယားလေကြောင်းပညာတက္ကသိုလ်နဲ့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) တို့ ပူးပေါင်းပြီးဒီ Project ကိုစခဲ့တာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ မြန်မာနဲ့ ကိုရီးယား အကြား အိုင်တီနည်းပညာမြင့်တက်လာဖို့၊ ဒုတိယအချက်အနေနဲ့ အိုင်တီနည်းပညာတွေကို သင်ကြားပေးဖို့နဲ့၊ တတိယအချက်အနေနဲ့ IT Technopreneurship နဲ့ Intership Program ကိုအကောင်အထည်ဖော်ဖို့ဖြစ်ပါတယ်။** " ဟု Mr.SOUNG မှပြောသည်။

Myanmar Korea IT Center များမှ Data Base Course, Android Mobile Application Course, Myanmar e-Goverment Development Workshop တို့အားရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) ရုံးခန်းတွင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး Project Management Course, Microcontroller, Korean Language တို့အားမန္တလေးမြို့ရွှေဖြူပလာဇာတွင် Center ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် Myanmar Korea IT Center များအား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နောက်လာမည့် ငါးနှစ်အထိ တိုးချဲ့သင်ကြားပေးသွားရန်အစီအစဉ်ရှိကြောင်း သိရှိရသည်။

# မြန်မာနိုင်ငံကျန်းမာရေး စောင့်ရှောက်မှုအဆင့်မြှင့်တင်ရေး ရှင်းလင်းပွဲပြုလုပ်မည်

အောင်ပြည့်အောင်

၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့နံနက် ၉ နာရီ အချိန်တွင် Chatrium Hotel ၌ မြန်မာနိုင်ငံကျန်းမာရေး စောင့်ရှောက်မှုအဆင့်မြှင့်တင်ရေး ရှင်းလင်းပွဲကို ကျင်းပပြုလုပ်မည် ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆေး ဝါးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (MP MEA)၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း (MPHA)၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ဈေးကွက်အကြံပေး ကုမ္ပဏီ (MICC) နှင့်ကိုရီးယား သမ္မတနိုင်ငံ KOHEA လုပ်ငန်းစုတို့ပူးပေါင်းကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရှိ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ဆေးရုံနှင့် ဆေးဝါးလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများကိုအထူးဖိတ်ကြားထားပြီးကိုရီးယားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းရှင်များက ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများပေးအပ်မည့်အထောက်အပံ့များကို အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြမည်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များမှ ကျန်းမာရေးနှင့်သက်ဆိုင်သော ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကင်းစကလေးသူငယ်များ ကျန်းမာရေးနှင့် ရောဂါကင်းစင်ရေးတို့ကိုအထောက်အကူပြုမည့် လုပ်ငန်းစီမံချက်များကိုရှင်းလင်းမည်ဖြစ်သည်။ ထို့အပြင် ကျေးလက်ပြည်သူများ၏ကျန်းမားရေးကို ခေတ်မီနည်းပညာများအသုံးပြု၍ အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင်ရွှေ့ပြောင်းစီမံကိန်းအဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသတ်မှတ်ထားသည့်မြို့နယ်မှစတင်၍ အမေရိကန် ဒေါ်လာ ၅ သိန်းတန်ဖိုးရှိအီလက်ထရောနစ်ဒီဂျစ်တယ်ကျန်းမာရေးဆေးစစ်ကိရိယာများ အခမဲ့ ဖြစ်စေပေးမည်ဖြစ်သည်။

ထို့သို့ ဆောင်ရွက်မှုများကိုမြို့နယ်အဆင့်မှ ဒေသအဆင့်၊ ဒေသကြီးအဆင့်များသို့ အဆင့်လိုက် တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်အတွက် ODA ချေးငွေအထောက်အပံ့များပေးအပ်သွားမည်ဖြစ်သည်။ ပြည်ထောင်စုနှင့်တိုင်းဒေသကြီးအစိုးရ အဖွဲ့အဝင်များနှင့်တကွ မြန်မာနိုင်ငံကျန်းမာရေး စောင့်ရှောက်မှု အသင်းအဖွဲ့များ၊ ကိုရီးယားနိုင်ငံ KOHEA လုပ်ငန်းစု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံကျေးလက်ကျန်းမာရေးမှသည် အမျိုးသားကျန်းမာရေးအဆင့် ထိခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်သွင်းရန် စီမံချက်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါဆွေးနွေးပွဲသို့ပြည်သူ့ကျန်းမာရေးစိတ်ဝင်စားသူများအနေနှင့်ဒေါ်သန္တာဝတ်ရည်မင်း (MICC)ဖုန်း- 09-731 042 58 သို့ဆက်သွယ်မေးမြန်းနိုင်သည်။

MCIA
Yangon
ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း
Yangon Region Computer Industry Association
အခန်း (၃)၊ အဆောင် (၁)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊
ဖုန်း - ၀၁ ၂၃၀၅၀၃၄၊ ၀၉ ၄၂၅၀၂၂၉၇၆
Mail - yangonrcia@gmail.com
Website - yangon.mciamyanmar.org

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ICT Industry Survey အား ကောက်ယူရန်စီစဉ်နေပါသည်။ Survey ပြုလုပ်ပေးနိုင်မည့် Company များအနေဖြင့် အသင်းရုံးသို့ ဆက်သွယ်ပေးကြပါရန်။

# Review

## HTC ONE

**Price** : 637,000 ကျပ်ဝန်းကျင်
**Internal** : 32 GB Storage
**Shop** : HTC Showroom
**Contact** : 01-241 084

### Technical Specs

Display
**4.7" Super LCD3, (1920 x 1080) Pixels**

Network
**GSM 850/900/1800/1900 MHz, 4G LTE Network**

Memory
**32/64 GB User Memory + No microSD slot (up to 64GB), 2GB RAM**

Camera/Flash
**Main (4 Megapixels-UltraPixels)**
**Front (2.1 Megapixels)**

Wireless Connectivity
**WiFi a/ac/b/g/n, Bluetooth 4.0, NFC**

Dimension, Weight
**137.4 x 68.2 x 9.3 mm**

Battery
**Li-Po 2300 mAh**

OS/ Upgrade
**Android 4.1.2 (Jelly Bean)**

Performance
**Quad-core 1.7 GHz**

### မနန်းရွှေစင်သိန်း



e-city, PR Department

HTC One ကိုကျတော့ Customer တွေ တော်တော်များများ မေးထားတာတွေရှိတယ်။ Customer Demand တွေကတော့ အခုကတည်းက ရှိနေတာပေါ့နော်။ သူတို့က HTC Butterfly ကိုကျော်ပြီး One ကို ပိုပြီး စိတ်ဝင်စားကြတယ်။

---

### မောင်အောင်ဆန်းဝင်း

HTC One လက်တွေ့စမ်းသပ်ခဲ့သူ

ကျွန်တော်ကတော့ HTC One ရဲ့ ကင်မရာကို ကြိုက်တယ်။ သူက 300% UltraPixels ကို ထုတ်ပေးနိုင်တဲ့ အရည်အသွေးမြင့် ကင်မရာကို ပိုင်ဆိုင်ထားတယ်။ ကျွန်တော်တို့ သတင်းသမားတွေ အတွက်ကတော့သတင်းသွားယူရင်ကင်မရာကို သီးသန့်ဆောင်သွားစရာမလိုတော့ဘူး။ HTC One ကိုင်ထားရုံနဲ့တင် အရာရာ ပြည့်စုံနေပါပြီ။














Computex 2013 မှာ ဒီဇိုင်းကောင်းမွန်မှုနှင့် နည်းပညာပိုင်းဆန်းသစ်မှုအရှိဆုံး Gold Award ဆုကို ဆွတ်ခူးရရှိထားတဲ့ HTC One ကို ဇူလိုင်လလယ်ပိုင်းလောက်မှာ ပြည်တွင်းမိုဘိုင်း ဈေးကွက်အတွင်း ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ HTC One က အောင်မြင်မှုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့တဲ့ စမတ်ဖုန်းတစ်လုံး တစ်ခုအဖြစ် ကမ္ဘာကျော်ခဲ့ပါတယ်။ HTC One ကို ၂၀၁၃ ဖေဖော်ဝါရီလမှာ နိုင်ငံတကာကို စတင်ပြီးမိတ်ဆက်ခဲ့တာပါ။ နိုင်ငံကျော်စမတ်ဖုန်းတစ်လုံးကို နိုင်ငံတကာမှာ မိတ်ဆက်ပြီးငါးလအတွင်း ဝယ်ယူနိုင်တော့မယ်ဆိုခြင်းက မြန်မာနိုင်ငံအတွက်ဂုဏ်ယူဖွယ်ရာဟုဆိုချင်ပါတယ်။ ဒါကလည်းပြည်တွင်းမှာတရားဝင်အရောင်းကိုယ်စားလှယ်များရှိနေခြင်းရဲ့ အကျိုးကျေးဇူးတွေပါပဲ။

မြန်မာပြည်ကိုရောက်ရှိလာမယ့် HTC One က ပြည်တွင်းမှာရောင်းချနေတဲ့ HTC စမတ်ဖုန်းတွေလို မြန်မာဖောင့်ပါ ပါဝင်လာမှာဖြစ်ပါတယ်။ HTC One ရဲ့ အထူးခြားဆုံးကတော့ အလူမီနီယံနဲ့ တည်ဆောက်ထားတဲ့ ပါးလွှာပေ့ါပါးတဲ့ ကိုယ်ထည်ပါပဲ။ နောက်ပြီး ဖုန်းရဲ့အရှေ့ပိုင်းမှာ စပီကာနှစ်ခုကို အပေါ်အောက်တပ်ဆင်ပေးထားခြင်းက အခြားစမတ်ဖုန်းတွေနဲ့ ကွဲပြားခြားနားတဲ့ ဒီဇိုင်းပုံစံအသွင်ပါ။ BlinkFeed လို့ခေါ်တဲ့လုပ်ဆောင်ချက်ကမူရင်း Website Link ကို တကူးတကသွားရောက်စရာမလိုဘဲ သတင်းသစ်တွေကို မျက်နှာပြင်ပေါ်ကနေတစ်ဆင့်အလွယ်တကူ ဖတ်ရှုနိုင်ပါတယ်။ Social Network တွေကို စွဲစွဲလမ်းလမ်းအသုံးပြုတွေအတွက် ကတော့ မျက်စိကျစရာအချက်ပါ။

ကမ္ဘာကျော်တဲ့ HTC One ရဲ့ ကင်မရာက အံ့အားသင့်ဖွယ်ကောင်းလောက်အောင်ကို 4 Megapixels အရည်အသွေးပဲရှိပါတယ်။ ဒါပေမယ့် 4 Megapixels အရည်အသွေးနဲ့ မလိုက်အောင် Ultra Pixels ရှိတာကိုတွေ့ရပါတယ်။ ကင်မရာမှာ ထူးခြားတဲ့အချက်က Zoe ကင်မရာကို On/Off လုပ်နိုင်တဲ့ Function ပါ။ Zoe ကင်မရာဆိုတာက လှုပ်ရှားနေတဲ့ ရုပ်ပုံများကို ၃ စက္ကန့်အတွင်း ပုံပေါင်း ၂၀ ကျော် ရိုက်ယူပေးပြီး သက်ဝင်လှုပ်ရှားတဲ့ ဓာတ်ပုံတွေကိုဖန်တီးနိုင်တဲ့ ကင်မရာ Effect တစ်မျိုးပါ။ ၃ စက္ကန့်စာ Photo Video အဖြစ်ပြောင်းလဲဖော်ပြပေးမှာဖြစ်ပြီး Facebook, Twitter တို့လို လူမှုကွန်ယက်များပေါ်တွင်လည်း အလွယ်တကူ Sharing ပြုလုပ်နိုင်ပါတယ်။ Zoe ကင်မရာကို Off ထားမယ်ဆိုရင်တော့ အခြားမိုဘိုင်းကင်မရာများလို ပုံမှန်ရိုက်ကူးနိုင်ပါတယ်။

ပုံမှန်အတိုင်းရိုက်ကူးဖို့အတွက် ဆိုရင်တော့ f/2.0 Aperture Lens က 300% UltraPixels ကို ပေးစွမ်းနိုင်ပါတယ်။ ပုံမှန် UltraPixels ကင်မရာက အခြားစမတ်ဖုန်းတွေထက် ပိုမိုကြည်လင်တဲ့မြင်ကွင်းတွေကို မှတ်တမ်းတင်နိုင်တယ်လို့ ဆိုပါတယ်။ ကင်မရာမှာ Megapixels အရည်သွေးမြင့်မားတိုင်း ပုံထွက်မမြင့်မားနိုင်၊ အရည်သွေးနည်းတိုင်း ပုံထွက်မညံ့နိုင်ဘူးဆိုတာကို HTC ရဲ့ 4 Megapixels ကင်မရာက သက်သေ ပြလိုက်တာပါပဲ။

HTC One မှာ လေ့လာစရာကောင်းတဲ့အချက်က BoomSoundအသံစနစ်ပါပဲ။ HTC One မှာ Amplifier နှစ်လုံးနဲ့ အရှေ့ပိုင်းစတူရီယိုစပီကာနှစ်လုံးက အသံထွက်ကြည်လင်ပြတ်သားပြီး Beats စည်းချက်ပြင်းပြင်းနဲ့ တေးဂီတများကိုနားဆင်နိုင်ပါတယ်။ Sense Voice လုပ်ဆောင်ချက်ကလည်း ဖုန်းပြောဆိုနေတဲ့အချိန်မှာ ပတ်ဝန်းကျင်က ဆူညံသံတွေကိုအာရုံခံဖြတ်တောက်ပေးပြီး ဝင်လာတဲ့ဖုန်းသံကိုကြည်လင်ပြတ်သားစွာကြားစေနိုင်ပါတယ်။ ဒါကတော့ HTC One ရဲ့ အားကျဖွယ်ရာအသံစနစ်ပါ။HTC One က ဖုန်းပြောဆိုနိုင်ရုံ၊ ဓာတ်ပုံရိုက်ကူးနိုင်ရုံတင်မကပါဘူး TV Remote အဖြစ်လည်း အသုံးချနိုင်ပါသေးတယ်။ နောက်ပြီး ကိုယ်ကြည့်ချင်တဲ့ အစီအစဉ်တွေကိုလည်း မှတ်သားနိုင်ပါသေးတယ်။

HTC One ကို မြန်မာနိုင်ငံမှာ ဝယ်ယူမယ်ဆိုရင်တော့ အာမခံ ၁၈လ (တစ်နှစ်ခွဲ) ရရှိမှာဖြစ်ပါတယ်။ ရွေးချယ်စရာအဖြစ် အနက်ရောင်နဲ့ ငွေရောင်နှစ်မျိုးရှိပါတယ်။ HTC One ကို ဝယ်ယူအသုံးပြုနိုင်ဖို့အတွက် ဇူလိုင်လလယ်ပိုင်းလောက်အထိ စောင့်မျှော်ကြည့်လိုက်ရအောင်နော်.။

Volume-1, Issue 22
July 3 , Wednesday, 2013

REVIEW
INTERNATIONAL PHONE

# HUAWEI Ascend P6

တရုတ်နိုင်ငံထုတ် Huawei ကုမ္ပဏီက ကမ္ဘာ့အပါးလွှာဆုံးဖုန်းဆိုပြီး ဈေးကွက် ထဲကို ထည့်ပေးလိုက်တဲ့ ဖုန်းကတော့ Huawei Ascend P6 ပါ။ အကောင်းဆုံး စမတ်ဖုန်းတွေကို တစ်လုံးပြီးတစ်လုံးထုတ်လုပ်လျက်ရှိတဲ့ Huawei ဟာ Ascend Mate ကို ထုတ်လုပ်ပြီး မကြာသေးခင်မှာ Ascend P6 ကိုထုတ်လုပ်ခဲ့တာပါ။ P Series ကိုအကောင်းဆုံးခြယ်သပေးနေတဲ့ Huawei ကတော့ Ascend P6 မှာ လည်း သူရဲ့ ထုတ်လုပ်မှုစွမ်းရည်ကိုလျော့ချ မထားပါဘူး။ ပြိုင်ဖက်ကုမ္ပဏီတွေနဲ့ ယှဉ်ရင်လည်း မနိမ့် ကျအောင် Ascend P6 ကိုလည်း အပါးလွှာဆုံး ဖုန်းဟု ကြွေးကြော်ကာ ဈေးကွက်ထဲ အသုံးတော်ခံစေခဲ့ပါတယ်။ ရှည်မျောမျော ကိုယ်ထည်နဲ့ ပါးလွှာတဲ့ ဖုန်းရဲ့ ထူးခြားချက်ကြောင့် အိပ်ထောင့်ထဲ ဘယ်နေရာမှာ ထည့်ထည့် စမတ်ကျကျ ၊ အဖုအထစ် မရှိ သယ်ဆောင်သွားနိုင်ပါတယ်။ ထုတ်ပြီးသမျှ Huawei ရဲ့ စမတ်ဖုန်းတွေထဲမှာတော့ Ascend P6 ရဲ့ ရောင်းအားကို အလွန်ပဲ မျှော်လင့်မိတယ်လို့ Huawei က တာဝန်ရှိသူ တစ်ဦးကဆိုထားပါတယ်။ ဒီလို မိုဘိုင်းလ် လောက ကို အပါးလွှာဆုံး ဖုန်းတစ်လုံးအဖြစ်စိန်ခေါ်နိုင်ဖို့ Huawei ကဘယ်လိုပြင်ဆင်ထားတယ်ဆိုတာ Ascend P6 ရဲ့ အသေးစိတ်ဖော်ပြချက်ကိုကြည့် ပြီးလေ့လာ ရအောင်........



## Processor အမြန်နှုန်းနှင့် RAM ထောက်ပံ့မှု

အမြန်ဆုံးဆိုတဲ့ Processor တွေကိုအသုံးပြုပေးထားတဲ့ Samsung Galxy S III နဲ့ Sony Xperia Z တို့ မှာ ပါဝင်တဲ့ Processor ကဲ့သို့ Core အရေအတွက်တူပြီး အမြန်နှုန်းသာကွာခြားတဲ့ Quad Core 1.5 GHz Processor ကိုအသုံးပြုပေးထားပါတယ်။ RAM ပမာဏကိုလည်း အခြားဖုန်းတွေထက်မနိမ့်ကျအောင် 2GB ပမာဏအထိအသုံးပြုပေးထားပါတယ်။ Processor အမြန်နှုန်း ကောင်းမွန်မှု နဲ့ RAM ထောက်ပံ့မှု ပမာဏ အားကောင်းတာကြောင့် တပြိုင်နက်တည်း ဖုန်းထဲက App ပေါင်း များစွာကို အသုံးပြုနိုင်ပါတယ်။

## မျက်နှာပြင် ဒီဇိုင်း

Ascend P6 ရဲ့ ဒီဇိုင်းကတော့ လေးထောင့်ဆန်ပါတယ်။ အလျား ၅.၂ လက်မ ၊ အနံ ၂.၉ လက်မ နဲ့ အထူ ၀.၂ လက်မရှိပါ တယ်။ မျက်နှာပြင် အကျယ်အဝန်းကတော့ ၄.၇ လက်မ ရှိပြီး 720x1280 pixel Resolution နဲ့ ထောက်ပံ့ပေးထားတဲ့အပြင် မျက်နှာပြင်သိပ်သည်းဆ 321 ppi ရှိတဲ့ စမတ်ဖုန်းတစ်လုံးဖြစ်ပါတယ်။။ ဖုန်းရဲ့ အထူဟာ အံ့မခန်းလောက်အောင် ပါးလွှာ နေပြီး Ascend P6 ထက်ပိုပါးတဲ့ဖုန်းဆိုလို့ UMEOX ကထုတ်တဲ့ X5 ဖုန်းတစ် လုံး ပဲကျန်ပါတော့တယ်။ Ascend P6 ရဲ့အလေးချိန် ဟာ ၁၂၀ ဂရမ်သာရှိပါတယ်။ ဖုန်းရဲ့ စပီကာကို ကျောဖက်မှာတပ်ဆင်ပေးထားပြီး Sim Card ထည့်ဖို့ အပေါက်တွေကို ဖုန်းရဲ့ အပြင်ဖက်မှာ Sim Tray ပြုလုပ်ပေးထား ပြီး Sim Tray ကို ဖွင့်ဖို့ Pin တွေလည်းပါရှိပါတယ်။ USB Port ကို ဖုန်းရဲ့ ပေါ်ပိုင်းမှာတပ်ဆင်ပေးထားပြီး ယာသန်တွေအတွက်အဆင်ပြေစေမယ့် အချက်တစ်ချက် ကတော့ Power ခလုတ်ကို ယာဘက်မှာ တပ်ဆင်ပေးထားပါတယ်။

## ကင်မရာနှင့် အသံစနစ်

အရှေ့ကင်မရာ ကို တခြားစမတ်ဖုန်းတွေထက်ထူးခြားအောင် 720p အဆင့်ရှိ Video တွေကို ရိုက်ကူးနိုင်တဲ့ 5 MP ကင်မရာကို အသုံးပြုပေးထားပြီး အနောက်ကင်မရာကို တော့ 3264x2448 pixel ထောက်ပံ့ပေးတဲ့ 8MP ကင်မရာအပြင် LED Falsh မီးလုံး လည်းပါဝင်ပါတယ်။ အနောက်ဖက်မှာပါဝင် တဲ့ 8MP ကင်မရာဟာ 1080p အဆင့်ရှိ HD Video တွေကိုရိုက်ကူးနိုင်ပါတယ်။ အသံစနစ် အတွက်ကတော့ ဖုန်းပြောဖို့ စပီကာအသေးတစ်လုံးနဲ့ သီချင်းနားထောင်ဖို့ လော်စပီကာတစ်လုံး ပါဝင်ပါတယ်။ နားကြပ်တပ်ဆင်ဖို့ 3.5 mm ရှိတဲ့ အပေါက်တစ်ပေါက် ပါဝင်ပြီး အဆင့်မြင့် Dolby Digital Plus အသံစနစ် ကိုထောက်ပံ့ ပေးထားပါတယ်။

## ဘက်ထရီနှင့် OS

ဘက်ထရီပမာဏကတော့ 2000 mAh ပါဝင်ပြီး li-Polymer အမျိုးအစားဘက်ထရီ ကိုအသုံးပြုပေး ထားပါတယ်။ Operating System ကတော့ Google ရဲ့ နောက်ဆုံးထုတ် 4.2.2 (jelly beans) အသုံးပြုပေး ထားပြီးHuawei ရဲ့ Emotion UI 1.6 အသွင် အပြင်အသစ်ကို အသုံးပြုပေးထားပါတယ်။ Emotion UI ရဲ့ ထူးခြားချက်ဖြစ်တဲ့ Home Screen နဲ့ App Screen သက်သက် ခွဲမထားတာကြောင့် ဘက်ထရီပိုအသုံးခံနိုင်မယ့် အပြင် Operation System မြင့်တာကြောင့် ဘယ် App ကိုမဆို အသုံးပြုနိုင်ပါတယ်။

## ကွန်ယက်ချိတ်ဆက်မှုနှင့် အခြားပါဝင်မှုများ

ထူးခြားတာတစ်ခုကတော့ Huawei  Ascend P6 ဟာ 4G ကွန်ယက်ချိတ်ဆက်နိုင်တဲ့ ဖုန်းတစ်လုံးမဟုတ်ပါဘူး။ 3G ဖုန်းတစ်လုံးသာဖြစ်ပါတယ်။ ဒါ့ကြောင့် 2G နဲ့ 3G ကွန်ယက်တွေကိုတော့ချိတ်ဆက်နိုင် ပါတယ်။ SIM Card ထည့်ဖို့ အတွက် အပေါက်နှစ်ပေါက်ပါဝင်ပြီး Dual Sim ဖုန်းတစ်လုံးဖြစ်ပါတယ်။ အခြားပါဝင်မှုတွေအနေနဲ့ ကတော့ Wifi ၊ Bluetooth နဲ့ NFC စတဲ့ ကွန်ယက်ချိတ်ဆက်မှုတွေလည်း ပါဝင်ပါသေးတယ်။ သိုလှောင်နှုန်း အနေနဲ့လည်း နဂိုပါဝင်မှု 8 GB ပါဝင်ပါတယ်။

## ဈေးနှုန်းနှင့် သုံးသပ်ချက်

ဈေးနှုန်းနေနဲ့ ကတော့ Huawei က ဩဂုတ်လမှာ ဒေါ်လာ ၆၀၀ နဲ့ စရောင်းမယ်လို့ သိရပါတယ်။ P6 ရဲ့ ဒီဇိုင်းနဲ့ ပုံစံကတော့ ကိုင်ချင်စရာဖုန်းတစ်လုံးပါ။ ပြည်တွင်း မှာလည်း4G ကွန်ယက် ဖြစ်မလာခင်အထိတော့ ကိုင်သင့်တဲ့ ဖုန်းတစ်လုံးပါ။ ဖုန်းအကြီးကြီးတွေမကြိုက်ပဲ ပေ့ါပေ့ါ ပါးပါးနဲ့ သယ်သွားရလွယ်တဲ့ ဖုန်းတစ်လုံးကိုကိုင် ချင်ရင်တော့ Huawei Ascend P6 ဟာ ရွေးချယ်သင့်ဆုံး ဖုန်းတစ်လုံးဖြစ်ပါတယ်။



# Smart Phone Comparison









| | Samsung Galaxy S III (i9300) | Sony Xperia Z (C6603) | HTC One | LG Optimus G (E975) |
|---|---|---|---|---|
| Network | 2G,3G And 4G LTE | 2G,3G and 4G LTE | 2G,3G and 4G LTE | 2G,3G and 4G LTE |
| OS | Android 4.1.2 (Jelly Beans) | Android 4.1.2 (Jelly Beans) | Android 4.2.2 (Jelly Beans) | Android 4.1.2 (Jelly Beans) |
| Display | 4.8 inches Super AMO LED , HD support | 5 inches TFT Screen , HD support | 4.7 inches Super LCD3 Screen , HD support | 4.7 inches True HD-IPS LCD Screen, HD support |
| Battery | 2100 mAh | 2330 mAh | 2300 mAh | 2100 mAh |
| Processor | 1.4 GHz Quad Core Processor | 1.5 GHz Quad Core Processor | 1.7 GHz Quad Core Processor | 1.5 GHz Quad Core Processor |
| RAM | 1 GB RAM | 2 GB RAM | 2 GB RAM | 2 GB RAM |
| Camera | 8 MP (Back) , 1.9 MP (Front) | 13.1 MP (Back) , 2.2 MP (Front) | 4 MP (Back) with Ultra Pixel Tech , 2.1 MP (Front) | 13 MP/8 MP (Back) , 1.9 MP (Front) |
| Storage | 16 GB/32 GB/64 GB | 16 GB | 32 GB/64 GB | 32 GB |
| Editor's Rating | ★★ | ★★★★★ | ★★★★ | ★★★ |

# Singtech ၏ Lucky Summer အစီအစဉ် နောက်ဆုံးအကြိမ် မဲနှိုက်ရွေးချယ်




ဓါတ်ပုံ-အေးချမ်း

အေးချမ်း

စက်ာပူ အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Singtechအမှတ်တံဆိပ်ကပြုလုပ်သည့် Lucky Summer Program အစီအစဉ် ၏ နောက်ဆုံးအကြိမ်ကံထူးရှင်ရွေးချယ်ပွဲကို ၂၀၁၃ခုနှစ်ဇွန်လ ၂၁ရက်သောကြာနေ့ညနေ၆နာရီတွင်ကျင်းပပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

အဆိုပါ Lucky Summer Program က "ကံထူးရှင်ရွေးချယ်ပွဲကို သခင်မြပန်းခြံရှိ Weastern Park Ruby တွင်ကံထူးရှင်များကို မီဒီယာများရှေ့တွင် ရွေးချယ်ပေးသွားကြောင်းသိရသည်။ "Lucky Summer Program" ကံထူးရှင်ရွေးချယ်ပွဲတွင် Singtech အမှတ်တံဆိပ်များကိုမြန်မာပြည်ကိုယ်စားလှယ်အဖြစ်ဖြန့်ဖြူးရောင်းချသည့် Cyber Power ကုမ္ပဏီမှ National Sale Manager ဦးချစ်မျိုးဦးက "ကျွန်တော်တို့မြန်မာနိုင်ငံဈေးကွက်တွင်ဖြန့်ချိနေသော Singtech IT Product များကိုဝယ်ယူအားပေးလျက်ရှိကြသူများနှင့်တစ်ဆင့် ပြန်လည်ရောင်းချ ပေးသော Singtech မှ ကိုယ်စားလှယ်ဆိုင်ကြီးများကိုကျေးဇူးတုံ့ပြန်သောအားဖြင့်အရောင်းမြှင့်တင်ရေးအထူးအစီအစဉ်ကို "Lucky Summer Program" ဟုအမည်ပေးထားပြီး ၁၀.၃.၂၀၁၃မှ ၃၁.၅.၂၀၁၃ထိကျင်းပပြုလုပ်ခဲ့ပါတယ်" ဟု အရောင်း မြှင့်တင်ရေး အစီအစဉ်လို့ ပြောကြားသွားသည်။

Lucky Summer Program အရရောင်းအားအကောင်းဆုံးကိုယ်စားလှယ်ဆိုင်ကြီး(၃)ဆိုင်ကိုရွေးချယ်ပေးသွားမည်ဖြစ်သည်။ ရောင်းအားအကောင်းဆုံးကိုယ်စားလှယ်ဆိုင်ပထမဆုကို Innwa Computer Center ကရရှိသွားပြီး ဘန်ကောက်ပတ်တရားခရီးစဉ်(၃ညအိပ်၄ရက်ခရီး)လက်မှတ်နှင့်အတူအမေရိကန်ဒေါ်လာနှစ်ထောင်ဂုဏ်ပြုဆုတံဆိပ်ကိုရရှိသွားသည်။ ရောင်းအားအကောင်းဆုံး ဒုတိယဆု အဖြစ် Citicom နှင့် King Empire Computer Center တို့က ဆွတ်ခူးရရှိသွားသည်။ ဒုတိယဆုအဖြစ်ဘန်ကောက်ပတ်တရားခရီးစဉ်(၃ညအိပ်၄ရက်ခရီး) လတ်မှတ်နှင့်အတူအမေရိကန်ဒေါ်လာတစ်ထောင်ဂုဏ်ပြုဆုတံဆိပ်များရရှိသွားကြောင်း သိရသည်။

အဆိုပါရောင်းအားအကောင်းဆုံးကိုယ်စားလှယ်ဆိုင်ကြီး(၃)ဆိုင်ကို Singtech Private Co.,Ltd ၏ Mr. Andy ကဆုချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။ အဆိုပါ Singtech ၏ကံစမ်းမဲအစီအစဉ်တွင်ပထမဆုအဖြစ်ထိုင်းနိုင်ငံခရီးစဉ်ဖြစ်ပြီးဇွန်လတွင်လိုက်လံပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ထိုင်းနိုင်ငံခရီးစဉ်သည်ပတ္တရားကမ်းခြေ၊ နန်ကောက်(၃ညအိပ်၄ရက်ခရီးစဉ်) အသွား/အပြန် ယာဉ်လတ်မှတ် အပါအဝင်နေစရိတ်၊ စားစရိတ် နှင့် လည်ပတ်စရိတ်များကို Singtech မှပေးအပ်သွားမည်ဖြစ်သည်။ Singtech အမှတ်တံဆိပ် IT ပစ္စည်းများဝယ်ယူအားပေးသူများအတွက် Singtech မှ ပြုလုပ်ပေးသည့်ကံစမ်းမဲအစီအစဉ်မှာဘန်ကောက်ခရီးစဉ်(၈)ဆု၊ Singtech LED 32" TV (၁၀)ဆု၊ Singtech LED 26" TV (၂၀)ဆု၊ Singtech A22 Phone (၃၀)ဆု၊ Singtech T500 Phone (၅၀)ဆုနှင့် Singtech C21 Phone (၁၀၀) ဆုများကို မဲနှိုက်ပေးသွားကြောင်းသိရသည်။

Singtech ကံစမ်းမဲ နှိုက်ခြင်းအစီအစဉ်တွင် Mr.Andy အပါအဝင် သက်ဆိုင်ရာလူကြီးများနှင့်စာနယ်ဇင်းမှဆရာ၊ ဆရာမများကမဲနှိုက်ရွေးချယ်ပေးခဲ့ကြောင်းသိရသည်။

ကံစမ်းမဲပေါက်သူများသည်ဆုမဲထုတ်ယူရာတွင်လက်ခံကူပွန်၊ မှတ်ပုံတင်မူရင်း(သို့)ထောက်ခံချက်ပြသနိုင်မှသာဆုမဲခံစားခွင့်ရရှိမည်ဖြစ်ပြီးပျောက်ဆုံး၊ ပျက်စီးကူပွန်များကိုထည့်သွင်းစဉ်းစားပေးမည်မဟုတ်ကြောင်း သိရသည်။ အဆိုပါ ကံစမ်းမဲအစီအစဉ်ကို ၁၀.၃.၂၀၁၃ မှ ၃၁.၅.၂၀၁၃ အထိကျင်းပပြုလုပ်သွားမည်ဖြစ်ပြီးလစဉ်ကံစမ်းမဲနှိုက်ပေးသွားမည်ဖြစ်ပြီးထိုင်းနိုင်ငံခရီးစဉ်မဲပေါက်သူများကို ဇွန်လတွင် လိုက်လံပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

# ASUS Nexus 7 (3G) ကံထူးရှင်အား Golden Power Technology မှ ရွေးချယ်ခဲ့

အောင်ပြည့်အောင်

Golden Power Technology Myanmar မှငင်းတို့၏ Facebook Page ကို Like ပြုလုပ်သူများထဲမှ ASUS Nexus 7 (3G) ကံထူးရှင်အားရွေးချယ်ခဲ့ကြောင်းသိရှိရသည်။ ထိုကံထူးရှင်အား ရွေးချယ်ရာတွင် Golden Power Technology Myanmar ၏ Face - book Page ကို Like လုပ်ထားသူတွေထဲမှ၅ဦးအားဇကာတင်ရွေးချယ်ပြီးထိုအထဲကမှတစ်ဦးကိုရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ဇကာတင်(၅)ဦးထဲမှတစ်ဦးအား၂၀၁၃ခုနှစ်ဇွန်လပိုင်း ၂၂ရက်နေ့တွင် Nexus 7 ကံထူးရှင်ကိုရွေးချယ်ခဲ့ကြောင်းသိရှိရသည်။ ကံထူးသွားခဲ့သူမှာ ကိုထွန်းထွန်းဝင်းဖြစ်ကြောင်းသိရှိရသည်။ Nexus 7 ကံထူးရှင် မရရှိခဲ့သည့် လေးယောက်အား Silicon Power USB Flash Drive 8GB ကို ရရှိမည်ဖြစ်သည်။

ထို့ သို့ ရွေး ချ ယ် ရာ တွ င် Golden Power Technology ၏တာဝန်ရှိသူကိုကျော်ထွဋ်က "အခုလို Golden Power Technology Myanmar Facebook Page ကို Like လုပ်တဲ့လူတွေအားလုံးထဲကရွေးချယ်သွားတာပါရွေးချယ်ထားတဲ့လူတွေထဲက Deactivate လုပ်ထားသူတွေ၊ နာမည်ပြောင်းသွားတဲ့ သူတွေ၊ အကောင့်ပျက်သွားတဲ့သူများနှင့် အကြောင်းတစ်စုံတစ်ရာကြောင့်ဆက်သွယ်၍မရခဲ့လျှင်ပယ်မဲဖြစ်သွားမည် ဖြစ်သည်" ဟုပြောကြားခဲ့သည်။

Nexus 7 ကံထူးသူနှင့် Silicon Power USB Flash Drive 8GB ရရှိသူ အနေနှင့်ဆုမဲများကို ၂၀၁၃ခုနှစ်ဇွန်လပိုင်း၂၉ရက်နေ့နောက်ဆုံးထား၍လာရောက်ထုတ်လုပ်ရမည်ဖြစ်ကြောင်းသိရှိရသည်။

# Bagan Innovation မှ Android နှင့် iOS App Development သင်တန်းများ ဖွင့်လှစ်

အောင်ပြည့်အောင်

၂၀၁၃ခုနှစ်ဇူလိုင်လတွင် Bagan Innvation မှ Android နှင့် iOS Application Development သင်တန်းသစ်များကိုဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းသစ်များကို Bagan Innovation မှ Developer များကိုယ်တိုင်သင်ကြားပေးသွားမည်ဖြစ်သည်။ ထို့အပြင် လက်တွေ့ပြုလုပ်နေသော Project များကိုလေ့လာရင်းသင်ကြားနိုင်မည်ဖြစ်သည်။

Android Fundamental သင်တန်းသစ်ကိုဇူလိုင်လ၆ရက်နေ့တွင်သင်တန်းစတင်ဖွင့်လှစ်မည်ဖြစ်သည်။ ထိုသင်တန်းအားတစ်ပတ်လျှင်စနေ၊ တနင်္ဂနွေနှစ်ရက်တက်ရောက်နိုင်ပြီးနံနက် ၁၀နာရီမှနေ့လယ်၁၂နာရီအထိတက်ရောက်ရမည်ဖြစ်သည်။ ထို Android သင်တန်းတွင် Android Application တစ်ခုကိုကိုယ်တိုင်ရေးနိုင်သည်အထိသင်ကြားပေးမည်ဖြစ်သည်။ သို့ပေမယ့် သင်တန်းတက်ရောက်သူများသည် Programming အခြေခံ သိထားရန်လိုအပ်သည်။

iOS Mobile Application Development သင်တန်းသစ်ကိုဇွန်လထဲတွင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေနှစ်ရက်တက်ရောက်ရမည်ဖြစ်သည်။ သင်တန်းအချိန်များမှာနေ့လယ်၃နာရီမှညနေ၅နာရီအထိဖြစ်သည်။ iOS Application တစ်ခုအားကိုယ်တိုင်ရေးနိုင်သည်အထိသင်ကြားပေးမည်ဖြစ်သည်။ လက်တွေ့အသုံးချနိုင်သည့် Project Sample များဖြင့်သင်ကြားပေးသွားမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက 01-309 121၊ 09-501 4607 သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

Mobile Zone
Laptop, Mobile Phone & Accessories
(Buy, Sale & Changes Center)

- Handset သန့်လျှင် အထူးဈေးကောင်းပေးဝယ်သည်။
- Apple & Android Handset များကို လဲလှယ်ပေးသည်။
- Quality ပြည့်ဝသော Handset များ ဈေးနှုန်းချိုစွာ ရောင်းချပေးနေပါသည်။

To Contact
(For Buy) – 09 - 425 372 958, 09 - 448 002 007
(For Sale) – 09 - 448 003 125

ideal education centre
Hot Line : 01 524141,09 421098633

ကွန်ပျူတာအခြေခံရှိပြီးသူများ မည်သူမဆိုတက်ရောက်နိုင်ပါသည်၊ အခြေခံကျသော လက်တွေ့သင်ကြားမှုများနှင့် လုပ်ငန်းခွင်ဝင်နိုင်သည်အထိ စနစ်တကျ သင်ကြားပေးသော သင်တန်းများဖြစ်ပါသည်၊

10% Discount

Professional Digital Graphic Design
- Adobe Illustrator CS6 (Graphic Drawing Program)
- Adobe Photoshop CS6 (Graphic Image Editing Program)
- Adobe InDesign CS6 (Layout & Design Program)
- Scanner Handling with a Color Management

JULY Mon-Wed-Fri
JULY Mon-Wed
JULY Sat-Sun

AutoCAD
- Basic Mathematics & Geometry
- 2 Dimensional Drawing
- Isometric Drawing
- User Coordinate System (UCS)
- 3 Dimensional Drawing
- User Coordinate System
- Material, Lighting and Camera
- Rendering

JULY Sat-Sun
JULY Mon-Wed-Fri

MYOB ( Computerized Accounting )
- Company Data Files
- Chart of Accounts
- Banking & Cheque Books
- General Ledger
- Financial Report
- Account Receivable
- Account Payable
- Inventory Control

JULY Sat-Sun
JULY Tue-Thur

တိုက် ( J ) ၊ အနော်ရထာအိမ်ရာ ၊ ပြည်လမ်း(လှည်းတန်း) ၊ ကမာရွတ် ။ Tel : 01 524141 , 09 421098633

# Myanmar WWW Institute (M3WI) မှ Java နည်းပညာ သင်တန်း ဖွင့်လှစ်မည်

မောင်မန်း

Myanmar WWW Institute (M3WI)သင်တန်းကျောင်းမှ Java နည်းပညာအထူးပြုတန်းခွဲသစ် (Certified Java Programmer-J2SE) အား ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ Course သည် Computer Programming Language အား စတင် လေ့လာလိုသူများနှင့် C၊ C++လေ့လာသိရှိပြီးသူများအနေဖြင့် Java Programming အား စိတ်ပါ ဝင်စားပါက တက်ရောက်သင့်သည့် သင်တန်းဖြစ်သည်။

သင်တန်းတွင် OOP သဘောတရားများအား အသေးစိတ် သင်ကြားပေးမည်ဖြစ်ပြီး Java ၏ Advanced Features များဖြစ်သည့် Collection Framework တွင်ပါဝင်သော Classes နှင့် Interfaces များ၊ Multithreading Program များသင်ကြားခြင်း၊ HTML Page များတွင် Java Applet class ထည့်သွင်း အသုံးပြုပုံအား သင်ကြားပေးခြင်း၊ Network Program များရေးသားခြင်း၊ User Interface ပါဝင်သည့် GUI Application Program များ အား Database နှင့် ချိတ်ဆက်၍ ရေးသားခြင်း စသည်ဖြင့် Java ၏ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများအား ကျွမ်းကျင် တတ်မြောက်သည် အထိစနစ်တကျသင်ကြားပေးမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်နေစဉ် အတွင်း Module တစ်ခုပြီးတိုင်း Quizz များ ဖြေဆိုရမည်ဖြစ်ပြီး Assignment များအား ကိုယ်တိုင် ရေးသားစေခြင်း၊ Exam များဖြေဆိုစေခြင်းတို့အပြင် သင်တန်းကာလ အားလုံး ပြီးဆုံးပါက Database နှင့် ချိတ်ဆက်၍ Class Project တစ်ခု အား တစ်ယောက်စီ ရေးသား ရမည်ဖြစ်သည်။ သင်တန်း ကာလမှာ (၅) လခန့် ကြာမြင့်မည် ဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့ များတွင် (နံနက် ၉း၁၅ မှ ၁၂း၁၅)ထိ တက်ရောက်ရမည်ဖြစ်သည်။

အဆိုပါ သင်တန်း အား လူဦးရေကန့်သတ်ထားပြီးကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။ စိတ်ပါ ဝင်စားသူများ အနေဖြင့် Myanmar WWW Institute (M3WI) သင်တန်း တည်ရှိရာ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာ အင်ဖိုတက်(ခ်)၊ လှိုင်တက္ကသိုလ်များ နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၆၅၂၂၈၈၊ ၅၂၁၁၂၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# Young Innovators Compettion 2013 ပြိုင်ပွဲအား မြန်မာနိုင်ငံ မှ ပါဝင်ယှဉ်ပြိုင်နိုင်မည်

အောင်ပြည့်အောင်

Young Innovators Compettion 2013 ပြပွဲအစီအစဉ်အား ICT နည်းပညာအသုံးပြု၍ဆန်းသစ်တီထွင်မှုပြိုင်ပွဲကိုစိတ်ဝင်စားသည့်အသက်၁၈နှစ်မှ၂၆နှစ်အတွင်းရှိလူငယ်များပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ အဆိုပါ Young Innovators Compettion 2013 ပြပွဲတွင်ဆုရရှိသူများသည် ITU Telecom World 2013 ပြပွဲသို့ဖိတ်ကြားခြင်းခံရမည်ဖြစ်သည်။

ITU Telecom World 2013 ပြပွဲသည်ကမ္ဘာတစ်ဝှမ်း ICT Co - mmunity နှင့်ပတ်သက်သည့် အသိပညာဖလှယ်ခြင်း၊ ICT Industry တိုးတက်မှုများနှင့် လူမှုစီးပွားရေးစိန်ခေါ်မှုများတွင်အဓိကအရေးပါသည့် ICT ပြောင်းလဲမှုပုံစံများအားဆွေးနွေးခန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ပြခန်းများဖြင့်ပါဝင်ပြသည့်ပွဲဖြစ်သည်။

ထို ITU Telecom World 2013 ပြပွဲကို ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ (၁၉) ရက် မှ (၂၂) ရက်နေ့အထိ ကျင်းပ ပြုလုပ်မည် ဖြစ်သည်။ အဆိုပါ ITU Telecom World 2013 ပြပွဲကိုမြန်မာနိုင်ငံမှ ICT နည်းပညာစိတ်ဝင်စားသူများ တက်ရောက်နိုင်ရန်အတွက် Young Innovators Compettion 2013 ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းသိရှိရသည်။

Young Innovators Compettion 2013 ပြိုင်ပွဲသို့စိတ်ဝင်စား၍ဝင်ရောက်ယှဉ်ပြိုင်လိုသည့်မည်သူမဆို http://world2013.itu.int/event/innovation, website တွင် ဝင်ရောက်ကြည့်ရှုပြီးဇွန်၃၀ရက်နေ့နောက်ဆုံးထား၍ပေးပို့နိုင်မည်ဖြစ်သည်။ ထို့အပြင် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါကမြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အဆောင်(၁)၊ အခန်း(၃)၊ MICT Park ဖုန်း- 01-652 307 သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

# အမေရိကန် ပညာရေး အဖွဲ့အစည်းဖြင့် ပူးပေါင်းပြီး International University Preparation Program ဖွင့်လှစ်မည်

မောင်မန်း



ဓါတ်ပုံ-Crown Education

အမေရိကန် ပညာရေး အဖွဲ့အစည်း ACT Education Soitions,Limited (AES) နှင့် မြန်မာနိုင်ငံမှ Crown Education တို့ ပူးပေါင်းပြီး International University Preparation Program (USA) အားဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။အမေရိကန်အပါအဝင် ဩစတြေးလျ၊ ကနေဒါ၊ စင်္ကာပူ၊ အင်္ဂလန် တက္ကသိုလ် များ၏ Foundation အဖြစ် အသိအမှတ်ပြုပြီး နိုင်ငံတကာ တက္ကသိုလ်ကျောင်းသားများလိုအပ်မည့် Academic Knoledge, Skills များအပြင်၊ IELTS သို့မဟုတ် TOFEL ဖြေဆိုနိုင်ရန် တစ်ချိန်တည်း ပြင်ဆင်ပေးမည့် ပရိုဂရမ်တစ်ခုဖြစ်သည်။

အဆိုပါ ပရိုဂရမ်၌ ထူးချွန်သောကျောင်းသားများသည် အမေရိကန်နှင့်အင်္ဂလန်တက္ကသိုလ်များတွင်ပညာသင်ဆုဆက်လက်လျှောက်ထားပေးမည်ဖြစ်ပြီး အင်္ဂလန်တက္ကသိုလ်များ၏ ပထမနှစ်သို့တိုက်ရိုက် တက်ရောက် နိုင်ရန်စီစဉ်ထားပြီး အဆိုပါ ပရိုဂရမ်သည် GCE'A' အဆင့် နှင့် ညီမျှသည်။ အမေရိကန်တက္ကသိုလ် (၃၄)ခု၊ ဩစတြေးလျတက္ကသိုလ် (၂၅) ခု ၊ အင်္ဂလန်တက္ကသိုလ် (၁၁) ခု ၊ စင်္ကာပူကျောင်း (၅) ကျောင်း၊ မလေးရှား တက္ကသိုလ် (၄) ခု ၊ ထိုင်းမှ AIT အပါအဝင် တက္ကသိုလ်(၄)ခုတို့တွင် ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်သည်။

သင်ရိုးညွှန်းတမ်းများမှာ အမေရိကန်မှရေးဆွဲသည့်သင်ရိုးများဖြစ်ပြီးအမေရိကန်မှစစ်ဆေးသည့် စာမေးပွဲများအားဖြေဆိုရမည်ဖြစ်သည်။ အဆိုပါပရိုဂရမ်သည်နိုင်ငံတကာတက္ကသိုလ်များတွင်လိုအပ်မည့်အင်္ဂလိပ်စာစသည့်ကျွမ်းကျင်မှုများအားပြင်ဆင်ပေးမည့်တစ်နှစ်ပရိုဂရမ်ဖြစ်ကြောင်း Crown Education မှ Managing Director ဦးအောင်ကျော်ဆန်းမှ ပြောသည်။

**"ဒီပရိုဂရမ်ကမိဘတွေအနေနဲ့ကလေးတွေကိုငယ်သေးလို့ နိုင်ငံခြားကို တိုက်ရိုက် မလွှတ်ချင်သေးဘူးဆိုရင်အချိန်ကုန်ငွေကုန်မဖြစ်ရအောင်တစ်နေရာထဲမှာ အင်္ဂလိပ်စာရေးတက္ကသိုလ်တွေကလိုအပ်တဲ့ကျွမ်းကျင်မှုတွေရေးပြင်ဆင်ပေးမယ့် တစ်နှစ် ပရိုဂရမ်ဖြစ်ပါတယ်။ ဒီမှာ တစ်နှစ်တက်လိုက်တဲ့အတွက် စင်္ကာပူမှာဆိုရင် (၃)နှစ်တက်ရမယ့်ဒီဂရီကို (၂)နှစ်ပဲတက်ဖို့ လိုအပ်ပါတယ်။ စင်္ကာပူနာမည်ကြီး Singpore Institude of Management ကအသိအမှတ်ပြုတဲ့ မြန်မာနိုင်ငံ က တစ်ခုတည်းသော University Foundation Program ဖြစ်ပါတယ်။ James Cook University, PSB Academy တို့မှာလည်းချိတ်ဆက်ထားပြီး သူတို့ဆီမှာ တက္ကသိုလ်ဒုတိယနှစ်ကို တိုက်ရိုက်တက်ရောက်နိုင်ဖို့စီစဉ်ထားတဲ့ ပရိုဂရမ်ဖြစ်ပါတယ်။"** ဟု ဦးအောင်ကျော်ဆန်း မှ ပြောသည်။

အဆိုပါ ပရိုဂရမ်အား (၁၀) တန်းအောင်မြင်ပြီးသူများလျှောက်ထားနိုင်ပြီး မြန်မာနိုင်ငံ တွင် တက် ရောက်နေစဉ်အတွင်း အထူးပြုဘာသာရပ်များရွေးချယ်ရန် မလိုအပ်ဘဲ ပရိုဂရမ် ပြီးဆုံးချိန်တွင်မိမိတို့နှင့်သင့်တော်သည့်ဘာသာရပ်များအား ရွေးချယ်သွားနိုင်ရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ကျောင်းဝင်ခွင့်နှင့်ပတ်သတ်သည့် အချက်အလက်များ အား အသေးစိတ်မေးမြန်းခြင်း အား ဇူလိုင်လ (၅) ရက် နေ့၌ ညနေ(၅) နာရီမှ (၆)နာရီအထိ Sedona Hotel တွင်လည်းကောင်းဇူလိုင်လ (၆) ရက် ၌ နံနက် (၁၀) နာရီမှ (၁၂)နာရီ အထိ Crown Education Learning Center တွင် လည်းကောင်း ပြုလုပ် သွားမည်ဖြစ်ပြီး ဖုန်း ၀၁ ၅၂၇ ၈၃၈ ၊ ၀၉ ၇၃၂ ၇၃၂၇၂ တို့တွင်ဆက်သွယ်စုံစမ်းစာရင်းပေးနိုင်ကြောင်းသိရသည်။

# Wireless Nerwork Essentials Course သင်တန်း ဖွင့်လှစ်မည်

အောင်ပြည့်အောင်

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင် အသင်း မှ ကြီးမှူး၍ Networking နည်းပညာရပ်တစ်ခုဖြစ်သော Wireless Network Essentials (WNE) Course သင်တန်းအား ဖွင့်လှစ်ပေးသွားမည် ဖြစ်သည်။ အဆိုပါ သင်တန်း (WNE) ကို ၂၀၁၃ ခုနှစ် ဇူလိုင်လ(၁၃)ရက်နေ့မှစတင်၍ဖွင့်လှစ်မည်ဖြစ်သည်။ ထို သင်တန်းကိုပြည်တွင်းပြည်ပရှိအဖွဲ့အစည်းများ၊ NGO များ၌ အလုပ်လုပ်ကိုင်နေသည့် Network Engineer များနှင့် Wireless နည်းပညာရပ်ကိုလေ့လာသော IT Officer များအတွက်ရည်ရွယ်ဖွင့်လှစ်ထားသည့်သင်တန်းဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ WNE Course သင်တန်းကိုမြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအလုပ်အမှုဆောင်ဖြစ်သူဦးဇော်ဝင်းထွန်းမှသင်ကြားပေးမည်ဖြစ်ကြောင်းသိရှိရသည်။ ဦးဇော်ဝင်းထွန်းမှာ WNE Course နှင့်ပတ်သက်သည့် About Wireless Local Area Network and WILAN Configuration, Adhost, WiLAN, Using outdoor Antenna, WiFi Hot Spot Creating For Software and Hardware, WiFi Controller Device and Access Point CPE, Zentyal Server အစရှိသည့်တို့ကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်။

ထိုသင်တန်းမှာ ၂၀၁၃ ခုနှစ် ဇူလိုင်လ(၁၃)ရက်မှဩဂုတ်လ (၁၁)ရက်နေ့အထိသင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းတက်ရောက်ရမည့်အချိန်မှာနေ့လည် ၁၂ နာရီမှ ၃ နာရီအထိ တက်ရောက်ရမည်ဖြစ်သည်။အဆိုပါသင်တန်း၏သင်တန်းကြေးမှာ ၉၀၀၀၀ ကျပ် ဖြစ်ပြီး MCPA ၏ အဖွဲ့အဝင်ဖြစ်ပါက ၄၅,၀၀၀ ကျပ်ဖြင့်တက်ရောက်နိုင်မည်ဖြစ်သည်။ ထိုသင်တန်းကိုသင်တန်းသားဦးရေကန့်သတ်ထားပြီးသင်တန်းသား၁၅ယောက်သာတက်ရောက်ခွင့်ရှိကြောင်းသိရှိရသည်။ ထိုသင်တန်းအား MICT Park MCPA Lab Room, အဆောင်(၁) တွင်တက်ရောက်ရမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ(၁၂)ရက်နေ့ညနေ(၄) နာရီ နောက်ဆုံးထား၍ MCPA ရုံးခန်းသို့လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း၊ အဆောင်(၄)၊ အခန်း(၄)၊ ဖုန်းနံပါတ်- 652 276၊ 09-730 883 00 သို့စုံစမ်းမေးမြန်းနိုင်ကြောင်းသတင်းရရှိသည်။

# HD Projector ပါဝင်တဲ့ Soly Elisom Q8 မိုဘိုင်းဖုန်း

ဈေးကွက်ထဲကို အသစ်ဝင်ရောက်လာတဲ့ မိုဘိုင်းဖုန်းအဆန်းလေးပါ။ သူ့ရဲ့ထူးခြားချက်ကတော့ HD Projector ပါဝင်ခြင်းပါပဲ။ ဖုန်းအတွင်းထည့်သွင်းထားတဲ့ MP4 ၊ ဓာတ်ပုံ၊ ရုပ်ရှင်များကို နံရံတွင် Projector ဖြင့် ထိုးပြီး ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Projector က ၂၆ လက်မ အရွယ်အစားအထိ ရုပ်ပုံများကို ကြည်ကြည်လင်လင် ကြည့်ရှုခံစားနိုင်ပါတယ်။ HD အရည်အသွေးရှိတဲ့ ကင်မရာနှစ်လုံးကိုလည်း တပ်ဆင်ပေးထားပါတယ်။ မျက်နှာပြင်က ၂.၄ လက်မရှိသည့် Keypad ဖုန်းအမျိုးအစားဖြစ်ပြီး Java OS ကို အသုံးပြုထားတာ ဖြစ်ပါတယ်။ ဆင်းကဒ်နှစ်ကဒ်ကို တစ်ပြိုင်နက်ထည့်သွင်းအသုံးပြုနိုင်ပါတယ်။








## Specifications

- 2.4" HD Screen
- HD Projection Function
- TV simulation
- GSM Network (Dual SIM)
- Java OS
- HD Dual Cameras
- Support Bluetooth/FM/MP3/MP4
- 1 GB Internal Storage
- ဈေးနှုန်း : ၅၅,၀၀၀ ကျပ်ဝန်းကျင် (ယခင်ဈေး-၈၀,၀၀၀ ကျပ်ဝန်းကျင်)
- ဝယ်ယူနိုင်မည့်နေရာ : ကိုဘီနီး(Sony Game)
- ဖုန်း : 01 - 256 417

## ACCESSORIES



### i-Helicopter

iPhone, စမတ်ဖုန်းတွေနဲ့ ချိတ်ဆက်မောင်းနှင်နိုင်မယ့် Helicopter ဖြစ်ပါတယ်။ ဖုန်းမှာ Helicopter ကို မောင်းနှင်နိုင်မယ့် Software ကို ထည့်သွင်းရမှာဖြစ်ပါတယ်။ iPhone, iPad များနှင့် Android OS သုံးစမတ်ဖုန်းများတွင် Transmitter ကို တပ်ဆင်ပြီး Helicopter ကို ကြိုးမဲ့စနစ်ဖြင့် ထိန်းချုပ်မောင်းနှင်နိုင်မှာ ဖြစ်ပါတယ်။ Helicopter ကို အားသွင်းနိုင်ဖို့အတွက် USB Charger ကိုလည်း ထည့်သွင်းပေးထားပါတယ်။

ဈေးနှုန်း - ၄၅,၀၀၀ ကျပ်ဝန်းကျင်
ကိုဘီနီး (Sony Game), 01-256 417

### Sony Portable USB Battery Charger



ပေါ့ပေါ့ပါးပါးနဲ့ သွားလေရာမှာ အလွယ်တကူသယ်ဆောင်သွားနိုင်တဲ့ USB Charger ဖြစ်ပါတယ်။ ခရီးသွားရင်ပဲဖြစ်ဖြစ် သွားလေရာမှာ ဘတ်ထရီ အပိုတစ်ခုအဖြစ် ဆောင်ယူထားနိုင်ပါတယ်။ 2,000 mAh Li-ion ဘတ်ထရီကိုအသုံးပြုထားပြီး အကြိမ် ၅၀၀ အားသွင်းနိုင်ပါတယ်။ သီချင်းနားထောင်မယ်ဆိုရင်တော့ နာရီ ၃၀ ကြာအထားခံနိုင်ပြီး ဖုန်းသီးသန့် ပြောမယ်ဆိုရင်တော့ ၇ နာရီကြာ အသုံးခံနိုင်ပါတယ်။

ဈေးနှုန်း- ၁၉,၀၀၀ ကျပ်ဝန်းကျင်
Sony Showroom, 01-546 006 (Ext: 114)

### Gblue Bluetooth Headset

တန်ဖိုးနည်းနည်းနဲ့ Bluetooth နားကြပ်တစ်ခုကို ပိုင်ဆိုင်နိုင်စေမယ့် ပစ္စည်းလေးပါ။ စမတ်ဖုန်းတွေ တက်ဘလက်တွေရဲ့ Bluetooth စနစ်နဲ့ချိတ်ဆက်အသုံး ပြုနိုင်မှာ ဖြစ်ပါတယ်။ ဖုန်းအဝင်လက်ခံဖြေကြားနိုင်မှာ ဖြစ်ပါတယ်။ ဒီဇိုင်းပုံစံကို သေးငယ်အောင် ဖန်တီးထားတဲ့အတွက် နားကြပ်ကိုအသုံးပြုထားကြောင်း မသိသာစေပါဘူး။

ဈေးနှုန်း - ၉,၅၀၀ ကျပ်ဝန်းကျင်
Today's Mobile, 09-4320 4749




### Beat.by dr.dre Wireless Headset



ကြိုးမဲ့ Wireless စနစ်ဖြင့် ချိတ်ဆက်အသုံးပြုနိုင်မယ့် နာမည်ကျော် အမှတ်တံဆိပ် Beat.by dr.dre နားကြပ်ဖြစ်ပါတယ်။ ၎င်းနားကြပ်တွင် SD Card Slot ပါဝင်သည့်အတွက် SD Card မှတစ်ဆင့် တေးဂီတများကို တိုက်ရိုက်နားဆင်နိုင်ပြီး FM ရေဒီယို လှိုင်းကိုလည်း ဖမ်းယူနားဆင်နိုင်ပါတယ်။ USB ကြိုးမှ တစ်ဆင့် စမတ်ဖုန်းများနဲ့ ချိတ်ဆက်အသုံးပြုနိုင်ပါသေးတယ်။

ဈေးနှုန်း -၁၈,၀၀၀ ကျပ်ဝန်းကျင် (ယခင်ဈေး ၂၈,၀၀၀ ကျပ်ဝန်းကျင်)
ကိုဘီနီး (Sony Game), 01-256 417

### Samsung Original Mono Bluetooth Headset

Bluetooth ချိတ်ဆက်ပြီး ဖုန်းပြောဆိုနိုင်တဲ့ Samsung နားကြပ်ဖြစ်ပါတယ်။ ဖုန်းအဝင်လက်ခံဖြေကြားခြင်းများကို ပြုလုပ်နိုင်ပါတယ်။ Bluetooth ဗားရှင်း 3.0 ကို အသုံးပြုထားပါတယ်။ ၎င်းနားကြပ်နဲ့ ၈ နာရီကြာ ဖုန်းဆက်တိုက်ပြောဆိုနိုင်ပြီး Stand by အနေနဲ့ နာရီ ၃၀၀ ကြာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဈေးနှုန်း - ၂၈,၀၀၀ ကျပ်ဝန်းကျင်
ကိုဘီနီး (Sony Game), 01-256 417



### Sony Stereo Bluetooth Headset SBH20

Sony ကနေထုတ်လုပ်ထားတဲ့ Bluetooth နားကြပ်ဖြစ်ပါတယ်။ စမတ်ဖုန်းတွေရဲ့ Bluetooth စနစ်နဲ့ချိတ်ဆက်ပြီး ဖုန်းအဝင်လက်ခံဖြေကြားနိုင် တဲ့အပြင် တေးဂီတများကိုလည်း နားဆင်နိုင်မှာ ဖြစ်ပါတယ်။ Bluetooth စနစ်အပြင် NFC စနစ်နဲ့ဖုန်းကို ချိတ်ဆက်နိုင်ပါသေးတယ်။ အရည်အသွေးမြင့်မားတဲ့ အသံအရည်အသွေးကိုလည်းထုတ်လုပ်ပေးနိုင်ပါတယ်။ နားကြပ်ကို အကျႌမှာ အလွယ်တကူတပ်ဆင်ထားနိုင်မှာ ဖြစ်ပါတယ်။

ဈေးနှုန်း - ၅၅,၀၀၀ ကျပ်ဝန်းကျင်
Sony Showroom, 01-546 006 (Ext: 114)



Volume-1, Issue 22
July 3 , Wednesday, 2013

# TOP 5 Phones

## ဒီဇိုင်းဆန်းတဲ့ပြည်တွင်းအရောင်းရဆုံးစမတ်ဖုန်းများ

## Samsung GALAXY S II

Galaxy S2 က Samsung ရဲ့နာမည်ကျော် အဆင့်မြင့်စမတ်ဖုန်း တစ်လုံးပါ။ S2 က အခုနောက်ပိုင်းထွက်ရှိလာတဲ့ S3နဲ့ S4တို့နဲ့ဒီဇိုင်းပုံစံမတူပါဘူး။ S3 နဲ့ S4 က မျက်နှာပြင်ပိုကြီးပြီး ထောင့်စွန်းပိုင်းတွေမှာ ပိုမိုလုံးဝန်းတဲ့ ပုံသဏ္ဌာန်ရှိပါ တယ်။ မျက်နှာပြင်ကြီးတဲ့ စမတ်ဖုန်းတွေကို ကြိုက်နှစ်သက်သူတွေအတွက်တော့ S3 နဲ့ S4 က ဒီဇိုင်းအမိုက်ဆုံးလို့ယူဆပါလိမ့်မယ်။ စာရေးသူကတော့ ပါးလွှာပေါ့ပါးပြီး သွယ်သွယ်လျလျရှိတဲ့ S2 ကိုပဲ သဘောကျပါတယ်။ မျက်နှာပြင်က S3 နဲ့ S4 လောက်မကြီးမားပေမယ့် သွယ်လျတဲ့ ပုံသဏ္ဌာန်ရှိပါတယ်။

အထူးခြားဆုံးကတော့ဖုန်းရဲ့အနောက်အောက်ခြေပိုင်းမှာ ဆင်ယင်ထားတဲ့ ဒီဇိုင်းပုံစံပါ။ သူကပါးလွှာပေါ့ပါးလှတဲ့ S2 ဟန်းဆက်လေး လက်ထဲက အလွယ်တကူမကျသွားစေဖို့ ဖန်တီးထားတဲ့ပုံပါပဲ။ ဒါကြောင့်လည်း S2 ကို ဒီဇိုင်းဆန်းတဲ့ စမတ်ဖုန်းအဖြစ် သတ်မှတ်ရခြင်း ဖြစ်ပါတယ်။ စွမ်းဆောင်မှုတွေကတော့ သွက်လက်လှတဲ့ Touch စွမ်းရည်၊ အဆင့်မြင့်ဂိမ်း တွေကိုဆော့ကစားနိုင်မယ့် CPU နဲ့ကြည်လင်တဲ့ မြင်ကွင်းတွေကို မှတ်တမ်းတင်ပေးနိုင်မယ့် ကင်မရာတို့ပါဝင်ပါတယ်။




### Specifications

- 4.3" Super AMOLED Plus Touchscreen
- GSM Network
- Android 4.0.4 (Ice Cream Sandwich)
- 8 MP Camera (Main), 2 MP (Secondary)
- 1.2 GHz Dual-core Processor
- 16 GB Internal Storage , 1GB RAM
- ဈေးနှုန်း : 299,000 usydOef;usif
- ဝယ်ယူနိုင်မည့်နေရာ : Today's Mobile
- ဖုန်း :09-432 04749

## 2 Sony Xperia P

Xperia P ရဲ့ အထူးခြားဆုံး ဒီဇိုင်းပုံစံကတော့ အောက်ခြေပိုင်းမှာ ဖောက်ထွင်းမြင်ရတဲ့ အကြည်ရောင်သတ္တုပြားကိုတပ်ဆင်ထားခြင်းပါပဲ။ ၎င်းသတ္တုအကြည်ရောင် ကနေ ရောင်စုံမီးအလင်းရောင်ကို ထုတ်လွှတ်ပေးမှာဖြစ်ပါတယ်။ ဖုန်းအနောက်ပိုင်းမှာ အလယ်ပိုင်းကို ခပ်နုံးနုံးပုံသဏ္ဌာန်ပြုလုပ်ထားခြင်းကလည်း အမြင်ဆန်းစေပါတယ်။ ကင်မရာနဲ့ LED မီးကို တွဲဆက်ထားတဲ့ ဒီဇိုင်းပုံစံကလည်း ထူးခြား ပါတယ်။




### Specifications

- 4" LED-backlit LCD Touchscreen
- GSM Network
- Android 4.0 (Ice Cream Sandwich)
- 8 MP Camera (Main), VGA (Secondary)
- 1 GHz Dual-core Processor
- 16 GB Internal Storage, 1GB RAM
- ဝယ်ယူနိုင်မည့်နေရာ - Today'S Mobile
- ဖုန်း - 09 4320 4749

၂၃၉,၀၀၀ ကျပ်ဝန်းကျင်

## 3 LG Optimus G

Optimus G မှာ ၄.၇ လက်မ ကြီးမားတဲ့ မျက်နှာပြင်ကို ပိုင်ဆိုင် ထားပေမယ့်လည်း ပါးလွှာတာကိုတွေ့ရပါတယ်။လေးထောင့်စပ်စပ် ဒီဇိုင်းပုံစံကလည်း မျက်နှာပြင်ကြီးမားတဲ့ စမတ်ဖုန်းများ နှစ်သက်သူ အတွက်တော့ ဆွဲဆောင်မှုအရှိဆုံးလို့ ဆိုနိုင်ပါတယ်။ Optimus G က ပြည်တွင်းရောက် LG စမတ်ဖုန်းတွေထဲမှာတော့ ဒီဇိုင်းအဆန်းဆုံးလို့ ဆိုချင်ပါတယ်။ Optimus G မှာ ဆွဲဆောင်မှုအရှိဆုံးကတော့ 13MP ကင်မရာ ပါပဲ။




### Specifications

- 4.7" True HD-IPS + LCD Touchscreen
- GSM Network
- Android 4.1.2 (Jelly Bean)
- 13 MP Camera (Main), 1.3MP (Secondary)
- 1.5 GHz Quad-core Processor
- 32 GB Internal Storage, 2 GB RAM
- ဝယ်ယူနိုင်မည့်နေရာ - LG Showroo
- ဖုန်း - 01- 544 664

၄၇၉,၀၀၀ ကျပ်ဝန်းကျင်

## 4 HTC Desire X

HTC ရဲ့ နောက်ထွက်ဖုန်းတွေမှာ နာမည်ကျော် Beat အသံစနစ်ကိုထည့်သွင်းပေးထားခြင်းက Music Crazy အတွက်တော့ အဆွဲဆောင်နိုင်ဆုံးအချက်လို့ ဆိုနိုင်ပါတယ်။ Desire X မှာ ထူးခြားတဲ့ ဒီဇိုင်းကတော့နောက်ကင်မရာရဲ့ ဒီဇိုင်းပါပဲ။ ဖုန်းရဲ့ ခပ်လုံးလုံးကိုယ် ထည်နဲ့လိုက်ဖက်မှုရှိလှစွာ ကင်မရာကို ဒီဇိုင်းဆင်ထား တာတွေ့ရပါတယ်။ ဒီဇိုင်းထူးခြားဖုန်းတစ်လုံးကို ကိုင် ဆောင်ချင်သူတွေ အတွက် စိတ်ကြိုက်ဖြစ်စေမယ့်စမတ်ဖုန်းလေးပါ။




### Specifications

- 4" Super LCD Touchscreen
- GSM Network
- Android 4.0 (Ice Cream Sandwich)
- 5 MP Camera
- 1 GHz Dual-core Processor
- 4 GB Internal Storage, 768 MB RAM
- ဝယ်ယူနိုင်မည့်နေရာ - HTC Showroom
- ဖုန်း - 01- 241 084

၂၈၁,၀၀၀ ကျပ်ဝန်းကျင်

## 5 Huawei C8813

Huawei C8813 က စွမ်းဆောင်ရည်မြင့်မားပြီး ဈေးနှုန်းသင့်တင့်တာကြောင့် ပြည်တွင်းဈေးကွက်မှာ အရောင်းရဆုံး Huawei စမတ်ဖုန်းတစ်လုံးပါ။ မျက်နှာပြင် ကြီးမားပြီး ရိုးရှင်းတဲ့ ဒီဇိုင်းပုံစံကလည်း ဆွဲဆောင်မှုရှိစေပါတယ်။ မျက်နှာပြင်ကြီးကြီး စမတ်ဖုန်းတွေကို နှစ်သက်သူတွေအတွက် စိတ်ကြိုက်ရွေး ချယ်ကြတဲ့ စမတ်ဖုန်းပါ။ Dual-core Processor တပ်ဆင်ထားတဲ့ စမတ်ဖုန်းတွေထဲမှာ ဈေးနှုန်းအချိုသာဆုံးလို့ ဆိုနိုင်ပါတယ်။




### Specifications

- 4.5" IPS TFT Touchscreen
- CDMA 800 MHz Network
- Android 4.1.1 (Jelly Bean)
- 5 MP Back Camera, 0.3 MP Front Camera
- 1.2 GHz Dual-core Processor
- 4 GB Internal Storage
- ဝယ်ယူနိုင်မည့်နေရာ - Huawei Technology
- ဖုန်း - 01 - 230 474

၁၂၀,၀၀၀ ကျပ်ဝန်းကျင်

# လျှပ်စစ်မီတာဘေလ်များအား အွန်လိုင်းမှ ပေးဆောင်ရန်ဆောင်ရွက်မှုများတွင် နှောင့်နှေးမှုများရှိနေ

မောင်မန်း

လျှပ်စစ်မီတာ ဘေလ်များအား အွန်လိုင်းမှတဆင့် ပေးဆောင်နိုင်ရန် ဆောင်ရွက်နေပြီး လက်ရှိတွင် လျှပ်စစ်မီတာ အသုံးပြုမှုပမာဏ အစရှိသည့် အချက်အလက်များ ရယူနိုင်ရန်အတွက် အခက်အခဲများရှိနေသောကြောင့် နှောင့်နှေးမှုများ ရှိနေကြောင်းရာနာပုံ တယ်လီပို့ ကုမ္ပဏီလီမိတက် စီမံကိန်းများ တည်ဆောက်ရေးဌာနကြီးမှ ဌာနမှူး ဦးအောင်စံမြတ်မှ ပြောသည်။

**"Billing မှာ Internet Bill ကို နောက်ဆုံးသတ်မှတ်ရက် ဘယ်လိုသတ်မှတ်သလဲ ဆိုတာကနေ ပြန်ပြောပါမယ်။ အင်တာနက်ဘေလ်နဲ့ လျှပ်စစ်ဘေလ်ရဲ့ ကွာခြားချက်ကို ပြောချင်ပါတယ်။ ကျွန်တော်တို့ ပြောနေတဲ့ဖုန်းဘေလ်တွေ အားလုံးက ဘယ်လောက်ပြောနေပါတယ်။ ဘယ်နှစ်မိနစ်ပြောနေပါတယ်။ ဘယ်နှစ်စက္ကန့် ပြောနေပါတယ် ဆိုတာ Sever ထဲမှာအတိအကျကြည့်လို့ရပါတယ်။ အင်တာနက် ဘေလ်ဟာလည်းဘယ်လောက်ကျသင့်တယ်ဆိုတာ Sever ထဲမှာ ကြည့်နိုင်ပါတယ်။ မီတာဘေလ်မှာကျတော့ ဘယ်လောက်ကျသလဲဆိုတာ အိမ်တိုင်းအိမ်တိုင်းရဲ့ အိမ်ရှေ့က မီတာဘောက်စ်ထဲမှာပဲ ရှိပါတယ်။ နောက်တစ်ခုက သတ်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်က မီတာဖတ်တဲ့ ဝန်ထမ်းရှိပါတယ်။ သူကမှ အိမ်တိုင်းရဲ့ မီတာဘောက်စ်ထဲက မီတာကျ သင့်ငွေကို ဖတ်ပြီးရုံး ရောက်ပြီးမှ စာရင်းထဲကို ပြန် ထည့်ရပါတယ်။ ဒီတော့ Datagram ဆွဲရတာ အခက်အခဲရှိပါတယ်။ သုံးစွဲတဲ့ ပမာဏနဲ့ပြောရင် ရန်ကုန်က ပမာဏ အများကြီးရှိပါတယ်။ ဒါကိုစုစည်းဖို့အတွက် အခက်အခဲ ရှိပါတယ်။ အများအပြင်လည်းနည်းဖို့အတွက်ကို ဆောင်ရွက်ရတဲ့အတွက် အခက်အခဲတွေ ရှိပါတယ်။ နောက် Network Connection ကိုလည်း ပြန်လုပ်ဖို့ လိုအပ်ပါတယ်။ နှစ်ချက်ပါ။ ဒီဘက်က အသုံးပြုမယ့်သူတွေကို ပေးရုံနဲ့ မလုံလောက်ပါဘူး။ သက်ဆိုင်ရာ မြို့နယ်က ရုံးတွေမှာ ဒီလူတွေ ဆောင်ပြီးပြီလား မဆောင်ရသေးဘူးဆိုတာ သိနိုင်ဖို့အတွက် သူတို့ကိုလည်း လိုင်းတစ်လိုင်းစီ ပေးဖို့လိုအပ်ပါတယ်။ ဒါက သုံးမှုနဲ့ဆိုင် ဖြစ်နေတဲ့အတွက် အားလုံးအဆင်ပြေဖို့အတွက်တော့ ဆောင်ရွက်နေပါတယ်။ လက်ရှိလည်း YESP နဲ့ ဆောင်ရွက်နေတာရှိပါတယ်။**



ဓါတ်ပုံ - မောင်မန်း

အဲ့ဒါ ဘာလဲဆိုတော့ ဒီဂျစ်တယ်မီတာတွေ တပ်နေပါပြီ။ဒီဂျစ်တယ်မီတာတွေ တပ်လိုက်ပြီ ဆိုရင်တော့ မီတာ (၁၀၀) ပတ်လည်အတွင်းမှာ ကားတစ်စီးဒါမှမဟုတ် ဆိုင်ကယ်တစ်စီးနဲ့ မီတာစာရေးက ပတ်လိုက်တယ် ဆိုရင်ပဲ မီတာအသုံးပြုမှုတွေကို ဖတ်ပြီးသား ရပါတယ်။ ဒါကို Sever ထဲထည့်ပြီးလုပ်မယ်ဆိုရင်တော့ ရနိုင်ပါမယ်။ အဲ့အဆင့်အထိကတော့ အချိန်အတိုင်းအတာ တစ်ခု အထိတော့ စောင့်ရဦးမှာပါ။" ဟု ဦးအောင်စံမြတ်မှပြောသည်။

အဆိုပါ စနစ်များအား မန္တလေးနှင့် နေပြည်တော်တို့တွင် စတင်ဆောင်ရွက်နေပြီး ရန်ကုန်တွင်အမြန်ဆုံးရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း Easy Pay ကုမ္ပဏီမှ Executive Director ဦးဝေဖြိုးသူမှ ပြောသည်။

**"မန္တလေးနဲ့ နေပြည်တော်မှာတော့ စတင်ဆောင်ရွက်နေပါပြီ။ ရန်ကုန်ကတော့ လက်ရှိမှာ လိုအပ်တဲ့ Infrastructure တွေကို ညှိနှိုင်း ဆောင်ရွက်နေပါတယ်။ အဲဒါတွေပြီးရင်တော့ ရပါပြီ။"** ဟု ဦးဝေဖြိုးသူမှပြောသည်။

# မိုးရာသီဈေးကွက်အတွင်း ဟန်းဆက်အရောင်းကျဆင်းလာပြီး (၁၅၀၀) တန် SIM Card ဝယ်လိုအားမြင့်တက်

မောင်မန်း

မိုးရာသီဈေးကွက်အတွင်း ဟန်းဆက်အရောင်းဈေးကွက်၏ ထက်ဝက်ခန့်မျှ လျော့ကျခဲ့ပြီး တန်ဖိုးနည်း Sim Card များကြောင့် များစွာ လှုပ်ခတ်မှုမရှိကြောင်း လူလေး မိုဘိုင်းမှ ကိုလွင်မျိုးသူက ပြောသည်။

**" ဒီမိုးတွင်းမှာ ဟန်းဆက်အရောင်းက ခါတိုင်း သုံးလေးရာလောက် ရောင်းရချိန်မှာ အခုဆိုရင် နှစ်ရာ လောက်ပဲရောင်းရတယ်။ ပါးတယ်လို့ ဆိုရမယ်။ ဖုန်းနဲ့ Tablet ဆိုရင် Tablet က ပိုရောင်းရတယ်။ လက်ရှိဆိုရင် အရောင်းသွက်တာက Huawei ပါ။ သူက Function စုံတယ်၊ ဈေးနှုန်း သက်သာတယ်။ သူ့နောက်မှာတော့ Samsung ပါ။ နောက်တော့ Sony ကလည်း အရောင်းသွက်ပါတယ်။ "** ဟု ကိုလွင်မျိုးသူမှ ပြောသည်။

တန်ဖိုးနည်းဖုန်းများထွက်ရှိလာပါက ဟန်းဆက်အရောင်းဈေးကွက်မြင့်တက်လာရန်မျှော်မှန်းခဲ့သော်လည်း ရည်ရွယ်ထားသကဲ့သို့ အရောင်းမြင့်တက်လာခြင်းမရှိကြောင်း ၎င်းမှဆက်လက်ပြောသည်။

**"တန်ဖိုးနည်းဖုန်းတွေထွက်လာရင် ဟန်းဆက် အရောင်းဈေးကွက်တက်လာမယ်လို့ မျှော်လင့်ထားခဲ့ပေမယ့် ထင်သလောက် တက်မလာခဲ့ဘူး။ ဖုန်းလိုင်း ဝယ်လိုအားက များနေတယ်။ အရင်လိုဆိုရင် ဖုန်းကဒ်တွေကို ဆိုင်တွေက ရောင်းပေးနိုင်တဲ့အတွက် ဟန်းဆက်နဲ့တွဲပြီး ရောင်းတာမျိုးဆိုတော့ အရောင်းသွက်တယ်။ ခုက ဖုန်းဝယ်လိုအားကရှိတယ်။ ဒါပေမယ့် အပြင်မှာ ပေါက်ဈေးက (၆) သောင်း (၇) သောင်းလောက်အထိ ကြားနေရတယ်။ ဒီတော့ ဝယ်မယ့်သူတွေက ရမှာကို စောင့်မလား၊ ဈေးကြီးပေးပြီးဝယ်မှာလားဆိုတဲ့ အပေါ်မှာ တွေဝေနေတယ်။ "** ဟု ဆက်လက်ပြောသည်။

တစ်ထောင့်ငါးရာတန် တန်ဖိုးနည်းဖုန်းများအား ဧပြီလ (၂၄) ရက်နေ့တွင် စတင်ရောင်း ချခဲ့ပြီး ယခုအချိန်အထိအဆိုပါဖုန်းများ၏ပြင်ပပေါက်ဈေးမှာ ကျပ် (၇) သောင်းခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# မိုဘိုင်း Application များရယူနိုင်သည့် JAS ဖုန်းဈေးဆိုင် Website ပြုလုပ်



ဓါတ်ပုံ - အင်တာနက်

အောင်ပြည့်အောင်

မြန်မာနိုင်ငံမှ ပြုလုပ်သော Application များအားလုံးကို တစ်နေရာထဲတွင် ရယူနိုင်မည့် JAS ဖုန်းဈေးဆိုင် Website တစ်ခုပေါ်ထွက်လာကြောင်း သိရှိရသည်။ ထို Website ပေါ်တွင် မြန်မာနိုင်ငံမှပြုလုပ်ထားသော Application အားလုံးကို ကဏ္ဍအလိုက်ခွဲ၍ ရယူနိုင်ပြီဖြစ်သည်။ JAS ဖုန်းဈေးဆိုင်တွင် ပါဝင်သောကဏ္ဍပရိဂရမ်များမှာ အပြန်အလှန် ဆက်သွယ်မှု၊ ချက်ပြုတ်ခြင်း၊ ဗေဒင်နက္ခတ်၊ သတင်း အချက်အလက်၊ အဘိဓာန်၊ ဘဏ်များ၊ ဘာသာရေး၊ စာပေများ၊ တွက်ချက်မှုများ၊ ထုတ်လုပ်မှုများ စသည့် ကဏ္ဍပရိဂရမ်များပါဝင်တာကြောင့် သိရှိရသည်။

ထို့အပြင် လူကြီး၊ လူငယ်ကြိုက်နှစ်သက်သည့် ဂိမ်းများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ JAS ဖုန်းဈေးဆိုင် Website တစ်ခုလုံးမှာ မြန်မာဘာသာဖြင့် အသုံးပြုရမည်ဖြစ်ပြီး Application များ အားလုံးကိုလည်း မြန်မာဘာသာဖြင့် တွေ့မြင်ရမည်ဖြစ်သည်။ လူအသုံးပြုများသော Viper, ဒိုးပျံကော်ဖီ Application များကိုလည်းရယူနိုင်မှာဖြစ်သည်။ ထို့အပြင် စာပေများ လေ့လာနိုင်သည့် Application တွေကိုပြုလုပ်ပေးထားပါသည်။ Website မှာ မြန်မာနိုင်ငံမှ မြန်မာဘာသာ စနစ်ဖြင့်ပြုလုပ်ထားသော Website တစ်ခုဖြစ်ပြီး လူအများဝင်ကြည့်မှုရှိလာသည့် Wesite တစ်ခုဖြစ်သည်။ အဆိုပါ Website ကို JAS ဖုန်းကုမ္ပဏီမှပြုလုပ်ခြင်းဖြစ်ပြီး www.jas.com.mm ဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်သည်။

# ဂျပန်နိုင်ငံမှ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအား လေ့လာနိုင်ရန် မြန်မာလုပ်ငန်းရှင်များအား ဖိတ်ခေါ်

မောင်မန်း

မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် နည်းပညာများ လွှဲပြောင်းရယူနိုင်ရန် ရည်ရွယ်ပြီး ဂျပန်နိုင်ငံသို့ Business and Industrial Trip သွားရောက် နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ TOMINAGA Cooperation (Tokyo, Japan) မှ ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်တွင်ဂျပန်နိုင်ငံမှ အိမ်တွင်းမှုစက်မှု လုပ်ငန်းများ (Home Industries)၊အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ (SMEs Industries) ဖွံ့ဖြိုးတိုးတက်သော တိုကျို၊ အိုစကာနှင့် နီဂတ ခရိုင်များရှိ စက်ရုံ အလုပ်ရုံများသို့ ရက်သတ္တပါတ်နှစ်ပါတ်ခန့် သွားရောက် လေ့လာနိုင်မည်ဖြစ်သည်။ ထို့အပြင် ဂျပန်စီးပွားရေး လုပ်ငန်းရှင်များနှင့် မြန်မာလုပ်ငန်းရှင်များ ပူးတွဲ လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများ ရရှိစေရန် Business Matching အစီအစဉ်အား ထည့်သွင်း စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်အားလိုက်ပါလိုသူ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဇူလိုင်လ တတိယပါတ်အတွင်း နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပြီး လူဦးရေ ၂၅ ဦးခန့်ဖြင့် ခရီးစဉ် စတင်မည်ဖြစ်သည်။ ခရီးစဉ်အတွက် ဟိုတယ်နှင့် Transportation ကုန်ကျစာရိတ် အမေရိကန် ဒေါ်လာ (၃၅၀၀) ကုန်ကျမည်ဖြစ်သည်။ အဆိုပါ အစီအစဉ်အား Royal Dynasty Travel & Tour Co.,Ltd မှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး လိုက်ပါလိုသူများအနေဖြင့် ဖုန်း ၀၁ ၂၅၄၈၈၉ ၊ ၀၉ ၇၃၀၅ ၀၃၇၀ ၊ ၀၉ ၉၁၀၀၁၈၁၈ နှင့် Hot Line ၀၉ ၅၁၆၂၀၆၂ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးနိုင်ကြောင်း သိရသည်။

# MOBILE
# G A D G E T S

## 1/ Smurfs Cover (For Huawei  Y300)

ဒီကနေ့ခေတ်မှာကာတွန်းဆိုတာ ကလေးတွေအတွက်ပဲ မဟုတ်တော့ဘဲ စိတ်ဖျော်ဖြေရေးအနေနဲ့ ရပ်တည်လာတော့ လူမှုဘဝကို လွှမ်းမိုးလာပါပြီ။ မိမိ ကိုင်ထားတဲ့ ဖုန်းမှာ ကာဗာတစ်ခု သုံးမယ်ဆိုရင် ဒီလို ချစ်စရာကောင်းတဲ့ လူပြာလေးတွေဟာ မိမိဖုန်းကို အကာအကွယ်ပေးမှာ ဖြစ်ပါတယ်။ ဒီဖုန်းကာဗာမှာ စိန်ပွင့်ကလေးတွေစီထားတဲ့ အတွက် မိန်းကလေးတွေ ပိုကြိုက်မယ်ထင်ပါရဲ့။

Price-3,500 Ks

Touch Pro – 01 378 171, 09 73183051

## 2/ Air Jacket Cover (For iPhone4 / 4s)

ဂျပန်နိုင်ငံတွင် ထုတ်လုပ်သည် ဆိုတဲ့ စာတန်းကပ်နိုင်ထားတဲ့အတိုင်း ကွေးညွှတ်နိုင်တဲ့အရည်အသွေးကိုတော့ လက်ဖျားခါတယ်။ ဂျပန် အမျိုးသမီးတွေရဲ့ပုံကို ဂျပန် ရိုးရာပန်းချီလက်ရာနဲ့ ပုံဖော်ထားချက်ကတော့ Tattoo ဝါသနာရှင်တွေတောင် နှစ်သက်လောက်မယ့် လက်ရာပါ။ ဒီလို လက်ရာတွေကို ကာဗာမှာ ဒီဇိုင်းအဖြစ် အလှဆင်ထားပြီဆိုမှတော့ ကာဗာအလန်းစားမှ တပ်ချင်ပါတယ်ဆိုရင် အခုပဲ ပြေးဝယ်လိုက်သင့်ပြီ။

Price- 3500 Ks

Touch Pro – 01 378 171, 09 73183051

## 3/ Roman Bluetooth Headset

ခေတ်ကိုက Wireless မှမဟုတ်ရင် ကိုယ့်ကိုယ်ကို နောက်ကျန်ခဲ့ပြီလို့ သတ်မှတ်ရမယ့်ခေတ်။ ဒီလိုဆိုတော့ စမတ်ဖုန်းတစ်လုံးလုံးကို ဝယ်ယူအသုံးပြုနေပြီးမှ ဒီ Bluetooth Headset လောက်တော့ ဝယ်သာ သုံးကြည့်လိုက်တော့။ ခပ်ရှင်းရှင်းပါပဲ။ အကွာအဝေး ၁၀ မီတာအတွင်း သုံးနိုင်မယ်။ အချက်အလက်ထုတ်လွှတ်မှုကြိမ်နှုန်းက 2.4 GHz ၊ Transmission ကို သတ်မှတ်ချက်က Class 2 ။ ဒါပေမယ့် အသံထွက် အရည်အသွေးကတော့ တော်ရုံ Headset တွေလောက်နဲ့ တက်မလာနဲ့ဆိုတဲ့ အနေအထားပါပဲ။

Price-13,500 Ks

Touch Pro – 01 378 171, 09 73183051

## 4/ Cosmos Power Bank

Power Bank တွေထဲမှာ ထူးထူးခြားခြားလို့ ပြောရမှာပါပဲ။ ဖုန်းအားသွင်းဖို့အတွက် သုံးတယ်ဆိုပေမယ့် ဒါက အရွယ်အစား ကြီးမားပါတယ်။ 8400 mAh – 11200 mAh ဆိုတော့ power က သာမာန်ထက် နှစ်ဆနီးပါးပါပဲ။ DC In 5 V နဲ့ DC Out 5.3 V ရှိပါတယ်။ ထူးထူးခြားခြားပြောနေစရာတော့ မလိုပါဘူး။ ဒီလို Power Bank တွေက မရှိမဖြစ်လို့ ဆိုရလောက်အောင် အရေးပါနေပြီဆိုတော့ သိုမှီးနိုင်မှု ပိုများတဲ့ကောင်ကို ရွေးချယ်ကြမယ်ဆိုရင်တော့ အခုပဲ သွားဝယ်သင့် ပြီထင်တယ်။

Price - 35,000 ks

Touch Pro – 01 378 171, 09 73183051

## 5/ Samsung Mono & Stereo Dual Headset

ဒီ Headset ကို စီရင်ထားပုံက ဆန်းဆန်းပြားပြားပါပဲ။ Stereo ရော Mono ပါ Channel နှစ်မျိုး ခံစားနိုင်မယ်ဆိုပဲ။ တန်ဖိုးကလည်း အခြားသော Headset တွေနဲ့ မကွာခြားတာကြောင့် ရွေးချယ်ကြစတမ်းဆိုရင် ကိုယ့်ကို ရွေးချယ်ခွင့်ပေးထားတဲ့ ဒီ Headset ကိုပဲ ရွေးသင့်တယ်လို့ မထင်ဘူးလား။

Price- 14,000 Ks

Touch Pro – 01 378 171, 09 73183051

## 6/ Change Voltages Laptop Adapter

ဒီဘက်ခေတ်ရဲ့ အိုင်တီပစ္စည်းတွေကို ခံ့ခံ့မင်မင် သုံးစွဲနေပြီ ဆိုရင်တော့ ဒီ Voltage Changer ကိုဆောင်ထားသင့်ပြီ။ Universal AC/DC Adapter ဆိုပဲ။ 100 W AC/DC ဖြစ်ပြီး တစ်ဖက်မှာ Voltages ကို အပြောင်းအလဲ လုပ်ပေးမယ့် Port တွေက (၁၀) ခုတောင်ပါဝင်ပါတယ်။

Price - 12,000 ks

Touch Pro – 01 378 171, 09 73183051

## 7/ ELECOM Stereo Headphone

Ever Smile ပုံစံလေးတွေကို သစ်သီးတွေရဲ့ အရောင်အတိုင်းလေးဖန်တီးထားတာကတော့ တကယ့်ကို ပေါ့ပါးလွတ်လပ်တဲ့စတိုင်ပါပဲ။ နားကိုသက်တောင့်သက်သာဖြစ်စေဖို့အတွက် Silicon အစွပ်လေးတွေတပ်ပေးထားတယ်။ကြည်လင်ပြတ်သားတဲ့ အသံထွက်အတွက်တော့ ညွှန်းမနေတော့ပါဘူး။

Price-10,800 Ks

Cyber Plus – 01 227593 , 09 73056483

1




3




2




5




4




6




7



# Android ဖုန်းအတွက်သိထားသင့်သောအချက်များနှင့်ပြည်တွင်းပြည်ပ နာမည်ကျော် Mobile Apps များ






## Android ဖုန်းအတွက်သိထားသင့်သောအချက်များ

Android ဖုန်းဆိုတာ အားလုံးသိပြီးသားဖြစ်တဲ့ Powerful Platform OS တစ်ခုပါပဲ။ အဲ့ဒါကြောင့် အဲ့ဒီစွမ်းဆောင်ရည်ပြည့်ဝမှုတွေကို အပြည့်အဝ အသုံးချနိုင်ဖို့အတွက် လိုအပ်ပါတယ်။ အဲဒါလေးတွေကို အလွယ်တကူ အသုံးချနိုင်အောင် လေ့လာကြည့်ရအောင်။

တကယ်လို့သာ သင်ဟာ Android ဖုန်းတစ်လုံးကိုင်နေတဲ့သူဆိုရင်တော့ ဂုဏ်ပြုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Android ဟာ အတော်လေးကောင်းမွန်ပြည့်စုံတဲ့ စနစ်တစ်ခုဖြစ်ပြီး စိတ်ကြိုက်ပြုပြင်နိုင်ခွင့်များစွာရှိနေပါတယ်။ ဒါကြောင့် ပုံမှန်အတိုင်းပြည့်ဝနေတဲ့ Android ကိုပိုပြီး ကောင်းမွန်အောင် လုပ်ဆောင်နည်းလေးတွေကိုဖော်ပြပေးမှာဖြစ်ပါတယ်။

ဒီအတွက် သင့်မှာ Android ဖုန်းတစ်လုံးရှိပြီဆိုရင် ရပါပြီ။ မရှိသေးဘူးဆိုရင်တော့ Samsung Galaxy S4, HTC One အစရှိတဲ့စမတ်ဖုန်းများကစပြီး နောက်ဆုံးငွေကြေးချေတာနိုင်တဲ့ Android ဖုန်းတွေလည်းရှိပါတယ်။ ဘာပဲဖြစ်ဖြစ် အဆင်ပြေပါတယ်။

### 1. Home Screen လေးကို အလှဆင်ကြမယ်

Widgets ဆိုတာကတော့ အလွယ်တကူ အသုံးပြုနိုင်အောင် ဖန်တီးပေးထားတဲ့ စနစ်တစ်မျိုးပါပဲ။ သူရဲ့ အစွမ်းက ဘာလဲဆိုတော့ မိမိရဲ့ ဖုန်းမျက်နှာလေးတွေမှာအလှပဲဖြစ်ဖြစ်၊ အလွယ်တကူပဲဖြစ်ဖြစ် အသုံးပြုနိုင်အောင် လုပ်ပေးထားပါတယ်။ ပထမဆုံးဖုန်းအသစ်မှာဆိုရင်တော့ ထုတ်တဲ့ ဖုန်းကုမ္ပဏီကပေးလိုက်တဲ့ မူလအတိုင်းပဲရှိနေဦးမှာဖြစ်ပြီးနောက်ထပ် အသစ်လိုချင်ရင်တော့ App Launcher ဆိုတဲ့ apps တွေ အားလုံးစုထားတဲ့ နေရာကို သွားပြီး အဲဒီကနေမှ Widgets ဆိုတာကို သွားလို့ရသလို Home Screen လေးကိုနိပ်ထားပြီး ပေါ်လာတဲ့အခါမှ Widgets ဆိုတာကို ရွေးချယ်လို့လည်း ရပါတယ်။ Android OS ဖြစ်တဲ့အတွက် သာမန်အားဖြင့်တော့ ဖုန်းအားလုံးနီးပါးရဲ့ အမိက လုပ်ဆောင်ချက်တွေအားလုံး အတူတူနီးပါး ဖြစ်ပါတယ်။ ဒါဆိုရင် မိမိလိုချင်တဲ့ widgets လေးအပေါ်ကို ဖိထားပြီးမိမိလိုချင်တဲ့ Screen ပေါ်ဆို ဆွဲတင်လိုက်ရုံပါပဲ။

တစ်ကြိမ်မှာ တစ်ခုနှုန်းဖြင့် ထည့်သွင်းနိုင်ပြီး မိမိဖုန်းရဲ့ အများဆုံးပေးနိုင်တဲ့ Home Screen အတိုင်း အသုံးပြုနိုင်ပါတယ်။ ဥပမာအနေဖြင့် ရာသီဥတုဆိုင်ရာတွေ ၊ နာရီလှလှလေးတွေ ၊ အိမ်ကို အမြန်ဆုံးပြန်နိုင်မယ့် လမ်းကို ညွှန်ပြနိုင်မယ့် widgets တွေ ၊ နတ်တွေ ကို အလွယ်တကူမှတ်နိုင်တဲ့ Note pad ၊ bookmarks တွေနဲ့အခြားမြောက်မြားစွာသော Widgets တွေကို ထည့်သွင်းထားနိုင်ပါတယ်။ ဒါဟာမိမိဖုန်းကို လှတပတလေး ဖြစ်စေတာမို့ ကြည့်မိသူတိုင်းလည်း လိုချင်စိတ်လေး ဖြစ်စေနိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် အခြားသောဖုန်းရဲ့ shortcuts များကိုလည်း တင်ထားနိုင်ပါသေးတယ်။

### 2. အလွယ်တကူ ဖုန်းခေါ်ဆိုနိုင်မယ့် widgets

စာရေးသူအနေနဲ့ အကြံပြုချင်တဲ့ widgets လေးရှိပါတယ်။ ဘာလဲဆိုတော့ Android ကနေ ထုတ်ကတည်းက ပါဝင်လာပြီးသားဖြစ်တဲ့ 1 by 1 Contact widget ဖြစ်ပါတယ်။ ဒါက ဘာလဲဆိုတော့ အဲဒါကမိမိအတွက် အမှတ်တရဖြစ်တဲ့သူ ၊ မိမိအမြဲတမ်း နီးပါး ဖုန်းခေါ်တတ်တဲ့သူလိုမျိုးကို တင်ထားသင့်သည့် widget ဖြစ်သည်။ အဲဒီမှာ အလွယ်တကူ လုပ်ချင်တယ်ဆိုရင်တော့ သူရဲ့ widgets လေးပေါ်ကိုနိပ်လိုတာနဲ့ call, Message တို့ကို တိုက်ရိုက်သွား နိုင်သောစနစ်ကို အသုံးပြုနိုင်သည့်အတွက် contact တွင် နာမည်ကို လိုက်ရှာနေစရာမလိုတော့ပေ။ ယခုနောက်ဆုံးထွက်တဲ့ Samsung Galaxy S4 တို့မှာဆိုရင် အဲလိုမျိုး တိုက်ရိုက်ခေါ်ဆိုနိုင်တဲ့ contact တွေကို အများကြီး ထားနိုင်တာကို တွေ့ရတယ်။ လုပ်ဆောင်နည်းကလည်း လွယ်ကူပါတယ်။ ဖုန်းမျက်နှာပြင်ရဲ့ လွတ်နေတဲ့ နေရာမှာ ခဏလေး ဖိထားယုံဖြင့် အလွယ်တကူ widgets တွေကိုတွေ့နိုင်ပြီး အဲဒီအထဲမှာ မိမိလိုချင်တဲ့ widgets တွေကိုလည်း စိတ်ကြိုက်ရှာဖွေနိုင်ပါသေးတယ်။

### 3. Google Play ကနေ သီချင်းတွေကို နားထောင်နိုင်တယ်

Apple တွေကို အသုံးပြုကြတဲ့သူတွေဟာ iTunes ပေါ်ကနေ သီချင်းတွေကို နားထောင်နိုင်သလို ယခုလည်း Android အသုံးပြုသူတွေအတွက် Google Play ကနေပြီးသီချင်းတွေကိုနားဆင်နိုင်နေပါပြီ။ iTunes ကနေ ရရှိနိုင်တဲ့သီချင်းတွေ အတွက် iTunes ကနေရနိုင်သော်လည်း ဒီထက် ကျော်ရင်တော့ DubleTwist လိုမျိုးတွေကိုသုံးရပါတယ်။ Google Play ကတော့ Space ပေါ်မှာ နေရာလွတ်ရှိ သလောက်ကို ဓာတ်ပုံတွေ ၊ ဗီဒီယိုတွေ apps တွေကို သိမ်းနိုင်တဲ့ အပြင်ဂိမ်းတွေကိုလည်း အသုံး ပြုနိုင်သလို နောက်ဆုံး သီချင်းတွေကိုလည်း ထည့်သွင်းအသုံး ပြုနိုင်ပါတယ်။ Music Manager လိုမျိုး Software ကို ကွန်ပျူတာ ပေါ်မှာတင်ထားမယ်ဆိုရင် ဘယ်နေရာပဲရောက်ရောက် သင့်ကွန်ပျူတာထဲမှာ Music Library ကတည်ရှိနေမှာဖြစ်ပါတယ်။ ဒါဟာ Apple ရဲ့ iTuneMatch နှင့် အလားသဏ္ဍာန် တူနေပါတယ်။ ထို့အပြင်မတူညီတဲ့ သီချင်းတွေကိုလည်း upload တင်ထားနိုင်ပါတယ်။ ထို့နောက်မိမိသီချင်းတွေကို Google Play Music Player ကို အသုံးပြုပြီး နားဆင်နိုင်မှာ ဖြစ်ပါတယ်။

## 4. Google Play ဝက်ဆိုက်ကနေ install လုပ်နိုင်မယ်

တစ်ခါတစ်ရံမှာ ကိုယ်က ဖုန်းနဲ့မဟုတ်ပဲ ရိုးရိုးသာမန် ကွန်ပျူတာနှင့် အသုံးပြုရင်း မိမိထည့်သွင်းလိုတဲ apps လေးတွေကို တွေ့တက်ပါတယ်။ အဲဒီအချိန်မျိုးမှာ Google Play Store ကို ဝက်ဆိုက်ကနေတစ်ဆင့် တိုက်ရိုက်သွား ပြီး မိမိဖုန်းအတွင်းကို တိုက်ရိုက်ထည့်သွင်းနိုင်ပါတယ်။ လုပ်နည်းကတော့ လွယ်ပါတယ်။ မိမိဖုန်းဟာ အင်တာနက် မရှိချိန်ဖြစ်နေမယ် ၊ မိမိကလည်း ရိုးရိုးလက်တော့ပ် ၊ desktop ကွန်ပျူတာများကနေသုံးနေမယ် ကိုယ်လိုချင်တဲ့ apps လေးတွေကိုလည်း Google Play Store မှာရှိလို့ တစ်ခါတည်းသွင်းချင်ပေမယ့် ဖုန်းထဲကို တိုက်ရိုက် ထည့်ဖို့နည်းလမ်းမရှိဖြစ်တတ်ပါတယ်။ ဒါပေမယ့် Google mail အကောင့်ရှိသူများအတွက်ကတော့ ဒါကို အလွယ်တကူ ဖြေရှင်းနိုင်ပါတယ်။ မိမိဖုန်းမှာ အင်တာနက်ရတဲ့အချိန်မှာ အလိုအလျောက်သူဘာသာ download လုပ်ပေးနိုင်တဲ့ အတွက် Google Play Store ကနေ တိုက်ရိုက်ဝင်ရောက်ပြီး မိမိလိုချင်သော apps တွေကို install ပြုလုပ်ထားနိုင် ပါတယ်။ ဒါပေမယ့် Google Play Store ထဲကို ဝင်တဲ့အကောင့်နဲ့ ဖုန်းထဲကို ထည့်သွင်းထားတဲ့ အကောင့်က အတူတူပဲဖြစ်ရပါတယ်။

## 5. Apps တွေကို အလိုအလျောက် Update စနစ်ထားခြင်း

ဒါကတော့ပြည်တွင်းအခြေအနေနဲ့ သိပ်မကိုက်ပါဘူး။ဘာဖြစ်လို့လဲဆိုတော့ ဖုန်းက အင်တာနက် အမြဲတမ်းမရတဲ့ အတွက်ပါပဲ။ ဒါပေမယ့်လည်း အဆင်ပြေနိုင်တဲ့ နည်းလမ်းကတော့ Wifi ရနိုင်တဲ့ အချိန်မှာ ချိတ်လိုက်တဲ့ အချိန်မျိုးမှာ အလိုအလျောက်စနစ်နဲ့ လိုအပ်တဲ့ apps တွေရဲ့ update version တွေကို Download လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ လုပ်ဆောင်နည်းကတော့ Menu button ကို သွားရမယ်။ ထို့နောက် Settings ကို သွားပြီး Auto-update apps ဆိုတာမှာ check mark လေးတွေ လုပ်ထားနိုင်ယုံပါပဲ။ ကိုယ်ဆီမှာ မိုဘိုင်းဖုန်းကနေ တိုက်ရိုက်သုံးတဲ့အင်တာနက် စနစ်ရှိနေမယ်ဆိုရင် အင်တာနက်ဖွင့်တာနဲ့အလိုအလျောက် update မလုပ်နိုင်အောင် Wi-Fi only ဆိုတာလေးကိုပါcheck mark ပေး ထားနိုင်ပါတယ်။ ဒါမှသာ Wi-fi ရတဲ့ အချိန်ကြမှ သူဘာသာ အလိုအလျောက်စနစ်နဲ့ update လုပ်နေမှာဖြစ်ပါတယ်။

## 6.Gesture Keyboard ထည့်သွင်းခြင်း

ဒီစနစ်ကို မသုံးဖူးသေးတဲ့ သူအတွက်ကတော့ အနည်းငယ်စိတ်ရှုပ်စရာတစ်ခုလို့ ထင်ကောင်းထင်ပါမယ်။ ဒါပေမယ့် အသုံးပြု တက်သူများ အတွက်ကတော့ အတော်လေးကောင်းမွန်တဲ့ ကီးဘုတ်စနစ်တစ်ခုဖြစ် ပါတယ်။ မိမိရိုက်ချင်တာကို တစ်ပြိုင်နက် တည်းမှာ မလွတ်ပဲ ဆွဲကာ အသုံးပြုနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ Gesture ကီးဘုတ်စနစ်ကတော့ Swype သို့ SwiftKey တို့နဲ့ အနည်းငယ် တူသလိုရှိပါတယ်။ တကယ်လို့ Gesture အလုပ်လုပ်ပုံ လုပ်နည်းကို မသိဘူးဆိုရင်တော့ အင်တာနက်က ဗီဒီယိုတွေမှာ လေ့လာနိုင်ပါတယ်။ အခမဲ့ရနိုင်တဲ့ Gesture apps တွေအများကြီးရှိသလို ငွေပေးဝယ်မှရနိုင်တဲ့ကီးဘုတ်များအထိရှိနေပါတယ်။

## 7. Google Now ကိုထည့်သွင်းခြင်း

Google Now ဆိုတာကတော့ တော်လေးကောင်းမွန်တဲ့ Google ရဲ့ထုတ်ကုန်တစ်ခုဖြစ်ပြီး Android ဖုန်းအသစ်တွေ အတွက် ထုတ်လုပ်ပေး ထားခြင်းဖြစ်ပါတယ်။ ဒီစနစ်က သင့်အတွက် သတင်းအချက်အလက်တွေကိုအလိုအလျောက် ချိတ်ဆက်ပေးနိုင်ပြီး သင်ဘာကိုရှာနေလဲ ၊ဒါမှမဟုတ် အခြားဘယ်လို သတင်းမျိုးအလက်အလက်မျိုးကိုလိုအပ်လဲ အားလုံးကို ရှာဖွေပေးနိုင်ပါတယ်။ ဥပမာအနေနဲ့ဆိုရင် သင်ဟာ ရထားဘူတာရုံတစ်ခုမှာ ရောက်နေတယ်ဆိုရင် အဲဒီ ဘူတာကို ရထားဘယ် အချိန်ဆိုက်ရောက်မလဲဆိုတဲ့ သတိပေးမှုမျိုးကို လုပ်ပေးနိုင်ပါတယ်။ ထို့အတူပဲ ရထားပေါ်မှာ ဆိုရင်လည်း နောက်ရောက်မယ့် ဘူတာကို သတိပေးပါလိမ့်မယ်။ ထို့အတူပဲ သင့်ရဲ့ နေထိုင်ရာတည်နေရာကို မှတည် ပြီး ကားလည်း ကျပ်မှုတွေ ဖြစ်တဲ့အခါမှာလည်း သင့်ရဲ့ မေးလ်ဆီကို အကြောင်းကြားစာ ရောက်လာပါလိမ့်မယ်။ ဒီထက် လုပ်ဆောင်နိုင်တာတွေ အများကြီး ရှိနေပေမယ့် ပြည်တွင်းမှာကတော့ သိပ်ပြီး အလုပ်ဖြစ်မယ့် apps တစ်ခု မဟုတ်ပါဘူး။

## 8. တကယ်လို့ မရှိသေးဘူးဆိုရင် Chrome ကိုထည့်ထားပါ

အမှန်တကယ်ဆိုရင် Chrome ဆိုတာ Android အတွက် default အနေဖြင့် ပါလာတဲ့ ဘရောက်ဆာတစ်ခုဖြစ်ပေမယ့် အချို့ ဖုန်းထုတ်လုပ်သူတွေကတော့ Chrome အစား သူတို့ ထုတ်လုပ်တဲ့ ဘရောက်ဆာတွေကို အစားထိုး အသုံးပြုကြပါတယ်။ ဒါကြောင့် Chrome က ပါမလာပဲ ကျန်နေခဲ့တာ ဖြစ်ပါတယ်။ဒါကြောင့် သူ့ Android နှင့် အသုံးတည့်မည့် Chrome ကို ပြန်လည်ထည့်သွင်းထားသင့်ပါတယ်။ ဘာလို့လဲဆိုတော့ Chrome ဟာ မြန်ဆန်တယ် ၊ ရိုးစင်းတယ် ၊ တကယ်လို့သာ ကွန်ပျူတာမှာလည်း အသုံးပြုတယ်ဆိုရင်တော့ အလိုအလျောက် ဖုန်းအတွင်းကို bookmark တွေကို sync လုပ်ထားနိုင်ပါတယ်။ ဒါကြောင့် ကွန်ပျူတာမှာ သိမ်းထားသမျှ bookmarks တွေကို ဖုန်းအတွင်းက Chrome မှာ အသုံးပြုနိုင်ပါတယ်။ တကယ်လို့ ဖုန်းအတွင်းမှာ မရှိဘူးဆိုရင်တော့ Google Play Store ကနေ တိုက်ရိုက် ဒေါင်းနိုင်ပါတယ်။ ထို့နောက် ဘရောက်ဆာကို တစ်ကြိမ်ဖွင့်ကာ Chrome ကို Default အနေနဲ့ပေးထားခြင်းဖြင့် နောက် တစ်ကြိမ်အသုံးပြုတာနဲ့ တိုက်ရိုက် ရောက်လာမှာပါ။

## 9. သင့်ရဲ့ကွန်ပျူတာပေါ်ကနေ Text Message တွေကိုဖတ်နိုင်

သင့်ရဲ့ ကွန်ပျူတာ ၊ တက်ဘလက်ကနေ ဖုန်းကို ပေးပို့တဲ့ စာသားတွေကို ဖတ်နိုင် ၊ ပြန်လည်ပေးပို့နိုင်စေဖို့အတွက် third-party appsတွေများစွာ ရှိပါတယ်။ အဲဒီ apps တွေထဲကမှ လူသုံးအများဆုံးလဲဖြစ် စာရေးသူလည်း အကြိုက်တွေ့တဲ့ apps ကတော့ Mighty Text ဆိုတဲ့ apps ပဲဖြစ်ပါတယ်။ အဲဒီ apps လေးကို ဖုန်းထဲကို install လုပ်ပါ။ ထိုနောက် အသေးစိတ် လုပ်ဆောင်ချက်များအတွက် Mighty Text ၏ ဝက်ဆိုက်ကို သွားရောက်လေ့လာကာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ www.mighty-text.net/install မှာ လေ့လာနိုင်ပါတယ်။ ထိုနောက် သင့်ရဲ့ text massage တွေကို ကွန်ပျူတာကဖြစ်စေ ၊ တက်ဘလက်ကနေ ဖြစ်စေ တိုက်ရိုက်ဖတ်ရှုနိုင်ပါပြီ။

## 10. "Share" စနစ်အား ထိရောက်စွာ အသုံးပြုခြင်း

စာဖတ်သူတို့အတွက် Android ဖုန်းတစ်လုံးကိုင်ထားပြီဆိုရင် သူမှာပါဝင်တဲ့ built-in feature တွေကို ပြည့်ဝစွာ အသုံးချနိုင်မှုအားနည်းတာကို တွေ့ရပါတယ်။ Share စနစ်ဟာ အလွယ်တကူ လုပ်ဆောင်နိုင်ရုံတင်မကပဲ ဘယ်လို apps နစ်မျိုးကိုမဆို သင့်ဖုန်းကနေ အခြားဖုန်းတစ်လုံးကို ဆက်သွယ်ပေးနိုင်ပါတယ်။မိမိဖုန်းကနေ ဘယ်လိုမျိုးအရာကိုမဆိုအလွယ်တကူ အခြားသူအား မျှဝေနိုင်မည့် နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ ဥပမာ Bluetooth ကနေ ဆက်သွယ်မလား ၊ အီးမေးလ်ကနေ ဆက်သွယ်မလား အခြား share လို့ရနိုင်တဲ့ နည်းလမ်းပေါင်းစုံကနေ မျှဝေ နိုင်ရန်အတွက် ထည့်သွင်း ပေးထားသည့် features တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် မိမိဖုန်းအတွင်းက ဟာတွေကို အခြား အကောင့်တစ်ခုခုကနေ မျှဝေချင်တာပဲဖြစ်ဖြစ် ၊ dropbox လိုမျိုးနေရာမျိုးမှာ သိမ်းထားချင်တာမျိုးပဲဖြစ်ဖြစ် အလွယ်တကူ သိမ်းထားနိုင်အောင် လုပ်နိုင်ပါတယ်။

## 11. Maps Offline အဖြစ်အသုံးပြုနိုင်ခြင်း

ဒါက အရင်တုန်းကဆိုရင် မရနိုင်ခဲ့ပါဘူး။ နောက်ပိုင်း Android OS ဗားရှင်းတွေ မြှင့်လာတော့မှ ရရှိလာတဲ့ features တစ်မျိုးပါပဲ။ Maps ကို Google Maps ဖြစ်ချိတ်ဆက်ထားပြီး အင်တာနက်မရှိသည့် အချိန်များတွင် အလွယ်တကူ အသုံးပြုနိုင်စေဖို့အတွက် မိမိလိုချင်တဲ့ မြေပုံတွေကို Offline ပြုလုပ်ထားခြင်းနည်းလမ်းဖြင့် အလွယ်တကူ ပြန်လည်အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် GPS စနစ်ဖြင့် ပူးတွဲ အလုပ်လုပ်ပါက အလွယ်တကူ အသုံးပြုနိုင်ပြီး အင်တာနက် ချိတ်ဆက်ထားစရာ မလိုပဲ အသုံးချနိုင်ပါတယ်။ လုပ်ဆောင်နည်းကတော့ Google Maps မြေပုံ apps ကို မိမိဖုန်းအတွင်းမှာ ထည့်သွင်းထားရပါမယ်။ ထိုနောက် Menu button ကို နှိပ်ကာ Make Available offline ဆိုတာကို နှိပ်လိုက်ရုံပါပဲ။ ထိုနောက် maps ပေါ်မှာမိမိလိုချင်တဲ့ မြေပုံနေရာကို နေရာချကာ download ပြုလုပ်ထားရုံဖြစ်ပါတယ်။ အဲဒီ offline လုပ်နေချိန်မှာတော့ ပထမဆုံး အင်တာနက်ချိတ်ဆက်ထားရပါမယ်။ နောက်ပိုင်းတွေမှာ မလိုအပ်တော့ပါဘူး။

## 12. ကွန်ပျူတာကို အလွယ်တကူ ချိတ်ဆက်ကာ အမြန်ဆုံး လွှဲပြောင်းနိုင်ခြင်း

Android ဖုန်းတွေရဲ့ အားသာချက်တစ်ခုကတော့ Apple ရဲ့ iPhone တွေလိုမျိုး iTunes ပါမှ ချိတ်ဆက်နိုင်တာမျိုး စနစ်တွေမရှိပဲ အလွယ်တကူပဲ ကွန်ပျူတာနဲ့ ချိတ်ဆက်ပြီး ဖိုင်တွေ ၊ ဓါတ်ပုံတွေနဲ့အခြားအရာတွေကို ဝေမျှနိုင်ခြင်း ဖြစ်ပါတယ်။ တကယ်လို့ ကွန်ပျူတာမှာဖုန်းနဲ့ ပတ်သက်တဲ့ driver မျိုးမရှိဘူးဆိုရင်တောင်မှ ဖုန်းထဲက အချက်အလက်တွေ ကို အလွယ်တကူပဲ ကွန်ပျူတာနဲ့ ချိတ်ဆက်ပြီး ရွှေ့ပြောင်းနိုင်ခြင်းက Android ဖုန်းတွေရဲ့ အားသာချက်တစ်ခုပါပဲ။ ဒါကို လုံခြုံရေးအပိုင်းက ကြည့်ရင်တော့ အားနည်းတယ်လို့ဆိုနိုင်ပေမယ့် အားသာချက်ကို ပြန်ကြည့်မယ်ဆိုရင်တော့ အကောင်းဆုံး အသုံးချနိုင်စွမ်းကို ရရှိစေတာပဲ ဖြစ်ပါတယ်။ သာမန်အသုံးပြုသူများအဖို့ မိမိဖုန်းအတွင်းမှာ အရေးကြီးတဲ့ စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်မျိုး ၊ အခြား အချက်အလက်တွေကို သိမ်းဆည်းထား လေ့မရှိကြတဲ့ အတွက်ပါပဲ။ သာမန် အသုံးပြုမှုမျိုးအတွက် iTunes လိုမျိုး software တင်ပြီးမှ ကွန်ပျူတာနှင့် ချိတ်ဆက်နိုင်တာမျိုးထက်စာရင် ယခုလိုမျိုး အလွယ်တကူ ပြောင်းရွှေ့နိုင်ခြင်းက အားသာချက်တစ်ခုပါပဲ။

ဖုန်းကို USB ကြိုးကနေတစ်ဆင့် အလွယ်တကူပဲ ချိတ်ဆက်ပြီး ကွန်ပျူတာကနေ ဖုန်းအတွင်းမှာရှိတဲ့ အချက်အလက်တွေကို ရယူနိုင်ပါတယ်။ ဖုန်းအတွင်းမှာ DICM ဆိုတဲ့ ဖိုလ်ဒါဆိုတာကတော့ ဖုန်းကင်မရာကနေ ရိုက်ကူးထားတဲ့ ဓါတ်ပုံတွေကို အလွယ်တကူ ကွန်ပျူတာဆီကို ရွှေ့ပြောင်းနိုင်အောင် စုစည်းထားတဲ့ ဖိုလ်ဒါပဲ ဖြစ်ပါတယ်။ ထို့အတွက် ဖုန်းကို USB နဲ့ ချိတ်ဆက်လိုက်တာနဲ့ ဖုန်းရဲ့ notification မှာ USB ကို ချိတ်ဆက် နိုင်ဖို့ အတွက် စနစ် တစ်ခုပါဝင် လာပြီး အဲဒီ စနစ်ကိုon ပေးလိုက် တာနဲ့ ကွန် ပျူတာနဲ့ ဖုန်းတိုက်ရိုက်ချိတ်ဆက်နိုင်ပြီ ဖြစ်ပါတယ်။



## 13. ဓါတ်ပုံတွေကိုအွန်လိုင်းမှာသိမ်းထားမယ်

မိမိအတွက် အမှတ်တမဲ့ရိုက်ကူးလိုက်တဲ့ ဓါတ်ပုံတွေကိုသိမ်းဆည်းနိုင်ဖို့အတွက် အကောင်းဆုံးနည်းလမ်းတစ်ခုပါပဲ။ ဘာကြောင့်လဲဆိုတော့ မိမိဖုန်းဟာ အကြောင်းတစ်စုံတစ်ရာကြောင့်ပျောက်ဆုံးသွားမယ်ဆိုရရင် မိမိဖုန်း အတွင်းက ဓါတ်ပုံတွေကိုပြန်လည်ရယူနိုင်မယ့်နည်းလမ်းဖြစ်လို့ပါပဲ။ ဒါဟာ ဘာမှ မပန်းမကြီးတဲ့ အလုပ်ဖြစ်ပေမယ့် တကယ် အသုံးဝင်တဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ အလွယ်ကူဆုံးနည်းလမ်းကတော့ မိမိဖုန်းအတွင်းက ဖုန်းတွေကို Google + လို့ခေါ်တဲ့ Google ရဲ့ စနစ်တစ်ခုထဲမှာ အလိုအလျောက်သိမ်းပေးထားတဲ့ စနစ်ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီပုံတွေ အွန်လိုင်းမှာ ရောက်သွားပေမယ့် အခြားသူများကို ပြသခြင်းမျိုးမဟုတ်ပဲ မိမိတစ်ဦးတည်းသာ အွန်လိုင်းမှာ အကောင့်ဖွင့်ကာ ကြည့်နိုင်ခြင်းမျိုးဖြစ်သည့်အတွက် လုံခြုံရေးအတွက်လည်း စိတ်ချရပါတယ်။ နောက်ပိုင်းမှမိမိဝေမျှ ချင်တယ်ဆိုတော့မှသာ အလွယ်တကူ အခြားသူများကို ဝေမျှနိုင်ပါတယ်။Google+ app ကို ဖွင့်ကာ Settings ထဲကနေ Instant upload ဆိုတာကို ရွေးချယ်ထားမယ်ဆိုရင် မိမိဖုန်းဟာ အွန်လိုင်းကို ရောက်တာနဲ့ အလိုအလျောက် စနစ်နဲ့ ဖုန်းအတွင်းက ဓါတ်ပုံတွေကို အွန်လိုင်းပေါ်ကို တင်ပေးမှာဖြစ်ပါတယ်။ ဒါကြောင့် ဖုန်းပျောက်သွားမယ်ဆိုရင်တောင်မှ မိမိရဲ့ အမှတ်တရ ဓါတ်ပုံတွေကို မဆုံးရှုံးတော့ပါဘူး။ တကယ်လို့ သင့်အနေနဲ့ Google+ ကို အသုံးပြုမှုမရှိဘူးဆိုရင်တောင်မှ အခြားနည်းလမ်းတွေဖြစ်တဲ့ dropbox , SugarSync လိုမျိုး အွန်လိုင်း Cloud စနစ်တွေမှာ ချိတ်ဆက်ပြီး တင်ထားနိုင်ပါတယ်။ ဒါပေမယ့် အဲဒါတွေကတော့ သိုလှောင်နိုင်မှုစနစ် အကန့်အသတ်ရှိတဲ့အတွက် ဓါတ်ပုံတွေ များများ သိမ်းချင်ရင်တော့ Google+ မှာ သိမ်းတာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

## 14. Remote Find and Wipe အတွက် App ရယူထားခြင်း

ဒီစနစ်ကတော့ Android ဖုန်းတွေမှာ မပါဝင်တဲ့ feature တစ်ခုပါပဲ။ တကယ်လို့ ဖုန်းက ပျောက်သွားတာပဲ ဖြစ်စေ ၊ အခိုးခံလိုက်ရတာပဲဖြစ်စေ မိမိဖုန်းကို ပြန်လည်ရယူနိုင်ဖို့အတွက် နည်းလမ်းတစ်ခုပါပဲ။ ဒါပေမယ့် ထည့်သွင်းထားတဲ့ feature မပါဝင်တဲ့ အတွက် third-party လိုမျိုး App တွေကို အသုံးပြုရပါမယ်။

ဥပမာအနေနဲ့ သုံးနိုင်တဲ့ app တစ်ခုကတော့ Android lost ဆိုတဲ့ app ဖြစ်ပါတယ်။ ဒါဟာ သိပ်အကောင်းကြီး မဟုတ်ပေမယ့်လည်း အခမဲ့ အသုံးပြုနိုင်တဲ့ app တစ်ခုဖြစ်ပါတယ်။ ဒီ app မှာ သင့်ဖုန်းအတွက် ထိန်းချုပ်နိုင်မယ့် remote control စနစ်တွေ အမြောက်အများ ပါရှိပါတယ်။ အခြားအသုံးဝင်တဲ့ app တွေလည်း အများကြီး ရှိပါသေးတယ်။ အဲဒီ app တွေကနေ မိမိဖုန်းဆီကို message တွေကို ပေးပို့နိုင်သလို screen ကိုလည်း lock လှမ်းလုပ်နိုင်ပါတယ်။ နောက်ထပ် ကောင်းမွန်တဲ့ app တစ်ခုကတော့ Cerberus ဆိုတာဖြစ်ပြီး မိမိဖုန်းရဲ့ တည်နေရာကို မြေပုံမှာ ပြသပေးတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒါကလည်း carries တွေနဲ့ ဆိုင်သေးသလို အခမဲ့အနေနဲ့ကလည်း တစ်ပတ်ပဲ ပေးသုံးပါတယ်။

## 15. အသစ်ပါဝင်လာတဲ့ Refunds button

တကယ်လို့ကိုယ်ကသာ Android apps တွေကို ငွေပေးပြီး သုံးနေတဲ့သူတစ်ယောက်ဖြစ်မယ်ဆိုရင် အဲဒီ refunds button လေးက အတော်လေးအသုံးဝင်မှာပါ။ဘာဖြစ်လို့လဲဆိုတော့ငွေပေးချေပြီးဝယ်ရတဲ့အခါမှာ မိမိက မှားပြီး ဝယ်လိုက်မိတဲ့ app တစ်ခုကို ငွေချေပြီးသွားရင် ဘယ်တော့ မှာ ပြန်တောင်းလို့ မရတော့ပါဘူး။ ဒါပေမယ့် အခု Refunds buttonလေး ကတော့ ကူညီနိုင်ပါတယ်။ တကယ်လို့ ကိုယ်သွင်းလိုက်တဲ့ app ကိုမကြိုက်လို့ မဝယ်ချင်တော့ဘူးဆိုရင် ၁၅ မီးနစ်အတွင်း ပြန်ပြီး cancelလုပ်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒါဟာ လုံလောက်တဲ့ အချိန်တစ်ခုလို့ ဆိုနိုင်ပါတယ်။ ၁၅ မီးနစ်ကျော်သွားရင်တော့ မိမိ app ကို မရနိုင်တော့ပါ ဘူး။ ဒါပေမယ့် အခြားဘယ်အချိန်မဆို အဲဒီ app ကို မိမိအကောင့်ကနေ အသုံးပြုနိုင်ခွင့်တော့ ရရှိမှာ ဖြစ်ပါတယ်။ app တွေကို ဝယ်ပြီး မသုံးမလို တော့တဲ့ အခါမျိုးတွေအဖြစ် မိမိဖုန်းနဲ့ app က အဆင်မပြေတာမျိုး ၊ ဒါမှ မဟုတ် သုံးဖို့အတွက်ဆိုပြီး ဝယ်ပြီးခါမှ မသုံးချင်တော့သောကြောင့်ဖြစ်စေအဲလိုမျိုးအကြောင်းအမျိုးအတွက် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ငွေပေးဝယ် လိုက်ပြီးတဲ့ app ဖြစ်မယ်ဆိုရင် ကိုယ်မလိုချင်ရင် ချက်ချင်း ၁၅ မိနစ် အတွင်း စဉ်းစားကာ မသုံးချင်တော့ရင် Refunds ကို နှိပ်နိုင်ပါတယ်။ဒါဟာအသုံးပြုသူတွေ အတွက် အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။

# ယခုတစ်ပတ်အတွက်အကောင်းဆုံး Android Apps ထုတ်ကုန်များ

**TOP 5 ANDROID APPS**

ဒီ apps ၅ခုကတော့ ယခုတစ်ပတ်အတွက် top 5 စာရင်းဝင်လို့ပြောနိုင်တဲ့ apps များပဲဖြစ်ပါတယ်။ ၅မျိုးစလုံး ကိုယ့်အတွက်အသုံးမဝင် ပေမယ့်လည်း တစ်ချို့ apps တွေကတော့ အသုံးဝင်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

## 1. Angry Birds Friends (Free)







Angry Birds ဆိုရင် ဂိမ်းဆော့တဲ့သူအားလုံးနီးပါးသိနေမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့ပေါ်မှာ အကောင်းဆုံး ဂိမ်းစာရင်း ဝင်နေတဲ့ ဂိမ်းတစ်ခုဖြစ်လို့ပါပဲ။ Android အတွက် အခမဲ့ဗားရှင်းရော အခပေးဗားရှင်းရော နှစ်မျိုးစလုံး ထွက်ရှိပြီး ဗားရှင်းမှုကွဲ တွေလည်း အများကြီး ထွက်ရှိခဲ့တဲ့ ဂိမ်းဇာတ်လမ်းကောင်းတစ်ခု ဖြစ်ပါတယ်။ ယခုလည်း ယခုတစ်ပတ်အတွက် အကောင်းဆုံး apps စာရင်းမှာ ထိပ်ဆုံးကနေ ရပ်တည်နေခဲ့ပါတယ်။ အခုဂိမ်းက အသစ်တော့မဟုတ်ပါဘူး။ Facebook ပေါ်မှာ ကစားနိုင်ခဲ့တာ ကြာခဲ့ပြီး ယခု မိုဘိုင်း ဗားရှင်းအဖြစ် ပြောင်းလဲထားခြင်း ဖြစ်ပါတယ်။

## 2. Bejeweled Blitz (Free)




Bejeweled Blitz ဆိုတာကတော့ အားလုံး သိပြီးသားဖြစ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အလွယ်တကူကစားနိုင်တဲ့ ဂိမ်းအမျိုး အစား တစ်ခု ဖြစ်နေတဲ့အတွက် ဖြစ်ပါတယ်။ ထို့အတူပဲ ကမ္ဘာမှာ အကောင်းဆုံးနဲ့ နံပါတ်တစ်စာရင်းဝင် puzzle ဂိမ်းအမျိုးအစား တစ်ခုဖြစ်ပါတယ်။ ထို့အပြင် ဖုန်းမှာရော တက်ဘလက်များမှာပါ အသုံးပြုနိုင် အောင်ပြုလုပ်ထားသလို hardware ပိုင်းရဲ့ လိုအပ်ချက်ကလည်း မမြင့်မားတဲ့အတွက် သာမန် android ဖုန်းအတွင်းမှာတောင် ထည့်သွင်းကာ ကစားနိုင်မှာ ဖြစ်ပါတယ်။ စတင်ကစားတဲ့ user အသစ်အတွက် coin ပေါင်း တစ်သိန်းအထိ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီဂိမ်းကို နာမည်ကျော် puzzle ဂိမ်းတွေကို ထုတ်လုပ်တဲ့ PopCap ကနေ ထုတ်လုပ်ထားတာဖြစ်ပြီး Play Store မှာ အခမဲ့ရယူနိုင်ပါတယ်။

## 4. Tech. (Free)

tech.
the week in technology

အွန်လိုင်းကနေ တိုက်ရိုက်ဖတ်ရှုနိုင်တဲ့ Tech. နည်းပညာ မဂ္ဂဇင်းဖြစ်ပြီး တစ်ပတ်တစ်ကြိမ် ဖြန့်ချိပါတယ်။ ဒါပေမယ့် အခမဲ့တော့ မဟုတ်ပါဘူး။ ပထမဆုံး subscribe လုပ်တာနဲ့ issue တစ်ခုကို ဒေါ်လာ 1.99 ဖြင့် ဝယ်ရမှာ ဖြစ်ပြီး တစ်လစာ ရက် ၃၀ အခမဲ့ ဖတ်နိုင်ပါတယ်။ နည်းပညာကို လေ့လာနေတဲ့သူတွေအတွက်ကတော့ အဆင်ပြေပါလိမ့်မယ်။ ဒါပေမယ့် ပြည်တွင်းမှာက Google Play Store ကနေ ဝယ်ယူဖို့အတွက် အနည်းငယ် ခက်ခဲနိုင်တဲ့အတွက် လောလောဆယ်တော့ ပြည်တွင်းနဲ့ မကိုက်ညီသေးဘူးလို့ ဆိုရပါမယ်။ ဒါပေမယ့် ယခုတစ်ပတ်အတွက်ကတော့ အကောင်းဆုံး apps တွေစာရင်းမှာ ပါဝင်လာခဲ့ပါတယ်။ နည်းပညာနဲ့ပတ်သက်ပြီး မိုဘိုင်းနည်းပညာ ၊ ကွန်ပျူတာ နည်းပညာ ၊ ဂိမ်းနည်းပညာ အစရှိတဲ့ နည်းပညာ ဆိုင်ရာတွေကို ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။

## 3. Zeebox (Free)




Zeebox ကိုတော့ ပြည်တွင်းက Android အသုံးပြုသူတွေ သိပ်ပြီး သိကြမယ်လို့မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်းမှာ အသုံးပြုလို့မရနိုင်တဲ့ အတွက် ဖြစ်ပြီး ထည့်သွင်းလို့တော့ ရပါတယ်။ အဲဒီ app က TV Guide app တစ်ခုလည်း ဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ ပြည်တွင်းမှာတော့ 5 Network တို့ MRTV4 နှင့် ဆက်စပ်ရုပ်သံလိုင်းတို့နှင့် Skynet တို့လိုမျိုး MWD digital channel လိုမျိုးတွေ ရနိုင်ရင်တော့အဆင်ပြေနိုင်လောက်ပါတယ်။ ဒါကတော့ နိုင်ငံတကာရဲ့ ရုပ်ရှင်တွေ ၊ တီဗီစီးရီးတွေကို ကြည့်ကာ ဘယ်အချိန်မှာ ဘယ်ကားပြမယ်။ ဘယ်ကားကတော့ အတော်လေး ဟော့နေတယ် ၊ အစရှိတာတွေကို သိရှိနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းမှာလည်း အဲလိုမျိုး ထုတ်ပေးနိုင်ရင် ကောင်းမယ်လို့ ယူဆမိပါတယ်။

## 5. AVG Memory & Cache Cleaner (Free)




ဒီ app လေးကတော့ အခမဲ့လည်းဖြစ် အသုံးဝင်မှုလည်း များတဲ့အတွက် ဘယ်လို android ဖုန်းအတွင်းမှာမဆို ထည့်သွင်းထား သင့်ပါတယ်။ Android ဖုန်းများအတွက် memory များနှင့် cache များကို အလွယ်တကူ ရှင်းလင်းပေးသော app လေးဖြစ်ပြီး browser cache များအပြင် call log များ ၊ Text history များနှင့် sms များအားလုံးကို လည်း မလိုအပ်ပါက ဖျက်ပေးနိုင် ပါတယ်။ ဖုန်းရဲ့ စနစ်ထဲတွင်သာမကပဲ SD ကဒ်ထဲအထိကိုပါ အသုံးပြုနိုင် ရှင်းလင်းနိုင်တဲ့အတွက် အတော်လေး ကောင်းမွန် တဲ့ app တစ်ခုအဖြစ် သတ်မှတ်နိုင်ပါတယ်။ ထို့အပြင် process အတွက် မလိုအပ်တဲ့ cache ဖိုင်တွေကိုပါ ရှင်းလင်းပေးတဲ့အတွက် အထူးကောင်းမွန်တဲ့ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါတယ်။ AVG ကနေ ယခုလိုမျိုး cache cleaner လိုမျိုးအပြင် Antivirus security လိုမျိုးတွေကိုလည်း အခမဲ့ ထုတ်ပေးထားပါတယ်။

# တစ်ပတ်အတွင်း မိုဘိုင်းဖုန်းဈေးနှုန်းများ

ဖုန်းဈေးနှုန်းများမှာ အချိန်နှင့် အမျှ ဈေးနှုန်းပြောင်းလဲနိုင်ပါသည်။

## Samsung GALAXY S4

5" (Gorilla Glass 3)
1.6 GHz Quad Core
13 MP / 2 MP (LED Flash)
2 GB RAM / 16 GB
internal (Up to SD)
GSM / WCDMA / 4G LTE
Today's Mobile
09-732 162 22

575,000 ks



## SAMSUNG

### Samsung Galaxy S3

4.8"
1.4 GHz Quad Core
8 MP (LED Flash) /
1.9 MP (Front)
1 GB RAM /
16 GB internal (Up To SD)
GSM / WCDMA
Today's Mobile
09-732 162 22

399,000 ks



### Samsung Galaxy Nexus

4.7"
1.2GHz Dual-Core
5MP, Front 1.3MP
32GB/RAM 1024MB
GSM/WCDMA
Today Mobile
09-421 744 000

310,000 ks



### Samsung Galaxy S2

4.3"
1.2 GHz Dual Core
8 MP, 2 MP (Front)
1 GB RAM / 16 GB
(Up to SD)
GSM / WCDMA
Today's Mobile
09-732 162 22

299,000 ks



## SONY

### Sony Xperia Z

5.0" (water proof)
1.5 GHz Dual Core
2 GB RAM / 16 GB Storage
(up to SD)
13 MP / 2 MP (Front Camera)
GSM / WCDMA / 4G LTE
Unique 09- 731 712 12

499,000 ks



### Sony Xperia TX

4.6"
1.5GHz Dual Core
13MP
16GB, RAM 1GB
GSM/WCDMA
Today's Mobile
09-421 744 000

366,000 ks



### Sony Xperia SP

4.6"
1.2GHz Dual Core
8MP, 2MP Front
RAM 1GB, Storage 8GB
GSM/WCDMA
Unique 09-731 712 12

329,000 ks



### Sony Xperia Acro S

4.3"
1.5GHz Dual Core
12.1MP
16GB, RAM 1GB
GSM/WCDMA
Unique 01-398 436

315,000 ks



### Sony Xperia E

3.5"
1GHz
3.15MP
4GB, RAM 512MB
GSM/WCDMA
Unique 01-398 436

139,000 ks



## LG

### LG Optimus G

GSM
1.5GHz Quad Core
4.7" Display
2GB RAM , Storage 32 GB
13MP and 1.3MP Front
Unique 09-731 712 712

469,000 ks



### LG Optimus 4X HD

GSM
1.5GHz Quad Core
4.7" Display
RAM 1GB, Storage- 16GB
Unique 09-731 712 712

369,000 ks



### LG Optimus L9

GSM
1 GHz Dual Core
4.7" Display
RAM 1GB, Storage 4GB
5MP
Unique 09-731 712 712

275,000 ks



### LG Optimus L7

GSM
1GHz
4.3" Display
RAM 512MB, Storage 4G
5MP
Unique 09-731 712 712

195,000 ks



### LG Optimus L5

GSM
800MHz Single Core
4" Display
RAM 512MB, 4GB Storage
5MP
Uniqiue 09-731 712 712

159,000 ks



## htc

### HTC Butterfly

GSM
Android 4.1.1
5" Display
RAM 2GB
16GB
8MP, 1.6MP Front
KMD 01-385 077

US $599



### HTC One X+

GSM
Android 4.1.1
4.7" Display
RAM 1GB
64GB
8MP, 1.6MP Front
KMD 01-385 077

US $ 625



### HTC One X

GSM
Android 4.0.4
4.7" Display
RAM 1GB
16GB
8MP, 1.6MP Front
KMD 01-385 077

US $ 479



### HTC Desier X

GSM
Android 4.0.4
4" Display
RAM 768MB
4GB
5MP
KMD 01-385 077

US $ 285



### HTC Desire VC

GSM
Android 4.0.3
4" Display
RAM 512MB
4GB
5MP
KMD 01-385 077

US $ 245



## HUAWEI

### Huawei C8813

CDMA 800
Android 4.1
4.5" (Touch)
4GB, RAM 512 MB
5MP (LED Flash)
Today's Mobile
09-732 162 22

109,000 ks



### Huawei Y 300C

GSM/CDMA 800
Android 4.1
4.0" (Touch)
RAM 512 MB/ 4GB
5 MP
Today's Mobile
09-732 162 22

102,000 ks



### Huawei C8812

CDMA 800
Android 4.0.3
4.0" (Touch)
512 MB RAM/4GB (up to SD)
3.2 MP
Today's Mobile
09-732 162 22

102,000 ks



### Huawei C 8810

CDMA 800
Android 2.3.6
4.0" (Touch)
512 MB (up to SD)
5 MP
Today's Mobile
09-732 162 22

100,000 ks



### Huawei Y 210C

GSM/CDMA 800
Android 2.3 .6
3.5" (Touch)
512 MB (Up to SD)
2 MP
Today's Mobile
09-732 162 22

75,000 ks



## Feature phone

### Samsung S-5200

**Network** - GSM
**OS** - JAVA
**Storage** - 50MB
(up to SD)
**Camera** - 3.15MP
**Mobile Club**
011-220 484

70,000 ks



### Huawei C 7266

**Network** - CDMA-800
**OS** - JAVA
**Storage** - 512MB
**Camera** - 2 MP
**Bestone**
01-245 281

65,000 ks



### Nokia X202

**Network** - GSM
**OS** - JAVA
**Storage** - Less
(Up to SD)
**Camera** - 2 MP
**365 Mobile**
01-657 164

57,500 ks



### Samsung S CORBY TXT

**Network** - GSM
**OS** - JAVA
**Storage** - 40 MB
(up to SD)
**Camera** - 2 MP
**Mobile Club**
011-220 484

53,000 ks



### NAIDE XG308

**Network- CDMA/GSM**
**OS- Java**
**Storage- 256MB**
**Camera- 0.3MP**
**Today's Mobile**
**09-732 162 22**

33,000 ks



## Tablets

### Samsung Galaxy Tab 2

**GSM,WCDMA**
**Android 4.0.3**
**10.1" Display**
**RAM 1GB, 16GB**
**3MP, 0.3MP Front**
**Unique**
**01- 398 436**

369,000 ks



### ASUS Fonepad

**Android 4.1.2**
**GSM, WCDMA**
**7" Display**
**1.2GHz, RAM 1GB**
**3MP, 1.2 Front**
**Unique**
**01- 398 436**

239,000 ks



### ONDA V812

Android 4.1.1
8" Display
RAM 2GB DDR3
16 GB
5MP, 0.3MP Front
Unique
01- 398 436

139,000 ks



### Mobile Pad

GSM
Android 4.1.2 OS
7" Display
RAM 512 MB
1GHz Dual Core
2MP, 0.3MP Front
Unique
01- 398 436

95,000 ks



### KENDO Tab

Android 4.0.3 OS
7" Display
RAM 512MB
1GHz
0.3MP Front
Unique
01-398 436

59,000 ks



LOCAL NEW PRODUCT

# Acer Aspire ZC-605



Price ks 535,000 Phone 01 - 221 683

Acer ရဲ့ထုတ်ကုန်အသစ်တွေထဲကမှ ပြည်တွင်းကိုဝင်ရောက်လာတဲ့ အသစ်စက်စက် All in One PC ရဲ့ အမည်ကတော့ Aspire ZC 605 ဖြစ်တယ်။ အသုံးပြုသူတွေအနေနဲ့ PC တစ်လုံးကိုရှင်းလင်းတဲ့ အပြင်အဆင်နဲ့ အတူကြီးမားတဲ့မျက်နှာပြင်မှာအသုံးပြုလိုသူတွေနဲ့အတူနေရာယူမှုကိုလျော့နည်းသွားစေတဲ့ All in One PC တွေကိုကြိုက်နှစ်သက် ကြတာတော့အမှန်ပါ။ Processor ကို Intel ရဲ့ Pentium Dual Core 2117U (1.8GHz) ကိုတပ်ဆင်ပေးထားမှာဖြစ်တယ်။ Graphic ကလည်း Onboard Graphic ဖြစ်တဲ့ Intel HD Graphic ပဲပါဝင်ပါတယ်။ RAM Memory ကတော့ 4GB DDR3 ကိုတပ်ဆင်ပေးထားတဲ့အတွက်ကတော့ အဆင်ပြေပါတယ်။ 500GB ရှိတဲ့ HDD ကတော့ လုံလောက်တဲ့ DATA သိုလှောင်နိုင်စွမ်းကိုရရှိစေမှာပါ။ ၁၉.၅လက်မရှိတဲ့ Acer Cinecrystal LED LCD ကအသုံး ပြုသူကိုစိတ်ကျေနပ်မှုပေးစွမ်းမှာပါ။ Internal Speaker ပါဝင်လာမှာဖြစ်ပြီး DVD Drive Super Multi ပါဝင်ပါတယ်။ Microsoft ရဲ့ Window 8 OS ကိုအသုံးပြုထားမှာဖြစ်တဲ့အတွက် နည်းပညာ OS မှာ နောက်ကျမနေခဲ့ပါဘူး။

# MSI Z87-G45 Gaming




Price ks XXX Phone 01 - 240 110

နည်းပညာရေစီးကြောင်းပေါ်မှာ အမျိုးမျိုးသော ဆန်းသစ်တီထွင်မှုတွေနှင့်အတူ ယခုလည်း MSI က Gaming Series Motherboard ကိုမိတ်ဆက်လိုက်ပါတယ်။ Intel ရဲ့နောက်ဆုံးထွက် 4th Generation CPU (Haswell) အသုံးပြု Motherboard အမျိုးအစားဖြစ်ပြီး core i7/i5/i3 နှင့် Pentium Processor တွေတပ်ဆင်နိုင်မယ့် Socket ပုံစံမှာ LGA 1150 ဖြစ်တယ်။ Memory ကို Dual Channel DDR3 1066 ကနေ 3000(OC)အထိတပ်ဆင်နိုင်မှာဖြစ်ပြီး 64GB အထိထောက်ပံ့ပေးနိုင်တယ်။ Graphics Card (3) ကဒ်တပ်ဆင်နိုင်အောင် PCIe×16 (3) ခု ပါဝင်တဲ့အပြင် PCIe×1 (4)ခု ပါဝင်တယ်။ Data သွားနှုန်းပိုမြန်တဲ့ SATA 3 (6) ခု တပ်ဆင်ပေးထားပြီး RAID 0/1/5/10 တွေထောက်ပံ့နိုင်တယ်။ mSATA port (1)ခုပါဝင်ပြီး SSD Drive တွေအတွက် အဆင့်သင့်ဖြစ်နေစေပါတယ်။ USB 3.0, USB 2.0, VGA, HDMI, DVI port တွေပါဝင်တယ်။ အသံစနစ်ကိုတော့ အသေးစိတ်ကြည်လင်ပြတ်သားစွာခံစားနိုင်မယ့် Audio Boost နည်းပညာကို အသုံးပြုထားတဲ့အပြင် Sound Blaster စနစ်ဖြင့် အကောင်းဆုံးအသံအရည်အသွေးကိုရရှိစေမှာဖြစ်ပါတယ်။

MSI ရဲ့နည်းပညာထောက်ပံ့မှုအနေနဲ့ Killer E2200 Game Networking ဟာဆိုရင် Network အတွင်းရှိ Traffic တွေကို အလိုအလျောက်ကိုင်တွယ်ဖြေရှင်းပေးမှာဖြစ်ပြီး Network အမြန်နှုန်းကိုမြှင့်တင်ပေးမှာဖြစ်တယ်။ Graphics ပိုင်းစွမ်းဆောင်ရည်အတွက် Multi-GPU နည်းပညာတွေဖြစ်တဲ့ Nvidia SLI နှင့် AMD Crossfire နည်းပညာတွေကိုထောက်ပံ့ပေးထားတဲ့အတွက် Graphics card (၂) ကဒ် (၃) ကဒ်ပေါင်းစပ်ပြီး Game နှင့် Graphics အရည်အသွေးကိုအမြင့်ဆုံးမြှင့်တင်နိုင်မှာဖြစ်တယ်။ Gaming Device port တွေပါဝင်လို့ တုံ့ပြန်နှုန်းပိုမြန်ပြီး ချောချောမွေ့မွေ့နှင့် အမြန်ဆုံးလုပ်ဆောင်ပေးမှာဖြစ်တယ်။ SUPER RAID ပါဝင်တဲ့အတွက် HDD, SSD, mSATA တွေကိုပေါင်းစပ်ပြီး OS နှင့် Game, Video တွေရဲ့စွမ်းဆောင်ရည်မြှင့်တင်နိုင်တယ်။ အကြမ်းခံပြီးတာရှည်ခံတဲ့ Military Class 4 Component, စက်ရဲ့စွမ်းဆောင်ရည်ကို အလိုအလျောက်မြှင့်တင်ပေးမယ့် OC Genie 4 နှင့် Click BIOS 4 စတဲ့နည်းပညာတွေပါဝင်တယ်။ နည်းပညာအသစ်တွေနဲ့အတူမြန်နှုန်းမြင့် PC တစ်လုံးကို ယခုပဲရယူဖို့ MSI Z87-G45 ကို ရွေးချယ်လိုက်ပါတယ်။

# ASUS Memo Pad ME 172V-1B082A




ASUS ကထုတ်လုပ်ရောင်းချတဲ့ Tablet တွေထဲမှာဈေးနှုန်းအသက်သာဆုံးလို့ဆိုရမယ့် ASUS Memo Pad ME172V-1B082A ဖြစ်ပါတယ်။ Tablet အသုံးပြုမယ်ဆိုပြီးစဉ်းစား နေသူတွေအနေနဲ့ Branded Tablet ကိုအသုံးပြုမယ်ဆိုပါကရွေးချယ်သင့်ပါတယ်။ ၇လက်မအရွယ်အစားရှိတဲ့မျက်နှာပြင်ကို LED Backlight WSVGA (1024×600)ရှိတဲ့ Resolution နဲ့နည်းပညာတွေကအဆင်ပြေစေပါတယ်။ Processor ကိုတော့ VIA WM8950 1GHz ကိုအသုံးပြုထားမှာဖြစ်ပါတယ်။ 1RAM ပါဝင်ပြီး 8GB ရှိတဲ့ Data တွေကိုသိုလှောင်ထားနိုင်မှာဖြစ်တယ်။ 32 GB ရှိတဲ့ SD Card ကိုထပ်မံစိုက်ရန်အတွက်ထောက်ပံ့ပေးထားပါတယ်။ OS ကိုတော့ Android 4.1 Jelly Bean ကိုအသုံးပြုထားမှာဖြစ်တယ်။ ၇နာရီကြာမြင့်စွာအသုံးပြုနိုင်တဲ့ Battery သက်တမ်းကကျေနပ်စရာပါ။

Price $ 179 Phone 01 - 210 943

Volume-1, Issue 22
July 3 , Wednesday, 2013

# Easy Guide

ဒီတစ်ပတ်ရဲ့ Easy Guide မှာတော့ Website ရှာဖွေသူတွေအတွက် အကျိုးရှိစေမယ့် iDevice ပေါ်ကနေ Website တွေကို PDF အဖြစ် ကူးယူတဲ့နည်းလမ်းကို ဖော်ပြပေးထားပါတယ်။

## iDevice ပေါ်က Website တွေကိုဘယ်လို PDF ပြောင်းမလဲ ?

iDevice အသုံးပြုသူတွေအတွက် Website ကြည့်တဲ့အခါမှာ အင်မတန် အားငယ်စရာကောင်းလှပါတယ်။ Safari ဟာ အခြား Browser တွေထက် အနည်းငယ် ချို့တဲ့နေတဲ့အချက်တွေကြောင့် လည်းပါ ပါတယ်။ ဒီတော့ Safari ကို မသုံးပဲ တခြား Browser တွေကို သုံးရပါလေရော။ Website တွေကို PDF ပြန်ထုတ်တဲ့ နည်းလမ်းမှာလည်း Google ရဲ့ Browser တစ်ခုဖြစ်တဲ့ Chrome ကိုပဲအားကိုးရမှာပါ။ Chrome တစ်ခုတည်းနဲ့ လုပ်မှာလားဆိုတော့လည်းမဟုတ် သေးပါဘူး။ Google ရဲ့ Cloud ဝန်ဆောင်မှုတစ်ရပ်ဖြစ်တဲ့ Drive လည်းပါဝင်ပါတယ်။ Google ရဲ့ ဝန်ဆောင်မှုတော်တော် များများ က Free ဖြစ်တဲ့ အတွက် iOS အတွက် Chrome နဲ့ Drive ကိုလည်း Apple ရဲ့ App Store ပေါ်မှာ Free ရနိုင် ပါတယ်။ နှစ်ခုစလုံးကိုဒေါင်းလုပ်ဆွဲပြီး PDF ပြောင်းမယ့် iDevice ထဲကို Install ထားလိုက်ပါ။



**1** Chrome ကို ဖွင့်ပါ။ PDF ပြောင်းချင်တဲ့ Website ကိုရောက်အောင်သွားပါ။ ဘယ် Website ကိုမဆို PDF ပြောင်းနိုင်ပါတယ်။ ပြောင်းချင်တဲ့ Website ကိုရောက်ပြီဆိုရင် Chrome ရဲ့ ယာဘက်ထောင့် မှာရှိတဲ့ အစင်းကြောင်းလေးသုံးခုတန်း နေတဲ့ပုံ ကလေးကိုနှိပ်လိုက်ပါ။ ပုံမှာ ပြထားတဲ့အတိုင်းပေါ်လာပါလိမ့်မယ်။ Print ကို ထပ်နှိပ်ပါ။



**2** ပုံမှာ ပြထားတဲ့ အတိုင်းရွေးဖို့နှစ်ခုပေါ်လာပါလိမ့်မယ်။ Google ရဲ့ Service အသစ်တစ်ခုဖြစ်တဲ့ Google Cloud Print ကိုနှိပ် လိုက်ပါ။ Google Cloud Print စနစ် ဟာ နောက်ဆုံးထွက် Chrome version မှာပဲ ပါဝင်တာကြောင့် အသုံးပြုမယ့် Chrome ဟာ update ဖြစ်နေဖို့တော့ လိုပါတယ်။



**3** Google အကောင့် ဝင်ဖို့ Sign in to Chrome ကိုနှိပ်လိုက်ပါ။ ပုံမှာ ပြထားတဲ့ အတိုင်း ပေါ်လာပါလိမ့်မယ်။ Email နဲ့ Password ကို တပါတည်း ရိုက်ထည့်ပေးလိုက်ပါ။ Gmail ရိုက်ထည့်ပေးတဲ့အခါမှာ Google Drive မှာဝင်ထားတဲ့ Gmail ကိုထည့်ပေးဖို့တော့ လိုပါတယ်။



**4** ပုံမှာ ပြထားတဲ့ အတိုင်း ပေါ်လာပါလိမ့်မယ်။ ယာဘက်မှာ ရှိတဲ့ Save ကို နှိပ်ပေးလိုက်ပါ။ ပြီးရင်တော့ Save to Google Drive ကိုနှိပ်ပြီး Google Drive ထဲကို PDF ဖိုင် အဖြစ် Save ပေးလိုက်တာပါ။



**5** Chrome ကနေ ပြန်ထွက်ပါ။ Google Drive ထဲကို ပြန်ဝင်လိုက်ပါ။ Chrome မှာ ဝင်ခဲ့တဲ့ Google အကောင့်ကို Drive ထဲမှာ ပြန်ဝင်ပေးလိုက်ပါ။ ကွန်နက်ရှင်နှေးရင်တော့ ခဏဖြစ်ဖြစ် စောင့်ရပါတယ်။ ပြီးရင်တော့ Chrome ပေါ်မှာ Save ထားခဲ့တဲ့ PDF ဖိုင်လေးဟာ Drive ထဲရောက်နေတာ တွေ့ရပါလိမ့်မယ်။

မှတ်ချက်။ ။ လုပ်ငန်းစဉ်အားလုံးတွင် အင်တာနက် ကော်နက်ရှင် လိုအပ်သောကြောင့် iDevice ထဲတွင် အင်တာနက် ကော်နက်ရှင် ရှိရန်လိုအပ်သည်။

# iOS Applications



## Sharing Camera

Free/iOS 5.0/36.5 MB

Samsung Galaxy S4 မှာ ပါဝင်တဲ့ Dual Camera လို ရိုက်ကွင်းရိုက်ကွက်တွေကို ရရှိနိုင်မယ့် Camera App တစ်ခု ဖြစ်ပါတယ်။ Galaxy S4 လို ကင်မရာ နှစ်လုံး စလုံး တပြိုင်တည်း အလုပ်လုပ်တဲ့ Function မျိုးကို ပြုလုပ်ပေးတာတော့ မဟုတ်ပါဘူး။ အနောက် ကင်မရာနဲ့ တစ်ပုံ ရိုက်ပြီးတော့မှ Face Detection စနစ် ကို အသုံးပြုပြီး ရိုက်ပေးတဲ့ သူကို အရှေ့ကင်မရာနဲ့ ရိုက်ပေးတဲ့ ပုံစံမျိုးဖြစ်ပါတယ်။ ရိုက်လို့ရလာတဲ့ ရှေ့လူရဲ့ပုံကို ဆွဲယူ(Drag) ပြီး ကြိုက်တဲ့ နေရာကိုရွှေ့ထားလို့ရပါတယ်။ ဓါတ်ပုံဘောင် (Frame) တွေကိုလည်း လိုသလို အလှဆင်နိုင်သလို Effect အမျိုးမျိုးနဲ့ ပြင်ဆင်နိုင်ပါသေးတယ်။ Socail Network တွေပေါ်ကိုလည်းတိုက်ရိုက် Share နိုင်တဲ့အတွက် အသုံးပြုသူတွေအတွက်အဆင်ပြေပါတယ်။




## MyPad

Free/iOS 4.3/13 MB

Facebook ၊ Twitter နဲ့Instagram တို့ ကိုတစ်နေရာထဲမှာ အသုံးပြုနိုင်မယ့် App တစ်ခုဖြစ်ပါတယ်။ Facebook ပေါ်ကို Status တွေ Mypad ပေါ်ကနေ Status တင်မယ်ဆိုရင်လည်း Facebook က via My Pad ဆိုပြီးဖော်ပြပါသေးတယ်။ အကောင့်သုံးခုစလုံးကို တပြိုင်တည်းသုံးနိုင်တဲ့အတွက် အဆင်ပြေတဲ့အပြင် MyPad အတွက် သီးသန့် Theme လေးတွေကို လည်း Free သော်လည်းကောင်း ဝယ်၍သော်လည်းကောင်းအလှဆင်နိုင်ပါတယ်။ ဒါ့အပြင် Facebook အကောင့်ကြီးပဲ သုံး လေးခု ဖြစ်စေ twitter အကောင့် သုံး လေးခု ဖြစ်စေ တပြိုင်နက်တည်းအသုံးပြုနိုင်ပါသေးတယ်။ MyPad App ကို iPad အတွက် တစ်မျိုး iPhone အတွက် တစ်မျိုးနှစ်မျိုးထုတ်လုပ်ပေးထားပြီး iOS အတွက်သီးသန့် ထုတ်လုပ်ပေးထားတဲ့ Appliaction တစ်ခုလည်းဖြစ်ပါတယ်။



## Halftone 2

Free/iOS 6/48.6 MB

ဓါတ်ပုံအလှဆင်တဲ့ App တစ်ခုဖြစ်ပါတယ်။ အကောင်းဆုံး Featured တွေကို ထည့်သွင်းပေးထားလို့ အသုံးပြုသူတွေဆီက Feed Back ကောင်းခဲ့တဲ့ App တစ်ခုပါ။ ရိုက်ပြီးသား ဓါတ်ပုံတွေကိုသာပြင်ဆင်နိုင်တဲ့ App တစ်ခုဖြစ်ပြီး Camera Function တော့ မပါ ဝင်ပါဘူး။ စကားပြောပုံစံ ၊ အတွေးပုံစံ ရုပ်ပြကာတွန်းဒီဇိုင်းတွေနဲ့ အလှဆင်နိုင်တဲ့ App တစ်ခုဖြစ်ပါတယ်။ စာသားတွေ ကိုပါရေးထည့်ပေးနိုင်တဲ့အပြင် ဓါတ်ပုံနှစ်ပုံကိုလည်းပေါင်းစပ်ဒီဇိုင်း ဖော်နိုင်ပါသေးတယ်။ ပြင်ပြီးသား ဓါတ်ပုံတွေကို Social Nework တွေပေါ် Share နိုင်တဲ့အပြင် ဓါတ်ပုံပေါင်းများစွာကို တပြိုင်တည်း Edit လုပ်နိုင်ပါတယ်။ Edit လုပ်တဲ့ အခါမှာလည်း ဓါတ်ပုံရဲ့ အရွယ်အစားနဲ့ အရည်အသွေးကိုပါ ချိန်ညှိ အသုံးပြုနိုင်တဲ့ App တစ်ခု ဖြစ်ပါတယ်။




## Cine Beat

Free/iOS 6/38.9 MB

နာမည်ကြီး Smule ကထုတ်လုပ်ထားတဲ့App တစ်ခုဖြစ်ပါတယ်။ ၁၅ စက္ကန့်စာ Video တွေကို ရိုက်ကူးနိုင်ပြီး Video ထဲကို Effect တွေ့ထည့်ကာ အသုံးပြုနိုင်တဲ့ App တစ်ခု ဖြစ်ပါတယ်။ Effect ထည့်တဲ့အခါမှာ Video Effect ၊ Audio Effect နဲ့ နှုတ်ခမ်းမွေးတပ်၊ မျက်မှန်တပ် လို့ရတဲ့ Emotion Effect တွေကိုပါအသုံးပြုနိုင်ပါတယ်။ Effect တွေထည့်ပြီးရင်တော့ Smule ရဲ့ အသေးစား Social Network ကလေးမှာ Share ပြီး သူငယ်ချင်းတွေနဲ့ စကားပြောနိုင်အောင် အထိပြုလုပ်ပေးထားပါတယ်။ နောက်ဆုံးထွက် Version မှာတော့ Effect အသစ်တွေကို အများဆုံးထပ်မံထည့်သွင်းပေးထားပြီး iPhone ရော iPad မှာပါ အသုံးပြုနိုင်တဲ့ App တစ်ခုဖြစ်ပါတယ်။Video ထပ်မရိုက်ချင်လို့ ရှိပြီးသား Video တွေကိုလည်း ပြင်မယ်ဆို ပြင်လို့ရတဲ့ App တစ်ခုဖြစ်ပါတယ်။

# Easy Guide

ဒီတစ်ပတ်ရဲ့ **Easy Guide** မှာတော့ **Android** ဖုန်း အသုံးပြုသူတွေ အတွက် လုပ်ထားသင့်တဲ့ ဆောင်ရန် ရှောင်ရန် အချက်တွေကို ဖော်ပြပေးမှာ ဖြစ်ပါတယ်။

## Android ဖုန်းတစ်လုံးကို အသုံးပြုဖို့ ဘာတွေလုပ်ထားသင့်သလဲ။

Android ဖုန်းကိုင်ပြီး နေ့စဉ်နဲ့အမျှ ဖုန်းပြင်ဆိုင်တွေကို သုတ်ချေတင် သွားလာနေရသူတွေအများကြီးပါ။ တစ်ခါတစ်ရံမှာ ဖုန်းဟာ ဆိုင်ရောက်မှကောင်းနိုင်မယ့်အခြေအနေရှိသလို ကိုယ့်ဘက်ကပြင်ဆင်သင့်တာတွေပြင်ဆင်ထားလို့ ဆိုင် မပို့ပဲ ကိုယ့် လက်ထဲ မှာတင်အဆင်ပြေသွားနိုင်တဲ့ ကိစ္စ တွေလည်းရှိပါတယ်။ တချို့ Android ဖုန်းတွေမှာ ကိုယ်မသိလိုက်ရပဲဖြစ်သွားတတ် တာမျိုးတွေရှိပါတယ်။ ဥပမာပြောရရင် root လုပ်ထားတဲ့ ဖုန်းတစ်လုံး မှာ App တစ်ခုခု ကိုမသိပဲ စမ်းလိုက်မိတဲ့အချိန်မျိုးတွေမှာ ဖုန်းရဲ့ OS ဖြစ်တဲ့ Firmware ကျတတ်ပါတယ်။ ဒီလို Firmware ကျသွားရင် ဖုန်းထဲမှာရှိသမျှData တော်တော် များများ ပြန်မရတတ်တာ များပါတယ်။ အကယ်၍ backup လုပ်ထားမယ်ဆိုရင်တော့ ဒီပြဿနာကိုဖြေရှင်းနိုင်မှာပါ။ ဒီတော့ ဘာတွေ လုပ်ထားသင့်တယ်ဆိုတာ လေ့လာကြည့်ရအောင်...........

## ဖုန်းရဲ့ Security အတွက် ပြင်ဆင်ပါ

ဖုန်းကို Android ရဲ့ Lock စနစ်ဖြစ်တဲ့ Pattern သို့မဟုတ် Pin Lock တစ်ခုခု ကိုသုံးပါ။ Lock ချဖို့ အတွက်ကတော့ Setting ထဲက Security ကို နှိပ်ပြီး Lock Screen ကတဆင့် lock ချနိုင်ပါတယ်။ သို့ပေမယ့် Lock Password ကို မေ့တတ်တယ် ဆိုရင်တော့ Setting ထဲက Developer option တဆင့် USB Debugging ကို အမှန်ခြစ်ပေးထားပါ။ USB Debugging ဖွင့်ပြီး root လုပ်ထားတဲ့ Android ဖုန်းဆိုရင်တော့ Lock ကျလည်း ပြန်ဖြေလို့ရပါတယ်။



## Contact ကို backup လုပ်ထားပါ

ဖုန်းထဲမှာရှိတဲ့ Personal Data တွေဖြစ်တဲ့ Contact ကိုတော့ backup လုပ်ထားဖို့ လိုပါတယ်။ Contacts တွေကို backup လုပ်ဖို့ အတွက် Conatct ထဲကို ဝင်ပါ။ Menu ခလုတ် တစ်ချက် နှိပ်ပြီး Manage Contact ကို နှိပ်ကာ Export to Storage နဲ့ Backup လုပ်ထားနိုင်ပါတယ်။ Backup လုပ်ထားတဲ့ Contact ကို Import Form Storage ကနေပြန်သွင်းနိုင်းပါတယ်။ နောက်ဆုံး Backup လုပ်ထားတဲ့ vCard File ကိုသာ SD Card ထဲမှာ ထားပေးထားပါ။



## Task Killer (သို့မဟုတ်) Task Manager သုံးပါ။

Android ရဲ့ Multi Tasking စနစ် အရ ဖုန်းထဲမှာ ရှိတဲ့ App တွေဟာ Back ခလုတ်နှိပ်ပြီး ပြန်ထွက်လိုက်ရုံနဲ့ ပိတ်သွားတယ်လို့မဆိုနိုင်ပါဘူး။ Multi tasking စနစ် အရ backround app အဖြစ် run နေပါတယ်။ ဒီလို background မှာ အသုံးပြုနေတဲ့ App တွေကိုပိတ်ဖို့ အတွက် Task Killer သို့မဟုတ် Task Manager ကိုအသုံးပြုရပါတယ်။ Task Killer နဲ့ Task Manage App တွေကိုတော့ Play Store ပေါ်ကနေ Free ဒေါင်းလုပ်ဆွဲနိုင်ပါတယ်။




## Apps တွေကို Backup လုပ်ထားပါ

Android Firmware ကျသွားတဲ့ အခါမျိုးတွေမှာ ပြန်မရနိုင်တဲ့ Data တွေထဲမှာ Application လည်းပါပါတယ်။ ဒီတော့ တွေApplication ကို Apk ဖိုင် အဖြစ် Backup ယူထားဖို့လိုပါတယ်။ Android နဲ့ PC တွေ အတွက်အကောင်းဆုံး Mobile GO Software နဲ့ Backup လုပ်ထားတာအဆင်အပြေဆုံးပါပဲ။ App Manager App ကိုသုံးပြီးတော့ လည်း Apps တွေကို backup လုပ်နိုင်ပါတယ်။




## Antivirus အသုံးပြုပါ

Androidအတွက်virusတွေထွက်ရှိနေတာကြောင့် Android ဖုန်းကိုင်တဲ့သူတော်တော် များများ Antivirus တွေကို အသုံးပြုသင့်ပါတယ်။ AVG ၊ Kasper Sky စတဲ့ Antivirus တွေကို Mobile Version ထွက်ရှိနေတာကြောင့် အသုံးပြုသင့်ပါတယ်။ Antivirus ကို နှစ်ရက်တစ်ကြိမ် သုံးရက်တစ်ကြိမ် ပုံမှန် Scan လုပ်ပေးသင့်ပြီး Antivirus က တားမြစ်ထားတဲ့ Apps တွေကိုတော့ အသုံးမပြုပါဘူး။



# Android Applications




### Noom Walk: Pedometer

Free/Android 2.3/1.5 MB



တနေ့တာ လမ်းလျှောက်နှုန်းကိုတိုင်းတာပေးမယ့် Noom Walk အမည်ရှိ App တစ်ခုဖြစ်ပါတယ်။ Noom Walk ကို ဖုန်းမှာအသုံးပြုထားရင်လည်းဖုန်းဘက်ထရီ ပမာဏကတော့ ပုံမှန်အတိုင်း လည်ပတ်နိုင်လောက်အောင် ဘက်ထရီ အစားသက်သာ တဲ့ App တစ်ခုဖြစ်ပါတယ်။ GPS ဖွင့်စရာ မလိုပဲ Pedometer နဲ့တိုင်းတာပေးမှာဖြစ်တဲ့အပြင် ဝိတ်ချ ချင်တဲ့သူတွေ အတွက်လည်း အသုံးဝင်တဲ့ App တစ်ခုဖြစ်ပါတယ်။ လမ်းလျှောက်နှုန်းကို ကိုယ်ပိုင် Facebook ၊ Twitter စတဲ့ Social Network တွေပေါ်ကိုလည်း Share ပေးနိုင်ပါတယ်။ ကိုယ်ပိုင် Noom Walk profile တစ်ခု တည်ဆောက်ပြီး လျှောက်ခဲ့သမျှ Record တွေကိုလည်း မှတ်သားထားပေးမယ့် App တစ်ခု ဖြစ်ပါတယ်။



### Split Camera For Instagram

Free/Android 4.0/1.9 MB



ဓါတ်ပုံလှလှလေးတွေကို ရိုက်ပြီးတင်နိုင်တဲ့ Instagram ရဲ့ Camera App တစ်ခုဖြစ်ပါတယ်။ Split Camera ရဲ့ ထူးခြားချက် ကတော့ ဓါတ်ပုံစွမ်းရည်ဖြစ်ပါတယ်။ ဓါတ်ပုံနှစ်ပုံကို ယှဉ်တွဲပေါင်းစပ်နိုင်ပြီး အရောင်ကိုပါ လိုသလို ချိန်ညှိနိုင်တဲ့ အပြင် ပြင်ဆင်ရမယ့် ပုံစံကလည်း ရိုးစင်းလို့ အလွယ်တကူ အသုံးပြုနိုင်တဲ့ Camera App တစ်ခုဖြစ်ပါတယ်။ Instagram တစ်ခုတည်းကိုပဲ Share လို့ရတာမဟုတ်ပဲ အခြား လူမှုကွန်ယက်တွေနှင့်ပါ ချိတ်ဆက်အသုံးပြုနိုင်တာကြောင့် Facebook နဲ့ Twitter တို့ပေါ်ကို လည်းဓါတ်ပုံတွေ Share နိုင်ပါတယ်။ Split Camera နဲ့ အလားတူ App တွေကိုလည်း Play Store ပေါ်ကနေတဆင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး အသွင်အပြင်သစ်တွေနဲ့ ပြုလုပ်ပေးထားပါတယ်။




### SoundHound

Free/Android 2.1/4.4 MB




နာမည်ကြီးအဆိုတော်တွေရဲ့ သီချင်းတွေကိုတစ်စီတစ်တန်းကြီးနားဆင်နိုင်မယ့် App တစ်ခု ဖြစ်ပါတယ်။ နောက်ဆုံးထွက် Version မှာတော့ တက်ဘလက်တွေအတွက်ပါ အကောင်းဆုံး Feature တွေကို ထည့်သွင်းပေးထားပြီး Facebook နဲ့ Twitter ပေါ်က Like ထားသမျှ အဆိုတော်တွေရဲ့ သီချင်းတွေကို SoundHound ရဲ့ Home Page မှာဖော်ပြသွားမှာ ဖြစ်ပါတယ်။ သီချင်းတွေ နားထောင်ရင်းနောက်ဆုံးထွက် သီချင်းတွေကိုပါ Facebook ၊ Twitter ပေါ်ကို Share နိုင်တဲ့ အပြင် သီချင်းစာသားတွေကို တိုက်ရိုက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ လစဉ် နားထောင်သူအများဆုံး Top 10 စာရင်းကိုလည်း ထုတ်ပေးလေ့ရှိတဲ့App တစ်ခုဖြစ်ပါတယ်။




### 7s –Android's Vine Instagram

Free/Android 2.3/6.8 MB




ကြာမြင့်ချိန် ၇ စက္ကန့်စာ Video တွေကို Social Network တွေပေါ်ကို Share နိုင်တဲ့ App တစ်ခု ဖြစ်ပါတယ်။ ဥရောပနိုင်ငံ တွေမှာ အသုံးများတဲ့ App တစ်ခုဖြစ်ပြီး အကောင်းဆုံး Feature တွေနဲ့ နောက်ဆုံး version ကို ပြုလုပ်ပေးထားပါတယ်။ 7s ပေါ်ကနေ Share နိုင်မယ့် Social Network တွေကတော့ Vine ၊ Instagram နဲ့ Cinegram တို့ပဲဖြစ်ပါတယ်။ ကင်မရာ Resolution အပြည့် ရိုက်ကူးနိုင်ပြီး ၇ စက္ကန့် စာ video တွေဖြစ်တာကြောင့် ကွန်နက်ရှင်ကောင်းနဲ့မှ သုံးနိုင်မယ်ဆိုတဲ့ ပြဿနာချက်တွေ 7s မှာ မရှိပါဘူး။ Video ကို effect ထည့်ပြီးပြင်ဆင်နိုင်တဲ့ Featured လည်းပါဝင်တာမို့ အသုံးပြုလို့ ပိုကောင်းမယ့် App တစ်ခုဖြစ်ပါတယ်။

Volume-1, Issue 22
July 3 , Wednesday, 2013

# TOM CLANCY'S THE DIVISION



Commando ဂိမ်းတွေ၊ Action ဂိမ်းတွေထဲမှာ နာမည်ကြီးစီးရီးက Tom Clancy ဖြစ်တယ်ဆိုတာ ဂိမ်းကစားသူတွေ သိကြမှာပါ။ ထွက်ရှိသမျှ ဂိမ်းတိုင်းကလည်း ကစားလို့ကောင်းပြီး Console၊ PC ၂ မျိုးလုံးမှာ ချောချောမွေ့မွေ့ကစားနိုင်စွမ်းလည်းရှိပါတယ်။ ဒ့ါအပြင် ဇာတ်လမ်းအပြင်အဆင်ကလည်း မရိုးအီသွားတာက သဘောကျစရာဖြစ်ပါတယ်။ အခု Tom Clancy's The Division ကတော့ သိပ်မကြာခင်ကမှ ကျင်းပခဲ့တဲ့ E3 မှာ ပြသသွားတဲ့ ဂိမ်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဂိမ်းရဲ့ ဂရပ်ဖစ်တွေ၊ feature တွေက မျိုးဆက်သစ် ဂိမ်း console တွေအတွက် ရည်ရွယ်ထားတယ်ဆိုတာ ပြောဖို့မလိုတော့ပါဘူး။ လက်ရှိအချိန်မှာ The Division ရဲ့ ထွက်ရှိမယ့်ရက်ကို အတိအကျမသိရသေးပေမယ့် screen shot တွေ၊ demo တွေကတော့ ထွက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

ဂိမ်းက ဆိုးရွားတဲ့ Virus တွေ ကူးစက်ခံနေရတဲ့ နယူးယောက်မြို့တော်ကြီးမှာ အခြေခံထားပါတယ်။ အတိအကျဆိုရမယ်ဆိုရင်တော့ Virus ကူးစက်ပြီး ၃ ပတ်အကြာမှာပါ။ ဒီလိုမျိုး virus ကူးစက်ခံနေရတဲ့အတွက်မြို့အတွင်းမှာရှိတဲ့ လုပ်ဆောင်မှုတွေအားလုံးက ပျက်ယွင်းလာကြသလို လူတွေကလည်း တဖြည်းဖြည်း ကြမ်းကြုတ်လာကြပါတယ်။ ဒီအချိန်မှာ သမ္မတကနေ အထူးတပ်ဖွဲ့ဖြစ်တဲ့ Directive 51 တနည်းအားဖြင့် The Division လို့ခေါ်တဲ့ အဖွဲ့ကို စတင်အသုံးပြုပါတော့တယ်။ The Division အဖွဲ့က အရေးပေါ်အခြေအနေများအတွက် အထူးလေ့ကျင့်ထားတဲ့ လျှို့ဝှက်အေဂျင်စီတစ်ခုဖြစ်ပြီး လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ဆိုတဲ့ အခွင့်ထူးခံအာဏာကိုလည်း ရရှိထားပါတယ်။

Tom Clancy's တွေရဲ့ထုံးစံအတိုင်း ဂိမ်းကို သဘာဝကျဖို့ ဖန်တီးထားတဲ့ အတွက် ကစားသူတွေက ဖန်တီးထားတဲ့ မြို့ကြီးထဲမှာ လျှောက်သွားလို့ရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အသက်ရှင်ဖို့ကြိုးစားနေတဲ့ ဆိုးသွမ်းတဲ့ ဂိုဏ်းငယ် လေးတွေကိုလည်း ချေမှုန်းရပါဦးမယ်။ ပြောရမယ်ဆိုရင် တော့ မြို့ကြီး တစ်မြို့လုံးက လုံခြုံစိတ်ချရမှုမရှိပါဘူး။ မိမိအနေနဲ့ The Division အဖွဲ့သား ဖြစ်တာမှန်ပေမယ့် အန္တရာယ်တွေကလည်း ပတ်ချာလည် ဝိုင်းနေမှာ ဖြစ်ပါတယ်။ ဂိမ်းက RPG၊ Open World၊ Online Shooter အကုန်လုံးပေါင်းစပ်ဖွဲ့စည်းထားတာကြောင့် ကစားလို့ သေချာပေါက် ကောင်းမယ့်ဂိမ်း တစ်ခုဆိုတာ ကြိုတင်တင်ပြ လိုက်ရပါတယ်။

**Release Date** : TBA
**Genre** : Online Shooter
**Publisher** : Ubisoft
**Developer** : Massive Entertainment




## Man of Steel
**$4.99/Android**

Man of Steel ပြောရမယ်ဆိုရင် superman ရုပ်ရှင်ကားကို ပြည်တွင်းတစ်ကမ္ဘာလုံးနဲ့ တန်းတူ ရုံတင်နေပြီဖြစ်ပါတယ်။ ဒီလိုပဲ အခုချိန်မှာလည်း Man of Steel ရဲ့ မိုဘိုင်းဂိမ်းက ထွက်ရှိလို့လာခဲ့ပါပြီ။ RPG ဂိမ်းအမျိုးအစားဖြစ်တဲ့ Man of Steel အတွင်းမှာ General Zod က ကမ္ဘာကြီးကို ခြိမ်းခြောက်နေတဲ့ အချိန်နဲ့ ကြုံတွေ့နေပါလိမ့်မယ်။ superman အနေနဲ့ ၎င်းရဲ့ ပါဝါတွေကို အသုံးပြုပြီး ကမ္ဘာကြီးကို ကယ်တင်ဖို့ ကြိုးစားရမှာပါ။ ကစားသူအနေနဲ့ superman နေရာမှာ ကစားရမှာဖြစ်ပြီး attack၊ dodge၊ block တွေကို အသုံးပြုနိုင်သလို မိုးပေါ်ပျံနိုင်၊ မြန်မြန်ဆန်ဆန်ပြေးနိုင်နဲ့ မျက်လုံးထဲက ရောင်ခြည်ထွက်တဲ့ heat vision တွေအသုံးပြုပြီး Zod နဲ့ ၎င်းရဲ့ ရန်သူတွေကို နှိမ်နင်းရမှာဖြစ်ပါတယ်။

ဂိမ်းအတွင်း Story Mode ကို ကစားနိုင်သလို Survival Mode ကစားပြီး high-score တွေ စုဆောင်းနိုင်ပါသေးတယ်။ ထို့နောက် mini-boss တွေနဲ့လည်း ကြုံတွေ့ရနိုင်ပြီး အထူးခြားဆုံးကတော့ ရုပ်ရှင်အတွင်းတွေ့ရတဲ့ ရန်သူတွေကို ဂိမ်းအတွင်းပြန်လည် မြင်တွေ့ရခြင်းဖြစ်ပါတယ်။ ကစားသူတွေကြိုက်နှစ်သက်မှာကတော့ superman ဝတ်ဆုံတွေကို unlock လုပ်လို့ရနိုင်တာဖြစ်ပြီး superman ဝတ်ဆုံတွေကလည်း ၆ စုံအထိရှိခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါ ဝတ်ဆုံတွေကို upgrade လုပ်ကာ ပါဝါတွေ အသုံးပြုနိုင်ပါသေးတယ်။

ဂိမ်းကို download လုပ်မယ်ဆိုရင် သတိထားရမယ့်အချက်ကတော့ လောလောဆယ်မှာ Man of Steel က Android ဖုန်းတွေမှာဆို Galaxy S4 နဲ့ Nexus 7 တွေမှာ ရရှိနိုင်ပြီး iOS မှာဆိုရင်တော့ iPhone 5 မှာသာရရှိနိုင်ခြင်းဖြစ်ပါတယ်။

## Shoot The Zombirds
Free/Android 2.0/28MB




Zombie နဲ့ငှက်တွေကိုပစ်ခတ်ရတဲ့ဂိမ်းတစ်ခုဖြစ်ပါတယ်။ ဂိမ်းက အရင်ကထွက်ခဲ့တဲ့ Shoot The Birds ရဲ့ အဆက်လို့တောင်ပြောရမှာပါ။ ကစားသူတွေက Pumpkids များကို မကောင်းဆိုးဝါး zombie များနဲ့ မသေနိုင်တဲ့ငှက်များလို့ အမည်ပေးရမယ့် undead birds တွေလက်ထဲက ကာကွယ်ရမှာဖြစ်ပါတယ်။ ဂိမ်းအတွင်း objective ပေါင်းများစွာပါဝင်မှာဖြစ်ပြီး ကစားသူက လေးနဲ့ မြှားကို အသုံးပြုနိုင်သလို magic များအသုံးပြုပြီးတော့လည်း နှိမ်နင်းနိုင်ပါ လိမ့်မယ်။ ထို့နောက် မိမိရဲ့ skill များကို upgrade ပြုလုပ်နိုင်ပြီး classic horror ရုပ်ရှင်ကားတစ်ကားလိုလဲ မိမိ character ကို ဆင်ယင်နိုင်ပါလိမ့်မယ်။ အခုဗားရှင်းအသစ်ကတော့ Cloud Save လိုမျိုး အွန်လိုင်း saving feature မျိုးရရှိပြီး ဂိမ်းအတွင်းဖြစ်ပေါ်နေတဲ့ bugs အချို့ကိုလည်း ပြင်ဆင်ထားတာတွေ့ရပါတယ်။

## Quadropus Rampage
Free/Android 2.1/28MB




စိတ်ဆိုးနေတဲ့ ရေဘဝဲတစ်ကောင်နေရာကနေ ကစားနိုင်မယ့် ဂိမ်းတစ်ခုဖြစ်ပါတယ်။ ဂိမ်းအတွင်း ရေဘဝဲက အလွန်စိတ်ဆိုးနေတဲ့ အတွက် တွေ့ကရာရန်သူတွေကို ကြမ်းတမ်းစွာလိုက်နှိမ်နင်းမှာဖြစ်ပါတယ်။ ဒီလိုနှိမ်နင်းတဲ့ နေရာမှာလည်း လက်နက်တွေက မျိုးစုံကိုင်ရမှာဖြစ်ပြီး ရန်သူတွေကလည်း မျိုးစုံဖြစ်ပါတယ်။ ပြောရမယ် ဒီဂိမ်းရဲ့ combat က အလွန်မြန်ဆန်ပြီး ကစားရတာလည်းကောင်းမွန်ပါတယ်။ ပြီးတော့ control တွေကလည်း လွယ်ကူပြီး ရန်သူများကို တိုက်ခိုက်တဲ့ နေရာမှာ block၊ stab၊ smash နဲ့ spin လုပ်နိုင်ပါလိမ့်မယ်။ boss တွေကလည်း ၅ ကောင်ရှိပြီး achievement ပေါင်းကလည်း ၂၃ ခု ရှိတာကို တွေ့ရပါတယ်။ ထို့နောက် unlock ပြုလုပ်ရတဲ့ treasure ပေါင်းကလည်း ၃၀ ကျော်ရှိပါတယ်။ Android အသုံးပြုပစ္စည်းများစွာမှာ ကစားနိုင်ပြီး upgrade tracks တွေလည်း အမြဲလိုလို ထွက်ရှိလာလေ့ရှိပါတယ်။

## Ruzzle
Free/iOS 4.3/18.7MB




ကစားသူပေါင်းသန်း ၁၅၀ ကျော်ရှိတဲ့ word ဂိမ်းတစ်ခုဖြစ်ပါတယ်။ ကစားရတဲ့ပုံစံက ကစားသူက အချိန်အတိုင်းအတာနဲ့ စာလုံးတွေကို လျှင်လျှင်မြန်မြန်ရှာဖွေရတဲ့ ပုံစံဖြစ်ပါတယ်။ ထူးခြားတာကတော့ လှပတဲ့ animation တွေနဲ့ အသံအရည်အသွေးဖြစ်ပါတယ်။ ကစားသူတွေက စာလုံးဆက်တဲ့နေရာမှာ အချိန်အတိုင်းအတာနဲ့ round ၃ ခုကစားရမှာဖြစ်ပြီး round ၃ခုပေါင်း အမှတ်အများဆုံး ရရှိသူက အနိုင်ရမှာဖြစ်ပါတယ်။ ကိုယ့်အနေနဲ့ ဆက်တဲ့စာလုံး ရှည်လေ အမှတ်ပိုရလေ ဖြစ်ပြီး ဘာသာစကားပေါင်း ၁၀ မျိုးအထိ အထောက်အပံ့ပေးထားတာကိုတွေ့ရပါတယ်။ အွန်လိုင်း multiplayer support ပေးထားပြီး offline ကစားချင်တယ် ဆိုရင်တော့ premium version ကိုဝယ်ယူရပါတယ်။

# iDevice ကို Jailbreak လုပ်စရာမလိုပဲ အခမဲ့ Cracked App သွင်းနည်း






















Apple ရဲ့ အယူဝါဒ တစ်ရပ်ဖြစ်တဲ့ App Store ပေါ်က App မှ တပါး တခြား ဘယ် App ကိုမှ install ပေးမလုပ်တဲ့သဘောကို ဆန့်ကျင်ဖို့ အချိန်ကိုတော့ရောက်လာပါပြီ။ Cracked App သုံးမရတဲ့အတွက် အဓိက ဖြစ်စေခဲ့တာကတော့ ငွေကုန်ကြေး ကျများ တဲ့ကိစ္စ ပါပဲ။ Cracked App ဆိုတာကလည်း App Store တွေမှာ ဈေးကြီးကြီး ပေးဝယ်မှရနိုင် မယ့်App တွေကို Cracker တွေက အခမဲ့ အသုံးပြုနိုင်အောင် ပြုလုပ်ပေးခြင်းဖြစ်ပါတယ်။ Cydia ပေါ်က iOS Hacker အဖွဲ့ တစ်ဖွဲ့ ဖြစ်တဲ့ Hackulous အဖွဲ့ ပြိုကွဲသွားချိန်မှာ Jailbreak User တွေအတွက် Hackulous ကပြုလုပ်ပေးထားတဲ့ Installous အမည်ရှိ Third Party App ဟာ ဆက်ပြီးအလုပ် မလုပ်တော့ပါဘူး။ ဒီအချိန်မှာတော့ Jailbreak User တွေဟာ Cracked App တွေကိုသွင်းဖို့ အတော်ကိုစိတ်ညစ်ခဲ့ရပါတယ်။

ဒီလို Cracked App တွေကိုသွင်းဖို့ အခုချိန် မှာ နာမည်ကြီးနေတာကတော့ "Zeusmos" "Kuaiyong" ဆိုတဲ့ တရုတ် Pirate App Store နှစ်ခုဖြစ်ပါတယ်။ အဲဒီနှစ်ခုထဲကမှ Zeusmos ကတော့ မြန်မာပြည် ကွန်နက်ရှင် နဲ့ အဆင်မပြေတာရယ် Restart ကျသွားရင် App ပျက်သွားတာတွေ စတဲ့ ပြဿနာတွေရှိလို့ လူသုံးနည်းပါတယ်။ ဒါပေမယ့် Zuesmos ရဲ့ ၁၅ နှစ်သားအရွယ် ဖန်တီးရှင်လေးကတော့ Jailbreak User တွေကို Free အနေနဲ့ ဝန်ဆောင်မှုပေးပြီး Jailbreak မလုပ်ထားတဲ့ သူတွေအတွက်တော့ အခကြေးငွေနဲ့ ဝန်ဆောင်မှုပေးနေတာကိုလည်းတွေ့ရပါတယ်။ လူသုံး အများဆုံးကတော့ Kuaiyong ဖြစ်ပါတယ်။ အခုနာမည်ကြီးနေတဲ့ Pirate App Store တွေရဲ့ထူးခြားချက်ကတော့ JailBreak မလုပ်ပဲ App ကို iDevice ထဲတိုက်ရိုက် Sync လို့ရတဲ့အချက်ပါပဲ။ ဒီတော့ Kuaiyong ကို ဘယ်လိုအသုံးချမလဲဆိုတာ ကြည့်လိုက်ရအောင်.......

## Step (1)

**www.kuaiyong.com**

Kuaiyong App ကို ပေးထားတဲ့လင့်ကနေ ဒေါင်းလုဒ်ဆွဲပါ။ Kuaiyong ရဲ့ Website က ဒေါင်းလုဒ်ဆွဲရမှာပါတယ်။ ဒေါင်းလုဒ်ဆွဲလာတဲ့ ဖိုင်ကို PC ပေါ်မှာ Install လုပ်ပါ။ PC ပေါ်ကတဆင့် သွင်းမှာဖြစ်လို့ PC ပေါ်မှာ Install လုပ်ရတာပါ။ မှတ်ချက်အနေနဲ့ ကတော့ Kuaiyong ကို ဒေါင်းလုဒ်လုပ်လိုက်တဲ့အခါ PC ပေါ်မှာ Antivirus ကိုပိတ်ထားရမှာပါ။ မပိတ်ထားရင်တော့ Untrusted Site အနေနဲ့ Warning တစ်ခုပေါ်လာမှာဖြစ်ပြီး ဒေါင်းလုဒ်လုပ်ဖို့ကို ရွေးချယ်ခိုင်းမှာပါ။

## Step (2)

ဒေါင်းလုဒ်ဆွဲပြီးရင်တော့ Kuaiyong ကိုဝင်လိုက်ပါ။ ပုံမှာပြထားတဲ့ အတိုင်း App Store ပေါ်လာပါလိမ့်မယ်။ Apple ရဲ့ App Store ပေါ်မှာ အခကြေးငွေပေးဝယ်ရတဲ့ App တော်တော် များများကို အခမဲ့ ရနိုင်တာကိုတွေ့ရပါလိမ့်မယ်။ Zuesmos လို အကောင့်ဝင်စရာမလိုတဲ့ အပြင် နေ့စဉ်အသစ်ထွက် App တော်တော်များများကိုလည်း update လုပ်ပေးနေတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဝန်ဆောင်မှုတွေ အတွက်လည်း အခကြေးငွေတစ်စုံတစ်ရာပေးစရာမလိုတာကြောင့် အသုံးပြုသူတွေအတွက် အဆင်ပြေအောင်ပြုလုပ်ပေးထားပါတယ်။

## Step (3)

PC နဲ့ iDevice ကိုချိတ်ဆက်ပေးလိုက်ပါ။ ပုံမှာပြထားတဲ့အတိုင်းပဲ ချိတ်ဆက်ပြီးကြောင်း Kuaiyong မှာပေါ်လာအောင်စောင့်ပါ။ ပေါ်လာပြီဆိုရင်တော့ App တွေကို ရှာပြီးဒေါင်းလုဒ်ဆွဲလို့ရပါပြီ။ ဒါပေမယ့် Kuaiyong တစ်ခုလုံးကတော့ တရုတ်စာ သီးသန့်ပဲ ထောက်ပံ့ပေးထားတာဖြစ်လို့ App ရှာတဲ့အခါမှာ ပုံကိုသာ အားကိုးပြီးရှာရမှာပါ။

## Step (4)

App ရှာတွေ့ရင်တော့ ပုံမှာ မြှားပြထားတဲ့ နေရာကိုနှိပ်ပေးလိုက်ပါ။ ဒေါင်းလုဒ်ဆွဲဖို့ နှိပ်လိုက်တာဖြစ်ပါတယ်။ App ကိုဒေါင်းတဲ့နေရာမှာ App ရဲ့ အသေးစိတ်ဖော်ပြချက်တွေကို ရေးသားပေးထားမှာဖြစ်တဲ့အတွက် App အရွယ်အစား နဲ့ ဘယ်လို iOS တွေမှာ ထောက်ပံ့ပေး သလဲဆိုတာကိုပါဖော်ပြပေးထားပါတယ်။ ဒါ့အပြင် App ရဲ့ Screenshot တွေကိုလည်း တစ်ပါတည်း ဖော်ပြပေးထားတာကြောင့် တရုတ်စာနဲ့ ဖော်ပြပေးထားပေမယ့် အသုံးပြုချင်တဲ့ App ဟုတ်မဟုတ်ကို အတိအကျ သိရှိနိုင်ပါ တယ်။

## Step (5)

ဒေါင်းလုဒ်ဆွဲဖို့ နှိပ်ပြီးသွားရင် ပုံမှာပြထားတဲ့အတိုင်း ဒေါင်းလုဒ်ဆွဲနေတဲ့ အချိန်ကိုပြပေးနေမှာပါ။ ဆွဲခဲ့သမျှဒေါင်းလုဒ် စာရင်းကိုပြသပေးထားမှာဖြစ်တဲ့ အပြင် App တွေရဲ့ Version နဲ့ အရွယ်အစားကိုပါ ပြသပေးထားမှာပါ။ ဒေါင်းလုဒ်ဆွဲနေရင်း ရပ်တန့်ချင်ရင်လည်း ယာဘက် ထောင့်မှာရှိတဲ့ မြှားပုံ အနီရောင်ကို နှိပ်ပြီး ရပ်တန့်နိုင်ပါတယ်။

## Step (6)

ဒေါင်းလုဒ်ဆွဲလို့ပြီးရင် ယာဘက်ထောင့်မှာရှိတဲ့ မှိန်နေတဲ့တရုတ်စာလေး လင်းလာတာတွေ့ရပါလိမ့်မယ်။ လင်းလာတာနဲ့ နှိပ်လိုက်ပါ။ ပုံမှာပြထားတဲ့အတိုင်း INSTALL လုပ်နေတာကိုတွေ့ရပါလိမ့်မယ်။ တချို့ PC တွေမှာတော့ အလိုလျှောက် INSTALL လုပ်သွားတတ်ပေမယ့် တချို့ PC တွေမှာတော့ ကိုယ်တိုင် INSATLL လုပ်ပေးရတတ်ပါတယ်။ INSTALL လုပ်တဲ့ အချိန်ပြည့် သွားရင်တော့ APP ဟာ DEVICE ထဲကိုရောက်သွားပါပြီ။

တစ်ခါတစ်ရံမှာ DEVICE ပိတ်သွားပြီး ပြန်တက်လာရင် သွင်းထားတဲ့ APP တွေ ဝင်လို့မရတတ်တဲ့ ERROR တစ်ခု တော့ ရှိပါတယ်။ ဒါပေမယ့် ရံဖန်ရံခါသာဖြစ်တတ်တာမို့ JAILBREAK မလုပ်ပဲ ကိုယ်ရေးကိုယ်တာ ဆန်ဆန် သုံးချင်သူတွေအတွက်ကတော့ အတော်ကို ဟန်ကျမယ့် APP တစ်ခုဖြစ်ပါတယ်။ JAILBREAK မလုပ်သူတွေအတွက် သီးသန့်လိုမဟုတ်ပဲ JAILBREAK USER တွေအတွက်လည်း အဆင်ပြေနိုင်တာမို့ အခုလောလော ဆယ်မှာတော့ လူသုံးအများဆုံး PIRATE APP STORE တစ်ခုဖြစ်နေပါတယ်။



Volume-1, Issue 22
July 3 , Wednesday, 2013

# Android ဖုန်းတစ်လုံးကို အခြေခံလုပ်ဆောင်ချက်များ စတင်လုပ်ဆောင်ခြင်း

မိုးဆက်ကို




## မိတ်ဆက်

တကယ်တော့ ဒါဟာ အတော်လေးကို အခြေခံကျတဲ့ အခြေခံလုပ်ဆောင်ချက်တွေကို ရှင်းပြထားတာဖြစ်လို့ အခြေခံလုပ် အသုံးပြုဖူးသူအတွက်ကတော့ လိုအပ်ချင်မှ လိုအပ်ပါမယ်။ ဒါပေမယ့် အခုမှ စကိုင်မယ့်သူအတွက်ကတော့ လိုအပ်နိုင်မှာမို့ သိရှိမှတ်သားသင့်တဲ့ အချက်တွေ ပါဝင်ပါသည်။

အဲဒီတော့ ပထမဆုံး မိမိလက်ထဲကို android ဖုန်းတစ်လုံး လက်ထဲရောက်လာချိန်မှာ ဘာတွေကို စတင်လုပ်ဆောင်သင့်တယ်ဆိုတဲ့ အချက်တွေကို လူတိုင်းကြိုတင် စဉ်းစားထားမယ်လို့ မထင်ပါဘူး။ တကယ်တော့ အခြေခံအားဖြင့် ဂိမ်းကစားတက်တဲ့ သူက ဂိမ်းကစားမယ်။ အင်တာနက်သုံးတက်တဲ့သူက အင်တာနက်သုံးမယ်၊ ဒီအတွက် ဂိမ်းဆိုရင်လည်း ဆိုင်က ဝယ်ကတည်းက ဂိမ်းလေးတွေကို တစ်ပါတည်း ထည့်သွင်းခိုင်းမယ်။ အင်တာနက်သုံးဖို့အတွက် သူကတော့ အင်တာနက် အတွက် လိုအပ်တဲ့ Gmail, Facebook , Gtalk , Skype , Viber အစရှိတဲ့ apps တွေကို ထည့်ခိုင်းမယ်။ ထိုနောက် လိုအပ်တဲ့ မြန်မာစာဖောင့်သွင်းတာတွေ လုပ်ခိုင်းမယ်။ ဒီအဆင့်လောက်မှာပဲ ရပ်သွားတက်သည်။ အမှန်တကယ်တော့ ဖုန်းဝယ်ပြီဆိုကတည်းက ဖုန်းကို ဖုန်းပြောဖို့အတွက် လက်တော့ အသုံးပြုဖို့မသင့်ပါဘူး။ ဖုန်းပြောဖို့ထက် များစွာ အသုံးဝင်နိုင်တဲ့ လုပ်ဆောင်ချက်တွေ များစွာ ဖုန်းအတွင်းမှာ ပါဝင်ပြီး ဖြစ်သည်။ သို့အတွက် မိမိဝယ်ယူလိုက်တဲ့ ဖုန်းတစ်လုံးမှာ ပါဝင်တဲ့ လုပ်ဆောင်ချက်တွေကို အသုံးမပြုပဲ ဖုန်းပြောဖို့သက်သက်အတွက်ဆိုရင်တော့ ယခုခေတ်စားနေတဲ့ စမက်ဖုန်းတွေကို ကိုင်ဖို့အတွက်တောင် မသင့်တော့ပါဘူး။ စမက်ဖုန်းဆိုတဲ့ ရည်ရွယ်ချက်ကိုက စမက်ကျကျနဲ့ အရာတော်များများကို ဖုန်းအတွင်းကနေ လုပ်ဆောင်နိုင်စေဖို့ ဖြစ်သည်။

## Google Play Store ကို အသုံးပြုခြင်း

သို့ပေမယ့် ပထမဆုံး လိုအပ်ချက်အဖြစ် အခြားအရာများကို မလုပ်ခင် ပထမဆုံးလုပ်ချင်တာလေးတွေကို ဖုန်းမှာ setting ချရပါမယ်။ အဲဒီအတွက် လိုအပ်တဲ့ လုပ်ဆောင်ချက်အဖြစ် ပထမဆုံး Google Play Store ဆိုတာကို သိဖို့လိုအပ်သည်။ Google Play Store ဆိုတာ Android ကို တရားဝင်ထည့်သွင်းထားတဲ့ ဖုန်းများအတွက် တစ်ပါတည်း ပါဝင်ပြီးဖြစ်သော်လည်း အထူးသဖြင့် Huawei ဖုန်းများအတွက် မပါဝင်တတ်ကြပါဘူး။ ဒီအတွက် လုပ်ဆောင်စရာတွေ များစွာ လုပ်ဆောင်ဖို့ လိုအပ်နေတက်ပြန်သည်။ ဘာကြောင့်လဲဆိုတော့ ဖုန်းအတွင်း Google Play Store ကို ထည့်သွင်းနိုင်ဖို့အတွက် Google ကနေ ပေးထားတဲ့ Google apps တွေကို ထည့်သွင်းဖို့ လိုအပ်ပြန်သည်။အဲဒီအတွက် လိုအပ်တဲ့ Google apps တွေကိုတော့ အခြားလုပ်ဆောင်စရာနည်းလမ်းများကနေ ရယူနိုင်သည်။ ယခုပြောမှာကတော့ Google Play Store ပါဝင်ပြီးသားဖြစ်သည့် စမက်ဖုန်းများအတွက် ပထမဆုံးလုပ်ဆောင်ရမှာက Google Play Store ကို setup လုပ်ဖို့ ဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ Google Play Store ကနေ မိမိလိုချင်တဲ့ မိမိအတွက် အသုံးဝင်နိုင်တဲ့ apps တွေ များစွာ တိုက်ရိုက်ဒေါင်းလုပ်ရယူနိုင်တဲ့ အတွက်ဖြစ်သည်။

Google Play Store ကို ဝင်ရောက်ဖို့အတွက် ပထမဆုံးလုပ်ဆောင်ရမှာက Google account တစ်ခုရှိဖို့လိုအပ်သည်။ မိမိအနေဖြင့် ဖုန်းတစ်လုံးကိုင်ထားမယ်၊ အင်တာနက်စနစ်ဆိုတာကိုလည်း အထိတွေ့ရှိမယ်ဆိုရင် မိမိမှာ Google account တစ်ခုတော့ ရှိမှာဖြစ်သည်။ မရှိဘူးဆိုရင်လည်း ပြဿနာမဟုတ်ပါဘူး။ အဓိက အနေဖြင့်တော့ မိမိဖုန်းကို အင်တာနက်ချိတ်ဆက်မိဖို့လိုသည်။ ရပြီဆိုရင် Google account တစ်ခုကို အလွယ်တကူပြုလုပ်နိုင်သည်။ အဲဒီအဆင့်တွေကတော့ ကျော်သွားပါမည်။ မဟုတ်ပါက ဆောင်းပါးလိုချင်သည့်အချက်ကို မရောက်နိုင်မှာ ဖြစ်သည့်အတွက် ဖြစ်သည်။ Google Play Store ကို Google account ဖြင့် အလွယ်တကူ setup လုပ်နိုင်သည့်အတွက် Google Play Store ကနေ ဘယ်လိုမျိုး apps တွေကို ရယူမလဲဆိုတာကတော့ အတော်လေး လွယ်ကူသွားပြီဖြစ်သည်။ အဲဒီ Google Play Store ပေါ်မှာ apps ပေါင်း ၁ မီလီယံကျော်ရှိနေပြီး download အကြိမ်အရေအတွက်ပေါင်း ၁၀ ဘီလီယံလောက်အထိ အသုံးပြုနေကြသည်။ အဲဒီ သန်းနဲ့ချီပြီးရှိနေတဲ့ apps တွေထဲကနေ မိမိလိုချင်တဲ့ apps တွေကို စစ်ထုတ်လိုက်မယ်ဆိုရင်တောင်မှ အတော်လေးများများ စားစားကို ရနိုင်ပါသည်။ ဘာကြောင့်လဲဆိုတော့ မိမိအတွက် အသုံးဝင်နိုင်တဲ့ apps တွေ အားလုံးနီးပါးကို apps အဖြစ် မြင်တွေ့နိုင်သည့်အတွက် ဖြစ်သည်။ ဥပမာအနေဖြင့် မိမိက သတင်းတွေကို စိတ်ဝင်စားလို့ သတင်းတွေကို news feed အနေနဲ့ဖတ်ချင်တယ်ဆိုရင် news feed အတွက် apps တွေများစွာ ရှိနေသည်။ ထိုကဲ့သို့ပင် အခြားသော မိမိအတွက် အသုံးဝင်မည့် အဘိဓာန်လိုမျိုးတွေလည်း များစွာရှိသည်။ ဘယ်နေရာသွားသွား မိမိရောက်ရှိနေသည့် နေရာကို တိကျစွာသိနိုင်ဖို့အတွက်က Google Maps လိုမျိုးမြေပုံရှိသည်။ ထိုအပြင် အခြားသော Google maps လိုမျိုး apps တွေလည်းများစွာ ရှိနေသည်။ ဒါဟာ ဥပမာအနေဖြင့် ပေးထားခြင်းသာဖြစ်ပြီး မလိုအပ်ဘူးဆိုရင်တော့ ကျော်သွားနိုင်သည်။

## UI ဝနှစ်ကို ပြောင်းလဲခြင်း

UI ဆိုတာကတော့ Android ရဲ့ user interface တစ်ခုဖြစ်သည်အားလျော်စွာ အသုံးပြုသူတွေအတွက်လည်း များစွာ အသုံးချနိုင်ခွင့်ကို ပေးထားသည်။ မိမိဖုန်းရဲ့ UI ကို မကြိုက်ဘူးဆိုရင် လည်း ပြောင်းလဲနိုင်ဖို့အတွက် အခွင့်အရေးရှိသည်။ ဒါကတော့ နောက်ခံ wallpaper ကို ပြောင်းလဲနိုင်ခြင်း၊ lock screen ရဲ့ wallpaper ကို ပြောင်းလဲနိုင်ခြင်း နှင့် ဖောင့်စတိုင်(fonts) ကို ပြောင်းလဲနိုင်ခြင်း တို့ဖြစ်သည်။ ဒီထက် ပိုမိုထူးခြားတာမျိုးဆိုရင်တော့ Launcher တွေများစွာရှိပြီး Google Play Store ကနေ အခမဲ့ရယူနိုင်ကာ မိမိရဲ့ UI ပုံစံကို ပြောင်းလဲနိုင်သည်။ ဒါကတော့ အစစ်လိုမျိုးမဟုတ်ပဲ အမြင်ပုံစံပြောင်းလဲနိုင်ရုံဆိုပေမယ့် တကယ်တော့ မြင်ကွင်းပုံစံကို ပြောင်းလဲနိုင်တဲ့ အတွက် အများအမြင်မှာလည်း ပြောင်းလဲသွားသလို ဖြစ်စေသည်။ ဒါက သာမန်အဆင့် မြင်ကွင်းပုံစံကို ပြောင်းလဲခြင်းဖြစ်သည်။ ဒီအတွက် menu ကနေ setting ကနေတစ်ဆင့် display လိုနေရာမျိုးကနေ တစ်ဆင့် wallpaper, lock screen , fonts , Launcher အစရှိတာတွေကို ပြုပြင်နိုင်သည်။ ဒါဟာ သာမန်ဖုန်းတစ်လုံးအတွက် အလုပ်လုပ်နိုင်တဲ့ ပြုပြင်မှုများဖြစ်သည်။ အဲဒီအတွက် နာမည်ကြီးတဲ့ launcher တွေလည်းများစွာရှိသည့်အတွက် Google Play Store ကနေ ရှာဖွေနိုင်သည်။

## Web Browsers

Web browser ဆိုတာကတော့ အင်တာနက်သုံးဖို့အတွက် လိုအပ်မယ်လို့ထင်သည်။ ဘာကြောင့်လဲဆိုတော့ သူမှာ ပါဝင်လာတက်တဲ့ browser တွေက မြန်မာဝက်ဆိုက်တွေကို ကြည့်ရင် မြန်မာစာဖောင့်တွေ မပါတာ မျိုးဖြစ်တက်သည်။ ထိုကြောင့် browser စစ်စစ်ကောင်းကောင်းလေး တစ်ခုဖြစ်ဖြစ် တင်ထားသည့်သည်။ ဘယ်လို browser ကို အသုံးပြုမယ်ဆိုတာကတော့ မိမိအသုံးပြုချင်တဲ့ အပေါ်မှုတည်နေပြီး စာရေးသူတင်ပြချင်တဲ့ browser တွေကတော့ မြန်မာ developer တွေ လုပ်ထားတဲ့ မြန်မာ browser တွေလည်း ရှိသည်။ သို့အတွက် အဲဒီ Browser တွေကို ရွေးချယ်တင်ထားမယ်ဆိုရင် မြန်မာစာဖောင့်ကို ကောင်းကောင်းမြင်နိုင်မယ်လို့ ခန့်မှန်းမိသည်။ မြန်မာစာဖောင့်အတွက် အဆင်ပြေတဲ့ browser တွေကတော့ 1st Myanmar browser, MyanBrowser, FreeBrowser, Browser4MM, Mandalay browser အစရှိတဲ့ browser တွေများစွာ ရှိသည်။ ထိုနောက် မိမိကြိုက်နှစ်သက်ရာကို ထည့်သွင်းအသုံးပြုနိုင်သည်။

## အခြားထည့်သွင်းသင့်သည့် apps များ

စမက်ဖုန်းတစ်လုံး ကိုင်ပြီဆိုတာနဲ့ အနည်းဆုံးတော့ ကင်မရာရိုက်မယ်။ ဗီဒီယိုဖိုင်တွေကို ကြည့်မယ်ဆိုတဲ့ လုပ်ဆောင်ချက် တွေကိုတော့ လုပ်ဆောင်ကြမှာပါ။ ဒီတော့ ဗီဒီယိုဖိုင်ကို ကြည့်ဖို့အတွက်ဆို ရင် ပထမဆုံး ပေးချင်တဲ့ music player ကတော့ MX Player ဖြစ်သည်။ သူ့ရဲ့ လုပ်ဆောင်ချက်တွေဟာ အထူးကောင်းမွန်သလို ဗီဒီယိုဖိုင်တွေ ဖွင့်နိုင်တဲ့ player တွေထဲမှာလည်း အထူးကောင်းမွန်တဲ့ player ပဲဖြစ်သည်။ နောက်တစ်ခုကတော့ BS Player ဆိုတာဖြစ်သည်။ အခြားကောင်းမွန်တဲ့ player တွေလည်း ရှိသေးသည့်အတွက် Google Play Store မှာ တိုက်ရိုက် Player ဆိုပြီး ရှာဖွေကြည့်နိုင်သည်။

Social network နှင့် ဆိုင်တာမျိုးဆိုရင်တော့ ပထမဆုံး လိုအပ်မှာက facebook, Twitter တို့ဖြစ်ပြီး အလွယ်တကူအသုံးပြုနိုင်တဲ့ apps များဖြစ်သည်။ နောက်ထပ် တစ်ခုကတော့ Gtalk ဖြစ်သည်။ တကယ်လို့ Gtalk ကို မသွင်းနိုင်တဲ့ ဖုန်းတွေမှာဆိုရင်တော့ အခြား messenger တွေ ရှိသည်။ ဒီထက်ပိုပြီး လိုချင်ရင်တော့ အခြား လုပ်ဆောင်ချက်တွေများစွာ ပါဝင်သည့် apps များကို တိုက်ရိုက် ရှာဖွေနိုင်သည်။

နောက်တစ်ခုကတော့ ကင်မရာရိုက်ကူးနိုင်တဲ့ ဖုန်းတွေမှာ ကင်မရာဆိုတာ ပါလာတဲ့အတွက် ကင်မရာလည်း ရိုက်ကူးတက်ကြသည်။ သို့အတွက် အကောင်းဆုံး ကင်မရာ apps တွေလည်းများစွာ ရှိနေသည်။ အခမဲ့ပေးထားတဲ့ apps တွေများစွာရှိသလို ငွေပေးဝယ်ရတဲ့ apps တွေလည်းများစွာ ရှိသည်။ သို့အတွက် ဖုန်းအတွင်းမှာထည့်သွင်းထားတဲ့ ကင်မရာဟာ ကောင်းမွန်တယ်လို့ဆိုနိုင်ပေမယ့် အခြားသူထက်ကောင်းမွန်တဲ့ apps တွေများစွာ ရှိနေသည်အတွက် မိမိကိုယ်တိုင် တိုက်ရိုက်ရှာဖွေနိုင်သည်။

ထို့အတူပဲ မိမိဖုန်းအတွက် အခြားလုပ်ဆောင်နိုင်တဲ့ လုပ်ဆောင်နိုင်စွမ်းတွေ များစွာရှိနေသည့်အတွက် android ဖုန်းတစ်လုံး ဝယ်ထားပြီဆိုရင် အကောင်းဆုံးကတော့ မိမိဖုန်းမှာ ဘာတွေ လုပ်ဆောင်နိုင်လဲဆိုတာကို သိဖို့လိုသည်။ ထို့အတူ သိပြီးရင်လည်း အသုံးချဖို့လိုသည်။ သို့မဟုတ်ပါက android ဖုန်းတစ်လုံးကို ဝယ်ထားပြီး ဘာမှအသုံးမပြုဘူးဆိုရင် ဘာမှလည်း အသုံးမဝင်ပဲ ဖုန်းပြောဖို့လောက်သာ၊ ဂိမ်းဆော့ဖို့လောက်သာ အသုံးဝင်တော့မှာဖြစ်သည်။

# Android မှ ကူးယူထားသော Apple ရဲ့နည်းလမ်း ၇ သွယ်

ဒိုင်တီမောင်မောင်

Apple ဟာသူရဲ့ iOS အသစ်ကို စတင်မိတ်ဆက်ခဲ့တဲ့နောက်ပိုင်းမှာတော့ သာမန်လိုဖြစ်နေကြဖြစ်တဲ့ အနာဟောင်းအတိုင်းပဲတိုင်ကြားမှုတွေ စတင်ခံစားခဲ့ရပြန်ပါပြီ။ လွန်ခဲ့တဲ့ ၆ နှစ်လောက်ကစပြီးထွက်ခဲ့တဲ့ မူလပုံစံကနေခွဲထွက်လာတဲ့ အချိန် ကုမ္ပဏီရဲ့ စီအီးအို အပြောင်းအလဲအပြီးမှာတော့ အသစ် ထွက်လာမယ့် iOS 7 ဟာ များစွာပြောင်းလဲသွားခဲ့ပါပြီ။

၆ နှစ်လောက် စတင်ပြီး မပြောင်းမလဲတဲ့ ဒီဇိုင်းပုံစံတစ်ခုတည်းကို အသားပေးထားခဲ့တဲ့ iOSဟာ အခုအချိန်မှာတော့ အရာရာ ပြောင်းလဲဖို့အတွက် ဖန်လာခဲ့ခြင်းပဲဖြစ်သည်။ ဘာကြောင့်လဲ ဆိုတာထက် ၆ နှစ်ကျော် သက်တမ်းအတွင်း အသုံးပြုခဲ့တဲ့ Apple ချစ်သူတွေ အတွက် အခြား ပြိုင်ဘက်ဖြစ်တဲ့ Android လိုပဲ အသစ်အဆန်းဖြစ်မှုမျိုးလိုချင်မှာပဲ ၊ လိုအပ်မှာပဲဆိုတဲ့ စိတ်တစ်ခုနဲ့ ပြောင်းလဲခြင်း ဖြစ်နိုင်သလိုအဓိက ပြိုင်ဘက်ဖြစ်တဲ့ Samsung ရဲ့ အရှိန်အဝါ တက်လာနေတဲ့ အချိန်မှာ Apple ရဲ့ နည်းပညာဆိုင်ရာ ခေါင်းဆောင်နိုင်ခဲ့မှု အပိုင်းကို ပြန်လည်ကုစားဖို့ ကြိုးစားနည်း တစ်မျိုးလည်း ဖြစ်နိုင်သည်။

iOS 7 ကိုလွန်ခဲ့တဲ့ ၁၀ ရက်နေ့ကနေ ၁၄ ရက်အထိကျင်းပခဲ့တဲ့ WWDC 2013 မှာ Apple ကနေ စတင် မိတ်ဆက်ခဲ့သည်။ အဲဒီ မိတ်ဆက်ခဲ့တာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ Apple developer တွေအတွက် developer version တွေကိုထုတ်ပေးခဲ့သည်။ အဲဒါကတော့ Apple ရဲ့ လုပ်ရိုးလုပ်စဉ်မို့ ဘာမှ မဖြစ်ခဲ့ပါဘူး။ Apple developer တွေ စမ်းသပ် အသုံးပြုဖို့နဲ့ apps တွေ ရေးသားနိုင်ဖို့ အတွက် ဖြစ်သည်။ အဲဒီမှာ iOS 7 ရဲ့ ဒီဇိုင်းပုံစံ ပြောင်းလဲ သွားတာကို အကောင်းမြင်တဲ့သူတွေ ရှိသလို ဒီဇိုင်းသမားတွေ အတော်များများကတော့ ဝေဖန်ခဲ့ကြသည်။

စိတ်ဝင်စားစရာ အကောင်းဆုံး အချက်ကတော့ Apple ရဲ့ အသစ်ထွက်လာမယ့် ဒီဇိုင်းပုံစံနဲ့ Features တွေကို Android နှင့် နှိုင်းယှဉ်ကြခြင်းဖြစ်ပြီး Google ရဲ့ နာမည်ကျော် Operating System တစ်ခုဖြစ်တဲ့ Android ကနေ တစ်ချို့အရာတွေကို ရယူထားတယ်လို့ဆိုတဲ့ အချက်တွေထွက်လာခဲ့ခြင်းဖြစ်သည်။ ဒီအချက်ကတော့ Apple သမိုင်း စတင် ရှိုင်းခဲ့လေပြီလားလို့ ဆိုရမလို ဖြစ်ခဲ့သည်။ iOS ကို စတင်အခြေပြုလာခဲ့တဲ့လွန်ခဲ့တဲ ၆ နှစ်လောက်ကစပြီးနည်းပညာသမိုင်းမှာဦးဆောင်လာခဲ့တဲ့ Apple ဟာ Steve jobs မရှိတော့တဲ့ နောက်ပိုင်းမှာအပြောင်းအလဲများစွာ ဖြစ်လာခဲ့သည်။

## Android နှင့်တူလာခဲ့တဲ့ slide to unlock စနစ်




အမှန်ပါပဲ။ ယခုအသစ်ထွက်လာမယ့် iOS 7 ရဲ့ Screen lock စနစ်ကိုအသုံးပြုထားတဲ့ slide to unlock စနစ်ဟာယခင် iOS 6 မှာတုန်းကလို မဟုတ်တော့ပဲ အပြောင်းလဲကြီး ပြောင်းလဲကာ Android ရဲ့ Swipe to unlock screen နှင့် အတော်လေးကို ဆင်တူနေခြင်းဖြစ်သည်။ ဒါကြောင့် Android user များ၏ လှောင်ပြောင်ခြင်းကိုလည်း ခံရသလိုသူတို့ရဲ့ Swipe စနစ်ကိုအတုယူခိုးချထားတယ်လို့လည်းဆိုကြသည်။ အဲဒီအချက်ကတော့ တိုက်ဆိုင်စွာတူညီနေခြင်းကို Apple က သိသိကြီးနဲ့ အတည်ပြုလိုက်ခြင်း ဖြစ်သည်။

## Multitasking စနစ်တူညီနေခြင်း




ဒါဟာလည်း အပြစ်ပြောစရာ တစ်ခု ဖြစ်စေသည်။ Android ရဲ့ multitasking စနစ်ဟာအခြားသူများမလုပ်ခင် ဒီဇိုင်းထုတ်ထားတဲ့ Feature တစ်ခုဖြစ်ပြီးယခုiOS 7 မှာတိုက်ဆိုင်စွာတူညီနေခြင်းကတော့ အပြစ်တစ်ခုလို ဖြစ်စေခဲ့ပြန်ပါသည်။ Android ရဲ့ multitasking က အပေါ်အောက် ပြသခြင်းဖြစ်ပြီး Apple ရဲ့ iOS 7 ကတော့ ဘေးတိုက်ဘယ်ညာ ပြသခြင်းသာ ကွာခြားသွားခြင်း ဖြစ်သည်။ ဒါပေမယ့် ဒါဟာ preview စနစ်သာ ဖြစ်သေးတာမို့ တကယ်ထွက်လာမယ့်အချိန်မှာဘယ်လိုဖြစ်လာမယ် ဆိုတာကတော့ မသိသေးပါဘူး။ လောလောဆယ်တော့ iOS 7 ဟာ Android ဆီက Features တွေကို အတုယူထားတယ် ဆိုပြီးအသံတွေ ထွက်နေခြင်းပဲ ဖြစ်သည်။

## Quickly Access Settings များတူညီနေခြင်း




ဒါကလည်း အပြစ်ပြောစရာ တစ်ခု ဖြစ်လာစေသည်။ iOS 6 အထိ ထုတ်ခဲ့သမျှသော ဖုန်းဗားရှင်းတွေ အားလုံးမှာ အဲဒီ Quickly Access စနစ်မပါဘူးလို့ပဲဆိုရမည်။ notification panel ပါဝင်ခြင်းဟာ ရှိနေခဲ့ရာကနေအခုအချိန်မှာတော့ Android ကဲ့သို့ အလားတူ Quickly Access Settings ကိုထည့်သွင်းလာခဲ့ခြင်းဖြစ်သည်။ အဆိုပါ Quickly Access Settings ကလည်း android ကဲ့သို့ပင် Wifi , Bluetooth, control panel တို့ကိုအလွယ်တကူချိန်ညှိနိုင်တဲ့ စနစ်ပါဝင်လာခြင်းပင်ဖြစ်သည်။ ဒီFeatures ဟာ Android မှာရှိနေခဲ့တာအတော်ကြာခဲ့ပြီဖြစ်သည်။ ဒါကြောင့် iOS 7 ဟာ Android features တွေကို အတုယူခိုးချခြင်းဖြစ်ကြောင်း Android သမားများက ပြောဆိုနေခြင်း ဖြစ်သည်။

## Music Interface ကို Android \ Google Music လိုပြောင်းလဲလိုက်ခြင်း




ဒါဟာ တိုက်ဆိုင်မှုမျိုး မဟုတ်ပါဘူး။ ပုံစံတူ ဒီဇိုင်းကွဲ လုပ်ဆောင်ချက်တွေအတွက် တရားစွဲဆိုခွင့် ရှိနေလေမလား ဆိုတာစောင့်ကြည့်ရင်းနောက်ဆုံး တရားဝင်ထွက်လာမယ့် iOS 7 ကိုပဲစောင့်ကြည့်ရမှာ ဖြစ်သည်။

နောက်ထွက်လာတဲ့ dev version မှာတော့ Apple ရဲ့ music player ဟာ Android မှာသုံးနေတဲ့ Google Music Player နဲ့ ကာလာအရောင်အသွေးပိုင်းကအစ interface ပိုင်းမှာပါ တူညီနေခြင်းဖြစ်သည်။ဒါကြောင့်လည်း ဒီ Feature ကို Apple က ခိုးယူထားခြင်း ဖြစ်ကြောင်း ထုတ်ဖော်လာခြင်း ဖြစ်သည်။ ဒီအတွက်ကတော့ ဝေဖန်မှုတွေ ညံလာလေမလား စောင့်ကြည့်ရမှာ ဖြစ်သည်။

## Notification စနစ်ရဲ့ လုပ်ဆောင်ပုံတူညီနေခြင်း




ဒါကလည်း အပြစ်တင်ချင်စရာ ကောင်းလောက်အောင် ဖြစ်စေသည်။ Android မှာ အသုံးပြုနေတဲ့ notification စနစ်ကို အတုယူကာဒီဇိုင်းပြန်ထုတ်ထားခြင်းလို့ ဆိုနိုင်သည်။ ယခင်တုန်းကဆိုရင် iOS ရဲ့ noti စနစ်ဟာ အသက်မဝင်လှပါဘူး။ ဒါပေမယ့် အခုအသစ်မှာတော့ အသက်ဝင်လာသလို လုပ်ဆောင်ချက်အမြောက်အများကိုလည်း လုပ်ဆောင်နိုင်တော့မှာ ဖြစ်သည်။ နေ့စဉ် လုပ်ဆောင်ချက်တွေ ၊ ဖုန်းခေါ် ဆိုမှုစနစ်တွေ အခြား အွန်လိုင်း အခြေပြုစနစ်တွေကို ပူးတွဲ ဖော်ပြပေးထားတဲ့ စနစ်ကို ပြောင်းလဲသွားတဲ့ အတွက် ဖြစ်သည်။ သေချာတာကတော့ တကယ်ထွက်လာရင် ဘယ်လို ဖြစ်လာမလဲဆိုတာ အားလုံးက စောင့်ကြည့်နေခြင်းဖြစ်သည်။

## ပြက္ခဒိန် လုပ်ဆောင်ချက်များ တူညီနေခြင်း




ဒါကိုဘယ်လိုတူညီနေတယ်ဆိုတာထက် ဒီလိုမျိုး လုပ်ဆောင်ချက်တွေ iOS 7 မှာ ပါဝင်လာခြင်းဟာ Android ရဲ့ Google Calendar စနစ်နှင့် ဆင်တူ ဖြစ်နေခြင်း ဖြစ်သည်။ Apple ရဲ့ iOS 7 မှာ ပါဝင်တဲ့ Cal- endar စနစ်ဟာလည်း Android လိုပဲ တစ်နေ့တာ မှတ်သားထားတော့ ချိန်းဆိုမှုများ လုပ်ဆောင်ရန် ရှိသော အချိန်နာရီ နေ့စွဲများ အစရှိသည့် စနစ်များကို လုပ်ဆောင်နိုင်တော့မှာ ဖြစ်သည်။ ဒါဟာ တော်လေးကို ရိုးစင်းပြီး တူညီမှု ဖြစ်နေတဲ့ အနေအထား တစ်ခုပဲ ဖြစ်သည်။ ဒါပေမယ့် အနှစ်သာရပိုင်း လုပ်ဆောင်ချက် မတူညီပေမယ့် တကယ်တမ်းကတော့ ဒါဟာအခြေခံလုပ်ဆောင်ချက်တွေ တူညီနေခြင်း ဖြစ်သည်။

## 3D Panel ပြောင်းလဲသွားသည့် Safari ၏ဘရောက်ဆာစနစ်




ဒါကလည်း Google ရဲ့ နာမည်ကျော် Google Chrome Browser နှင့် အတော်လေး တူညီနေတာကို တွေ့ရပြန်သည်။ ဘာတူညီနေလဲဆိုတော့ Safari ရဲ့ browser စနစ်မှာ 3D panel လိုမြင်နိုင်တဲ့ Feature အသစ်တစ်ခု ပါဝင်လာပြီး အဲဒီ 3D panel အသစ်ဟာ Android ရဲ့ Google Chrome မှာ ပါဝင်သည့် new tabs စနစ် နှင့် ခပ်ဆင်ဆင် တူနေခြင်းဖြစ်သည်။ ဒါဟာ ပုံစံတူ တိုက်ရိုက်ကူးချခြင်းမျိုး မဟုတ်သည့်တိုင်အောင် အခြေခံ လုပ်ဆောင်ချက်တွေ တူညီနေတဲ့ အချက်ကတော့ Android အသုံးပြုသူတွေကို စိတ်အထစ်အငေါ့ ဖြစ်စေခဲ့သည်။ ထို့အတူပဲ Apple ရဲ့ iPhone ချစ်သူတွေလည်း ဘာတွေကို ဘယ်လို မျှော်လင့်ထားကြဦးမယ်ဆိုတာ မသိသေးပါဘူး။

# HTC ၏မြန်မာပြည်တရားဝင် အရောင်းကိုယ်စားလှယ် KMD မှ တာဝန်ရှိသူ တစ်ဦးနှင့် တွေ့ဆုံခြင်း


ကိုစိုးဌေးရ
General Manager, KMD Company Limited

## HTC Showroom ဖွင့်လှစ်ဖြစ်ပုံ

HTC Showroom ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်နေ့က မြန်မာနိုင်ငံမှာ တရားဝင်စတင်ဖွင့်လှစ်ခဲ့တာပါ။ Showroom အပြင် Service Center တွေကိုလည်း ဖွင့်လှစ်ခဲ့ပါတယ်။ HTC ကို Authorized ယူရတဲ့အကြောင်းအရင်းက KMD ရဲ့ စတင်တည်ထောင်သူ ဆရာဦးသောင်းတင်နဲ့ မစ္စတာပီတာချူး နဲ့က သူငယ်ချင်းတွေ ဖြစ်နေတာက တစ်ကြောင်း၊ တခြားဖက်က ကြည့်ရင်လည်း သူ့ဘက်ကိုယ့်ဘက် မရွေးချယ်နိုင်စရာအကြောင်းမရှိတာလဲ ပါပါတယ်။

## Service Center အတွက် ကြိုတင်ပြင်ဆင်မှု

HTC Authorized Service Center မယူခင် သုံးလလောက်ကတည်းက စင်္ကာပူကအဖွဲ့တွေ ဒီမှာ Training လာပေးတယ်။ ဒီက Service Engineer တွေကို တိုင်ဝမ်ကိုလွှတ်ပြီးတော့ Job Training သွားဆင်းခိုင်းတယ်။ အဲဒီမှာ စာမေးပွဲတွေဖြေပြီး အောင်မြင်ခဲ့ပြီဆိုမှ ဒီမှာ Service Center လာဖွင့်တာပါ။ Service Center အတွက် ကျွန်တော်တို့အများကြီး ရင်းနှီးမြှုပ်နှံရတယ်။ မိုဘိုင်းက PC မှာ ပြင်တဲ့ စက်ပစ္စည်းတွေနဲ့မတူဘူး။ သူ့ရဲ့စက်ကိရိယာပစ္စည်းတွေကအစ ဒေါ်လာသန်းချီပြီး ပေးဝယ်ရတာတွေရှိတယ်။ အဓိကကတော့ ဝန်ဆောင်မှုကောင်းကောင်းပေးချင်တာပါ။ HTC ဖုန်းမတင်သွင်းခင် ၆ လလောက်ကတည်းက မြန်မာနိုင်ငံမှာ HTC ဖုန်းတွေကို Testing လာလုပ်နေတာ။ မြန်မာ Network နဲ့ စမ်းသပ်တယ်။ ကဒ်တွေ အမျိုးမျိုးနဲ့ စမ်းသပ်တယ်။ ဒါတွေအားလုံး Pass ဖြစ်ပြီ အဆင်ပြေပြီဆိုမှ HTC ဖုန်းတွေကို တင်သွင်းခဲ့တာပါ။ နောက်တစ်ခုအားသာချက်က HTC ဖုန်းတွေ မြန်မာနိုင်ငံနဲ့ တစ်ခုခုအဆင်မပြေတော့ဘူးဆိုရင် ချက်ချင်းပြင်ခိုင်းလို့ရတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နောက်မှာ HTC တစ်ဖွဲ့လုံးက ရှိနေတယ်။

## အာမခံစနစ်

အခြားနိုင်ငံမှာဆို HTC ဖုန်းတွေကို Warranty က တစ်နှစ်ပဲပေးတာ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆို တစ်နှစ်ခွဲ (၁၈ လ) အထိ ပေးထားတယ်။ ဒါတွေကတော့ မြန်မာနိုင်ငံက အသုံးပြုသူ Customer တွေအတွက် သီးသန့်ပေးနေတဲ့ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုပါ။

## ဈေးနှုန်းသတ်မှတ်ချက်

နိုင်ငံတကာဈေးနှုန်းနဲ့ မကွာခြားအောင် ဖုန်းဈေးနှုန်းတွေကို သတ်မှတ်ပြီးရောင်းချပါတယ်။ ယိုးဒယားဆိုရင် မြန်မာနိုင်ငံနဲ့ ဈေးနှုန်းသိပ်မကွာဘူး။ စင်္ကာပူမှာဆိုရင် ပိုဈေးကြီးလေ့ရှိတယ်။ တစ်ချို့ဆိုရင် HTC Butterfly ကို ဒီကနေ ဝယ်ပြီး စင်္ကာပူကို ယူသွားတာတွေရှိတယ်။ စင်္ကာပူမှာဆိုရင် ဆိုင်တစ်ဆိုင်ဖွင့်ဖို့အတွက် ဆိုင်ခန်းခက ဈေးကြီးတယ်လေ။ ဒါ့ကြောင့် အမြတ်အများကြီးတင်ပြီး ရောင်းချလေ့ရှိတော့ စင်္ကာပူမှာ ဖုန်းတွေက ဈေးကြီးသွားတာပါ။ စင်္ကာပူနဲ့ ယှဉ်ရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံက ဈေးအများကြီးသက်သာပါတယ်။

## တင်သွင်းသည့် HTC ဖုန်းများအကြောင်း

ကျွန်တော်တို့ဆီမှာ HTC မော်ဒယ် ၆ မျိုးကို တင်သွင်းထားပါတယ်။ အမှန်တိုင်းပြောရရင်တော့ ကမ္ဘာမှာအအောင်မြင်ဆုံးမော်ဒယ်တွေကို ရွေးပြီးတင်သွင်းတာပါ။ ကမ္ဘာမှာ အရောင်းရဆုံး၊ Quality အကောင်းဆုံး၊ လူကြိုက်အများဆုံးထဲက ဟီးရိုးမော်ဒယ် (Hero Model) ၆ ခုကို ဆွဲထုတ်ပြီးတော့ တင်သွင်းဖြန့်ချိခဲ့တာပါ။ HTC One စမတ်ဖုန်းလည်း မြန်မာနိုင်ငံကို ဇူလိုင်လလယ်ပိုင်းလောက်မှာ ရောက်ရှိလာတော့မှာပါ။ HTC One မှာလည်း မြန်မာစာစနစ်ပါဝင်လာမှာပါ။ မြန်မာနိုင်ငံကို သွင်းပြီဆိုတာနဲ့ မြန်မာစနစ်ပါတဲ့ စမတ်ဖုန်းတွေကိုပဲ တင်သွင်းတာပါ။ သွင်းမယ့်မော်ဒယ်တွေအားလုံးကိုလည်း မြန်မာစာစနစ်ရအောင် လုပ်တာပါ။ HTC မှာ မြန်မာနိုင်ငံအတွက်ဆိုပြီး သီးသန့်လုပ်ပေးနေတဲ့ Department ရှိတယ်။ သူတို့တွေက မြန်မာနိုင်ငံအတွက် ကြိုတင်ပြင်ဆင်ပေးထားတယ်။ မြန်မာနိုင်ငံမှာ မတင်သွင်းတဲ့ HTC ဖုန်းတွေကို မှာယူချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ HTC အနေနဲ့ မလုပ်ပေးပါဘူး။ KMD Mobile အနေနဲ့ မှာယူပေးပါတယ်။ KMD Mobile ကျတော့ Band အစုံရောင်းတာ။ Band အစုံ ဝယ်ယူလို့ရပါတယ်။

## HTC ရဲ့ မြန်မာစာစနစ်

ကျွန်တော်တို့လုပ်တဲ့ မြန်မာစာစနစ်က လူနည်းစုအတွက် မဟုတ်ဘူး။ မြို့ရော နယ်ရော မြန်မာလူတန်းစားတစ်ရပ်လုံး မြန်မာစာတတ်ရုံနဲ့ နည်းပညာနဲ့ ဆက်စပ်မှုရှိအောင်ဆိုပြီး ရည်ရွယ်ပြီးလုပ်တာပါ။ အင်္ဂလိပ်စာ အားနည်းတဲ့သူတွေ၊ မြန်မာလို ပီပီပြင်ပြင်သုံးချင်တဲ့သူတွေအတွက် အရမ်းကိုအဆင်ပြေပါတယ်။ မစ္စတာပီတာချူးအနေနဲ့လည်း မြန်မာနိုင်ငံမှာ မြန်မာစာစနစ်ကိုရအောင်လုပ်ပေးခဲ့တယ်။ ကျွန်တော်က မြန်မာနိုင်ငံ HTC ကို တာဝန်ယူပြီး လုပ်နေရတဲ့သူတစ်ယောက်အတွက် HTC ကို ဂုဏ်ယူပါတယ်။

## HTC Corporation Taiwan

HTC (High Tech Computer) Corporation သည် တိုင်ဝမ်အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး စမတ်ဖုန်းနှင့် တက်ဘလက်များကို ထုတ်လုပ်လျက်ရှိသည်။ HTC သည် မိုဘိုင်းဖုန်းထုတ်လုပ်သည့် ကုမ္ပဏီများနှင့် မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာတို့ ပူးပေါင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်။ Cher Wang, H.T. Cho နှင့် Peter Chou သုံးဦးတို့က HTC Corporation ကို ၁၉၉၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံးအနေဖြင့် Notebook Computer များကို စတင်ထုတ်လုပ်ခဲ့ပြီး Touch နှင့် ကြိုးမဲ့ဆက်သွယ်ရေး (wireless) စနစ်ကို ပထမဆုံးအသုံးပြုနိုင်ခဲ့သည့် စမတ်ဖုန်းများကိုလည်း စတင်ထုတ်လုပ်ခဲ့ သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီတွင် ပြုလုပ်ခဲ့သည့် Mobile World Congress တွင် ၂၀၁၁ ခုနှစ်၏ အကောင်းဆုံးထုတ် လုပ်မှုဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဖြေစစ်တမ်းများအရ HTC သည် Apple နှင့် Samsung နောက်မှ လိုက်နေသော တတိယ အကြီးဆုံးစမတ်ဖုန်း ထုတ်လုပ်သူအဖြစ် စံချိန်တင်နိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် Beats Electronics နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး HTC စမတ်ဖုန်း ၅၁ ရာခိုင်နှုန်းကျော်တွင် Beats အသံစနစ်ကို ထည့်သွင်း ပေးနိုင်ခဲ့သည်။ လက်ရှိတွင် HTC One စမတ်ဖုန်းကို နောက်ဆုံးထုတ်လုပ်ထားပြီး HTC One သည် Computex 2013 တွင် ဒီဇိုင်းကောင်းမွန်မှုနှင့် နည်းပညာပိုင်း ဆန်းသစ်မှုအရှိဆုံး ဆုတစ်ဆုဖြစ်သော Gold Award ကို ဆွတ်ခူးရရှိခဲ့သည်။ HTC One သည် HTC အတွက် အောင်မြင်မှုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့သည့် စမတ်ဖုန်းတစ်လုံး ဖြစ်လာခဲ့သည်။

htc

KMD HTC Concept store and service centre (Yangon)

အမှတ် (၁၇၄-၁၈၂)၊ ပန်းဆိုးတန်းလမ်း (အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်း - ၀၁-၂၄၁ ၀၈၄၊ Service Center- ၀၁-၃၇၈ ၄၃၁

HTC Concept store and service centre (Mandalay)

77 Mobile and IT Mall - အမှတ်(၁၀၃/၁)၊ ၇၇ လမ်း (၂၇ x ၂၈ လမ်းကြား)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
ဖုန်း - ၀၉ - ၄၀၂ ၆၂၆ ၈၈၅၊ ၀၉ - ၉၁၀ ၁၂၄ ၉၁၊ ၀၂ - ၆၀၃၆၀၊ ၀၂ - ၆၀၂၃၉။

# HTC Authorized Distributor Myanmar မှ ဖြန့်ချိသည့် စမတ်ဖုန်းများ



**HTC One** (ဇူလိုင်လလယ်ပိုင်းတွင် ဝယ်ယူနိုင်မည်)
- 4.7" Super LCD3 Touchscreen
- Android 4.1.2 (Jelly Bean)
- GSM Network
- 4 MP Camera (Main), 2.1 MP (Secondary)
- 1.7 GHz Quad-core Processor
- 32 GB Internal Storage, 2 GB RAM
- ၆၃၇,၀၀၀ ကျပ်ဝန်းကျင်



**HTC Desire C**
- 3.5" Capacitive Touchscreen
- Android 4.0 (Ice Cream Sandwich)
- GSM Network
- 5 MP Camera
- Cortex-A5 Processor
- 4 GB Internal Storage
- ၁၆၉,၀၀၀ ကျပ်ဝန်းကျင်



**HTC Desire X**
- 4.0" Super LCD Touchscreen
- Android 4.0 (Ice Cream Sandwich)
- GSM Network
- 5 MP Camera
- 1 GHz Dual-core Processor
- 4 GB Internal Storage
- ၂၆၃,၀၀၀ ကျပ်ဝန်းကျင်



**HTC Desire VC**
- 4.0" Capacitive Touchscreen
- Android 4.0 (Ice Cream Sandwich)
- GSM+ CDMA Network (Dual SIM)
- 5 MP Camera
- 1 GHz Cortex-A5 Processor
- 4 GB Internal Storage
- ၂၃၅,၀၀၀ ကျပ်ဝန်းကျင်



**HTC One X**
- 4.7" Super IPS LCD2 Touchscreen
- Android 4.0 (Ice Cream Sandwich)
- GSM Network
- 8 MP Camera (Main), 1.3MP (Secondary)
- 1.5 GHz Quad-core Processor
- 16 GB Internal Storage, 1 GB RAM
- ၄၁၀,၀၀၀ ကျပ်ဝန်းကျင်



**HTC One X+**
- 4.7" Super LCD2 Touchscreen
- Android 4.1.1 (Jelly Bean)
- GSM Network
- 8 MP Camera (Main), 1.6 MP (Secondary)
- 1.7 GHz Quad-core Processor
- 32 GB Internal Storage, 1 GB RAM
- ၅၁၉,၀၀၀ ကျပ်ဝန်းကျင်



**HTC Butterfly**
- 5" Super LCD3 Touchscreen
- Android 4.1.1 (Jelly Bean)
- GSM Network
- 8 MP Camera (Main), 2.1 MP (Secondary)
- 1.5 GHz Quad-core Processor
- 16 GB Internal Storage, 2 GB RAM
- ၅၃၉,၀၀၀ ကျပ်ဝန်းကျင်

# Social Network Facebook ကမ္ဘာ



## Cartoon of the week



Credit Myanmar's Cartoons facebook group



Credit ဟာသဓါတ်ပုံများ

## Dictum of the Week

"ကိုးကွယ်သင့်သော ဘာသာ ၏ အင်္ဂါ (၇) ချက်"

၁- အပြစ်ကင်းရမယ်။

၂- ကောင်းကျိုး ရှိရမယ်။

၃- ပညာရှိတို့ ကဲ့ရဲ့မှုမှ လွတ်ကင်းရမယ်။

၄- အခြားဘာသာတို့ ဖျက်ဆီးခြင်း၊ ရှုတ်ချခြင်း ကင်းရမယ်။

၅- အခြားဘာသာများ တရားသဖြင့် တိုးတက်ကြီးပွားအောင် ပြုလုပ်ခြင်းကို ခွင့်ပြုရမယ်။

၆- မကောင်းမှုကို မပြုမိအောင် စောင့်စည်းပေးနိုင်ရမယ်။

၇- စိတ်ကို ကိလေသာ မှ စင်ကြယ်အောင် ညွှန်ပြနိုင်စွမ်း ရှိရမယ်။

## Health Knowledge

### သင့်ရဲ့ နောက်ဝယ်မည့် ဖုန်းက ကျန်းမာရေးအတွက် ဆိုးကျိုး မဖြစ်စေရန်

မိုဘိုင်းဖုန်းအသုံးပြုသူတွေ သတိ မထားဘဲ လျစ်လျူရှုမိတတ်တဲ့ မိုဘိုင်း ဖုန်းအား အန္တရာယ်ကင်းစွာ သုံးစေနိုင်ရေး အချက်တစ်ခုကတော့ SAR ပဲ ဖြစ်ပါတယ်။ SAR ဆိုတာ Specific Absorption Rate တန် ဖိုးဖြစ်ပြီး ၄င်းက မိုဘိုင်းဖုန်းမှ လျှပ်စစ်သံလိုက် ရေဒီယိုလှိုင်းတွေ ထုတ်သည့်အခါ ခန္ဓာကိုယ်မှ မည်မျှ စုပ်ယူသည်ကို တိုင်းတာထားသည့် တန်ဖိုး ဖြစ်သည်။ ယင်း SAR တန်ဖိုး အား Watt per kg(W/Kg) ယူနစ်ဖြင့် တိုင်းတာပြီး SAR တန်ဖိုးနည်းလေ ဖုန်း၏ ဘေးထွက်ဆိုးကျိုး နည်းလေ ဖြစ်သည်။ ထို့ပြင် WHO အဖွဲ့အစည်းကလည်း မိုဘိုင်းဖုန်း သုံးစွဲမှုအား လျော့ချသင့်ကြောင်း မနစ်က အကြံပြုခဲ့ပြီး မိုဘိုင်းဖုန်း သုံးစွဲခြင်းအား ဒုတိယတန်းစား ကင်ဆာဖြစ်စေသောပစ္စည်း အဖြစ် သတ်မှတ်ခဲ့သည်။ လက်ရှိ၌ မိုဘိုင်းဖုန်းများ၌ SAR တန်ဖိုးအား 1.6 W/kg အောက် သတ်မှတ်ထားသည်။ နိုင်ငံတကာသုံး ဖုန်းတံဆိပ်များတွင် ဖုန်း၏ အချက်အလက်များတွင် SAR တန်ဖိုးကို ထည့်သွင်း ဖော်ပြထားလေ့ရှိသည်။ ထို့ကြောင့် နောင်တွင် ဖုန်း တစ်လုံးအားရွေးရာ၌ ယင်းဖုန်း၏ လုပ်ဆောင်နိုင်စွမ်းရည်၊ ငွေကြေးတန်ဖိုးများသာမက ကျန်းမာရေးအတွက်ပါ ထည့်သွင်းစဉ်းစားရန် လိုအပ်လာပေသည်။

အဝင်း (Health Updates Journal ,Vol.2, No.23)
ref: IANS

## Status of the week

ခေတ်သစ်ဦးပေါ်ဦးလျှောက်ထုံး

------------------------

ဟဲ့ပေါ်ဦး ....

မျိုးစောင့်ဥပဒေလုပ်ရင်ကောင်းမလားဟဲ့။
မှန်လှပါ မျိုးစောင့်တာလည်း ကောင်းပါတယ်။ တိုင်းပြည်မွဲနေတာလည်း အရင်ဖြေရှင်းသင့်ပါတယ်။

တရုတ်ကိုကျေးဇူးဆပ်ရင်ကောင်းမလားဟဲ့။
မှန်လှပါ ကျေးဇူးဆပ်တာလည်း ကောင်းပါတယ်။ တိုင်းပြည်မွဲနေတာလည်း အရင်ဖြေရှင်းသင့်ပါတယ်။

အမျိုးဘာသာအတွက် လက်ခမောင်းခတ်သင့်တဲ့အချိန် မဟုတ်လားကွဲ့။
မှန်လှပါ အမျိုးဘာသာ လက်ခမောင်းခတ်တာလည်း ကောင်းပါတယ်။
တိုင်းပြည်မွဲနေတာလည်း အရင်ဖြေရှင်းသင့်ပါတယ်။

(Thorn Nay Soe ၏ facebook စာမျက်နှာမှ)

## မှတ်သားဖွယ်ရာ တစ်သက်တာ

### "အိမ်ရိုက်သံ"

ဟိုရှေးရှေးတုန်းက အင်မတန် မှ စိတ်တို၊ စိတ်ဆတ်တဲ့ ကောင်လေး တစ်ယောက်ရှိသတဲ့။ တစ်နေ့ကျတော့ သူ့အဖေက ကောင်လေးကို အိမ်ရိုက်သံတစ်ထုပ် ပေးလိုက်ပြီး ပြောပါတော့တယ်။ မင်းတစ်ခါ စိတ်တိုတိုင်း သံတစ်ချောင်းကိုနောက်ဖေး က ဝင်းထရံတိုင်မှာ သွားရိုက်ချေကွာတဲ့။
အဖေက အဲဒီလိုပြောပြီး သံထုပ်ကိုပေးလိုက်တဲ့ ပထမနေ့မှာ ကောင်လေးဟာ ဝင်းထရံတိုင်မှာ သံပေါင်း ၃၇ ချောင်းရိုက်သွင်း ဖြစ်သွားတယ်။ အဲဒီလိုနဲ့ သူစိတ်တိုတိုင်း သံလေးတွေကို ဝင်းထရံမှာ ရိုက်ရင်း ရိုက်ရင်း ကောင်လေးဟာ သူ့စိတ်သူ ထိန်းနိုင်လာသတဲ့။ သံရိုက်ချက်တွေဟာလည်း တစ်နေ့ထက်တစ်နေ့ ကျဲလာခဲ့တယ်။
ဒီလိုနဲ့ ကောင်လေးဟာ ဝင်းထရံမှာ သံပြေးရိုက်တာထက်စာရင် ဒေါသဖြစ်နေတဲ့ စိတ်ကိုထိန်းရတာ ပိုလွယ်မှန်း သဘောက်ပေါက်လာတော့တယ်၊ အဆုံးမှာ ကောင်လေးဟာ စိတ်မတိုပဲနေ နိုင်တဲ့နေ့ကို ရောက်လာရော၊ ကောင်လေးက ပြေးပြီး သူ့အဖေကို သတင်းသွားပို့တယ်.... အဖေရေ... သားတော့ စိတ်ကို ထိန်းနိုင်သွားပြီဗျ။
အဲ့ဒီလိုကျတော့ သူအဖေက တစ်မျိုးခိုင်းပြန်ရော...၊ မင်းကိုယ်မင်း ဒေါသမဖြစ်အောင်တစ်နေကုန် ထိန်းနိုင်ပြီဆိုတာနဲ့ အဲ့ဒီသံတွေကို ပြန်နုတ်ဦးကွာ။ တစ်နေ့ ထိန်းနိုင်ရင် ညအိပ်ခါနီး တစ်ချောင်းနှုန်းနဲ့ နှုတ်နော်လို့ မှာလိုက်သတဲ့။
ရက်တွေကြာလာတော့ ကောင်လေး က သူ့အဖေကိုပြောနိုင်သွားတယ်။ အဖေရေ သားရိုက်ခဲ့တဲ့ သံတွေ အားလုံး ကိုနှုတ်ပြီး သွားပြီ၊ တစ်ချောင်းမှ မကျန်တော့ဘူး။
သည်အခါ အဖေလုပ်တဲ့သူက သားရဲ့လက်ကို ဆွဲပြီး သားရိုက်ခဲ့တဲ့ ဝင်းထရံဆီကို ခေါ်သွားတယ်၊ တော်တယ်ငါ့သားလို့လည်း ဆိုတယ်။ ဒါပေမယ့် သားသေချာကြည့်စမ်း။ ဝင်းထရံတိုင်မှာ အပေါက်တွေဖြစ်ကျန်ခဲ့တယ်နော်။ ဒီဝင်းထရံတိုင်တွေက အရင်တုန်းက လို ချောချောမွေ့မွေ့ မဟုတ်တော့ဘူးဆိုတာ သားမြင်တယ် မဟုတ်လား။
အေး သားက စိတ်တိုတိုနဲ့ ပါးစပ်က ပြောချလိုက်တဲ့ အခါ တစ်ဖက်သား ဆိုတဲ့ ဝင်းထရံတိုင်မှာ အခုလို အမာရွတ်တွေထင်ကျန်ရစ်ခဲ့တတ်တယ် သားရယ်။
အဲဒီလိုပဲ လူတစ်ယောက်ကို သားက ဓါးနဲ့ထိုးလိုက်တယ်။ ပြီးရင် ဓါးပြန်နုတ်ပြီး ရှိခိုးတောင်းပန်တယ်ဆိုပါစို့။ သားဘယ်နှစ်ခါဘဲ ရှိခိုးတောင်းပန်ပါစေ။ ဒဏ်ရာနဲ့ အမာရွတ်တွေကတော့ မလွဲမသွေ ကျန်ခဲ့မှာပဲ ငါ့သားရယ်....တဲ့။
တကယ်တော့ မိတ်ဆွေသူငယ်ချင်းတွေဆိုတာ အဖိုးတန်တဲ့ ရတနာတွေပါပဲ။ သူတို့ဟာ ငါတို့တွေကို ပျော်ရွှင်ရယ်မောစေတယ်။ အားပေးကူညီတယ်။ ဒုက္ခ၊ သုခတွေကို လည်း မျှဝေခံစားကြတယ်။ ရင်ဖွင့်သမျှကို ဂရုစိုက်နားထောင်ပေးတယ်။ ဒါကြောင့် တစ်ခုခုဆို စိတ်လိုက်မာန်ပါ မလုပ်နဲ့။ သူတို့ကို သံနှုတ်ရာကျန်ခဲ့တဲ့ ဝင်းထရံတွေအဖြစ် မရောက်ပါစေနဲ့။ ကိုယ့်မိတ်ဆွေ သူငယ်ချင်းတွေကို ကိုယ်က ဘယ်လောက်ဂရုစိုက်ကြောင်း သူတို့ကို လည်း သူတို့ရဲ့ မိတ်ဆွေတွေအပေါ် ဂရုစိုက်လာအောင် လုပ်ပေးသင့်ကြောင်းပြောကြားပေးပါ။
ဒါကြောင့် ကိုယ်တိုင်က သူငယ်ချင်း ကောင်း မိတ်ဆွေကောင်း အဖြစ် သတ်မှတ်ထားတဲ့သူတွေဆီကို ဒီပုံပြင်လေး ကို လက်ဆင့်ကမ်းပါ။ ယုတ်စွအဆုံး ဒီစာလေးကို ပို့လိုက်တဲ့ သူဆီ ဒီအတိုင်း ပြန်ပို့နိုင်ပါသေးတယ်။ ကိုယ်ပို့လိုက်တဲ့ စာကိုယ့်ဆီပြန်ရောက်လာရင် ကိုယ့်မှာ မိတ်ဆွေကောင်းတွေ ရှိနေတာကို အလိုလို ခံစားနိုင်မှာပါ။

(စာအုပ်နာမည်က နေပျော်တဲ့ဘဝ၊ ကြည်မြတဲ့ဘဝင်၊ ရွှင်လန်းတဲ့စိတ် ဖြစ်ပါတယ်။ စာရေးတဲ့သူက ဆရာအတ္တကျော်ပါ။)

Volume-1, Issue 22
July 3 , Wednesday, 2013




# MAN OF STEEL



လူတိုင်းစောင့်ကြည့်နေရတဲ့ ရုပ်ရှင် ဖြစ်ပြီး စောင့်ကြည့်သူတွေတိုင်းအတွက် စိတ်ချမ်းသာအောင် ပြုလုပ်ပေးခဲ့တဲ့ Super Man ရုပ်ရှင်လို့ပြောရမှာပါ။ အခုထွက်ရှိတဲ့ Super Man ရုပ်ရှင်ဟာ Super Man ရုပ်ရှင် ၇၅ နှစ်ပြည့် အထိမ်းအမှတ်ရုပ်ရှင်ဖြစ်တာကြောင့် အရင် Super Man ရုပ်ရှင်တွေနဲ့ ကွာခြားပါတယ်။ အရင် Super Man ရုပ်ရှင်တွေနဲ့ ကွာဆို အဝတ်စားပိုင်မှာကအစ ကွာခြားနေတာကိုသတိထားမိကြမှာပါ။ Super Man ဝတ်စုံကတော့ ဒီ Man of Steel ရုပ်ရှင်မှာ အထူးအခြားဆုံးဖြစ်ပါတယ်။ ဘာလိုလဲဆိုတော့ အရင် Super Man ဝတ်စုံလို စပ်ဖြဲဖြဲ ပုံစံနဲ့ အတွင်းခံဘောင်းဘီကို အပြင်မှာထုတ်ဝတ်ထားတာ မဟုတ်ပဲ Super Man ဆိုတဲ့ပုံစံနဲ့ အလိုက်ဖက်ဆုံးဖြစ်အောင် ဖန်တီးထားတာကိုတွေ့ရှိရပါတယ်။ အဝတ်အစားအကြောင်းပြောနေတာနဲ့ပဲ အရေးကြီးတဲ့အချက်ကို မရောက်တော့ဘူးဖြစ်နေတယ်။

ဒီ Man of Steel ရုပ်ရှင်ဟာ ၂၀၁၂ခုနှစ်ကထွက်ရှိခဲ့တဲ့ Super Hero ရုပ်ရှင်တွေလို ဗီလိန်တွေကို ဦးစားပေးထားတာ မဟုတ်ပါဘူး Hero တစ်ယောက်ရဲ့ဘဝဟာ ဘယ်လောက်ခက်ခဲပြီး ပင်ပန်းလဲဆိုတာကိုကြည့်ရှုရမယ့် ရုပ်ရှင်ဖြစ်ပါတယ်။ ဒီလိုပုံစံဟာ ၂၀၁၃ ခုနှစ်မှာ Super Hero နဲ့ ပတ်သက်ရင်ပြောင်းလဲလာတဲ့ သီအိုရီတစ်ခုလို့ဆိုနိုင်မှာပါ။ ၂၀၁၃ခုနှစ် Super Hero ရုပ်ရှင်တွေမှာ သီအိုရီပြောင်းလဲလာမှုကို Iron Man 3 ရုပ်ရှင် ကတည်းကစတင်တယ်လို့ ဆိုနိုင်မှာပါ။

Man Of Steel ရုပ်ရှင်မှာ Super Man မမွေးခင်ကနေ သူ Daily Planet သတင်းစာမှာ သတင်းထောက်လုပ်ကိုင်ပြီး ကမ္ဘာကြီးကို ကာကွယ်တဲ့အထိ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒါ့အပြင်အရင် Super Man ရုပ်ရှင်တွေထက်ပိုမိုထူးခြားစွာ Super Man ကြီးပြင်းရာနေရာဖြစ်တဲ့ Smallville ကိုအဓိကထားပြသတဲ့ အခန်း လေးတွေလည်းပါဝင်ပါတယ်။ ဒါ့အပြင် Super Man မဖြစ်ခင် Clark Kent ဘဝဖြင့် သူရဲ့မွေးစားမိဘတွေနဲ့နေထိုင်ခဲ့ရပုံတွေကိုလည်း ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ချို့ဇာတ်လမ်းတွေကတော့ Super Man ဇာတ်လမ်းဟောင်းတွေထဲကအတိုင်းဆိုတော့ ရုပ်ရှင်ကြည့် ပရိသတ်တွေအတွက် နည်းနည်းပျင်းဖို့ကောင်းနေမှာပါ။



ဒါပေမယ့် အရင်ရုပ်ရှင်တွေနဲ့မတူတဲ့ ပုံစံအသစ်တွေနဲ့ လန်ထွက်နေတဲ့ Super Man နဲ့ General Zod တို့အပြင်းအထန်တိုက်ခိုက်တဲ့ အခန်းတွေဆိုရင်ပါးစပ် အဟောင်းသားနဲ့ ကြည့်ရှုရမှာဖြစ်ပါတယ်။ သံမဏိလူသား ဒါမှမဟုတ် Super Man လို့ပြောရမယ့် ကျွန်တော်တို့ငယ်ငယ်ကတည်းက စိတ်ကူးယဉ်ခဲ့ရတဲ့ အိမ်မက်ထဲက Hero ကို အသွင်မတူစွာနဲ့ ခံစားရမှာဖြစ်ပါတယ်။

**ထပ်မံပြီးဖော်ပြခြင်သေးတာကတော့ နောက်ထက်အသစ်ထွက်ရှိမယ့် Hero ဆန်ဆန် ရုပ်ရှင်တွေကိုဖော်ပြပေးပါမယ်။**




## The Wolverine

X Men ရုပ်ရှင်တွေမထွက်တာကြာနေတာကြောင့် X Men ရုပ်ရှင်တွေကို အသဲဆွဲကြိုက်နှစ်သက်တဲ့ သူတွေအားလုံးကို သတင်းထူးပေးလိုက်ပါတယ်။ အဲ့ဒီသတင်းထူးကတော့ X Man ဇာတ်ကောင်ဖြစ်တဲ့ Wolverine ဇာတ်လမ်းအသစ်ကို ဇွန်လ ၂၆ မှာကြည့် ရှုရတော့မှာဖြစ်ပါတယ်။ ဒီ ဇာတ်ကားအသစ် ကတော့ X Men 3 ရဲ့အဆက်ဖြစ်ပြီး Wolverine တစ်ယောက် Phoenix ကို သူကိုယ်တိုင်သတ်လိုက်ရတာကြောင့် စိတ်ဓာတ်အကြီးအကျယ်ကျပြီး ဂျပန်ကိုရောက်သွားကာ တိုင်ပတ်နေတဲ့ Wolverine ကိုတွေ့ရမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာ Wolverine ကို ထူထူးခြားခြားတွေ့မြင်ရမှာပါ။




## Riddick Rule The Dark

Vin Diesel ကိုလူသိများခဲ့တဲ့ ရုပ်ရှင်တစ်ခုဖြစ်တဲ့ Riddick ရုပ်ရှင်ဟာ မထွက်တာတော်တော်ကြာနေပါပြီ။ ဘယ်လောက်ထိတောင်ကြာနေပြီလည်းဆိုရင် ၁၀ စုနှစ် တစ်ခုနည်းပါးရှိနေပါပြီ။ ပရိသတ်ကြီးလည်းမေ့နေသလောက်ရှိနေမှာပါ။ အခုလာမယ့် September 6 ရက်နေမှာတော့ ဘုရင် တစ်ယောက်ဖြစ်နေတဲ့ Riddick ကိုတွေ့မြင်ရတော့မှာပါ။



## Thor : The Dark World

Thor ကိုတော့ အထူးတလည် မိတ်ဆတ်နေစရာမလိုလောက်တော့ပါဘူး။ ဒီဇာတ်လမ်းကတော့ နည်းနည်းကြမ်းတယ်။ ဘာလို့လဲဆိုတော့ Thor တစ်ယောက် သူ့ကောင်မလေးကို Asgard ကိုခေါ်သွားတဲ့ အခါမှာ ပြဿနာတွေတောက်လျှောက်တက်ပြီး Thor တစ်ယောက် စစ်တိုက်ရတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ ဒီရုပ်ရှင်ကိုတော့ နိုဝင်ဘာ ၈ ရက်နေ့မှာ ကြည့်ရှုရမှာဖြစ်ပါတယ်။

## Billobard Top 10 List

1. Blurred Lines
Robin Thicke Featuring T.I. + Pharrell
Blurred Lines

2. Get Lucky
Daft Punk Featuring Pharrell Williams
Random Access Memories

3. Can't Hold Us
Macklemore & Ryan Lewis Featuring Ray Dalton
The Heist

4. Radioactive
Imagine Dragons
Night Visions

5. Mirrors
Justin Timberlake
The 20/20 Experience

6. Cruise
Florida Georgia Line Featuring Nelly
Here's to the Good Times

7. Just Give Me A Reason
P!nk Featuring Nate Ruess
Just Give Me A Reason

8. Come & Get It
Selena Gomez
Come & Get It

9. The Way
Ariana Grande Featuring Mac Miller
The Way

10. I Love it
I cona Pop Featuring Charli XCX
Iconic

## Weekend Top Box Office

1. Man of Steel
ကုန်ကျငွေ - $ 225 Million
ဝင်ငွေ - $ 128 Million

2. This is the End
ကုန်ကျငွေ - $32 Million
ဝင်ငွေ - $ 33 Million

3. Now You See Me
ကုန်ကျငွေ - $ 75 Million
ဝင်ငွေ - $80 Million

4. Fast & Furious 6
ကုန်ကျငွေ - $ 160 Million
ဝင်ငွေ - $202 Million

5. The Purge
ကုန်ကျငွေ - $ 3 Million
ဝင်ငွေ - $51 Million

6. The Internship
ကုန်ကျငွေ - $ 58 Million
ဝင်ငွေ - $31 Million

7. Epic
ကုန်ကျငွေ - $ 100 Million
ဝင်ငွေ - $95 Million

8. Star Trek Into Darkness
ကုန်ကျငွေ - $ 190 Million
ဝင်ငွေ - $211 Million

9. After Earth
ကုန်ကျငွေ - $ 130 Million
ဝင်ငွေ - $46 Million

10. Iron Man 3
ကုန်ကျငွေ - $ 200 Million
ဝင်ငွေ - $399Million

# Sony ၏ မျိုးဆက်သစ် စမတ်နာရီတွင် NFC စနစ်နှင့် ရေစိုခံနိုင်မှုတို့ ပါဝင်လာနိုင်



Sony မှ မျိုးဆက်သစ်စမတ်နာရီများကို ဆက်လက်ထုတ်လုပ်မည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ လက်ရှိတွင် Tech အသုံးပြု Sony Smart Watch MN2SW စမတ်နာရီကိုထုတ်လုပ်လျက်ရှိပြီး ၎င်း စမတ်နာရီကို နည်းပညာ တိုးမြှင့်ကာ မျိုးဆက်သစ် စမတ်နာရီများကို ထုတ်လုပ်မည်ဖြစ်ကြောင်းသိရသည်။ Sony စမတ်နာရီကို စတင်မိတ်ဆက်ခဲ့ချိန်ကလည်း အထူးလုပ်ဆောင်ချက်များ ထည့်သွင်းထားသည့် စမတ်နာရီများကို ထပ်မံမိတ်ဆက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသစ်ထွက်ရှိလာမည့် စမတ်နာရီသည် မူလ Sony စမတ်နာရီထက် မျက်နှာပြင်ပိုမိုကြီးမားမည်ဖြစ်ပြီး Sony ၏ နာမည်ကျော် ရေစိုခံနည်းပညာကိုလည်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ သို့ပေမယ့် ရေစိုခံနိုင်မှုစွမ်းရည် အနည်းငယ်သာ ပါရှိမည်ဖြစ်ကြောင်းသတင်းများ ထွက်ပေါ်နေသည်။

Android OS နှင့်မောင်းနှင်မည်ဖြစ်ပြီး Capacitive Touch screen ကို အသုံးပြုထားမည် ဖြစ်သည်။ Sony ရဲ့ Xperia စမတ်ဖုန်းများကဲ့သို့ စမတ်နာရီ၏အောက်ခြေပိုင်းတွင် icon သုံးခု ပုံစံဖြင့် မြင်တွေ့နိုင်မည်ဟု သိရသည်။ ကျောချင်းကပ်ထားရုံဖြင့် အချက်အလက်များ မျှဝေနိုင်သည့် NFC စနစ်အပြင် ကြိုးမဲ့ Bluetooth စနစ်များကိုလည်း အသုံးပြုနိုင်မည်ဟု နိုင်ငံတကာသတင်းများအရ သိရသည်။

လက်ရှိထုတ်လုပ်လျက်ရှိသည့် Sony စမတ်နာရီသည် ၁.၃လက်မအရွယ်အစားရှိပြီး OLED မျက်နှာပြင်ကိုအသုံးပြုထားသည်။ စမတ်နာရီတွင် အသုံးပြုနိုင်မည့် Application များကိုလည်း Google Play တွင် ရှာယူနိုင်မည်ဖြစ်သည်။ Bluetooth စနစ်ကို အသုံးပြုနိုင်သော်လည်း NFC စနစ်တော့ ပါဝင်ခြင်းမရှိချေ။ နောက်ထွက်ရှိမည့် Sony မျိုးဆက်သစ် စမတ်နာရီတွင် NFC စနစ် အပြင် ရေစိုခံနိုင်မှုစွမ်းရည်ကိုပါ ထပ်တိုးပေါင်းစပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Ref: Cnet

# Samsung Note III ထုတ်လုပ်ရန် ဩဂုတ်လအတွင်း စတင်လုပ်ဆောင်မည်




ပြီးခဲ့သည့် ရက်သတ္တပတ်က Galaxy S4 ထုတ်လုပ်မှုကို Samsung မှ ရပ်ဆိုင်းခဲ့ပြီးအခြားသောကုန်ပစ္စည်းများထုတ်လုပ်မှုကိုလည်း လျှော့ချခဲ့သည်။ ထိုသို့လျှော့ချရခြင်းသည် ဩဂုတ်လတွင် Galaxy Note III အသစ်ကို ထုတ်လုပ်နိုင်ရန်အတွက် အားယူနေခြင်း ဖြစ်ကြောင်း နိုင်ငံတကာသတင်း ဌာနများက သုံးသပ်ကြသည်။ Galaxy Note စီးရီးသစ် ထုတ်လုပ်မည်ဟု ကြေညာလိုက်ခြင်းသည် Samsung ပရိသတ်များအတွက်အထူးသတင်းကောင်း ဖြစ်ခဲ့သည်။

Galaxy Note III သည် Galaxy Note II ၏ ၅.၅ လက်မထက် ပိုမိုကြီးမားနိုင်ပြီး နောက်ဆုံးထုတ် ၅.၉ လက်မ AMOLED မျက်နှာပြင်ကို အသုံးပြုလာဖွယ်ရှိကြောင်း သုံးသပ်ကြသည်။ Samsung ၏ အတွင်းသတင်းများအရ Galaxy Note 3 သည် ၅.၉၉ လက်မ Full HD မျက်နှာပြင်ကို အမှန်တကယ်အသုံးပြုမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းများက ဖော်ပြကြသည်။

Galaxy Note III တွင် Android platform ကိုအသုံးပြုမည်ဖြစ်ပြီးနောက်ဆုံးထွက် Android ဗားရှင်း 5.0 (Key Lime Pie) ကို ထည့်သွင်းလာနိုင်ဖွယ်ရှိကြောင်း သိရသည်။

Processor ပိုင်းတွင် Octa-core Processor ကိုအသုံးပြုထားသည့် Galaxy S4 ၏ ခြေရာကို ပြန်နင်းလာနိုင်ဖွယ်ရှိကြောင်း၊ Galaxy Note 8.0 နှင့် Galaxy Note 10.1 ကဲ့သို့ S-Pen လည်း ပါဝင်လာနိုင်ကြောင်း သိရသည်။ SamMobile ၏ ထုတ်ပြန်ချက်များအရ Note III တွင် Octa-core Processor, Eight-core GPU, 3GB RAM, 5.99-inch Full HD Display နှင့် 13MP ကင်မရာတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref: Techradar

# UK တွင် ကြိုးမဲ့ ငွေပေးချေမှု စနစ်ဖြင့် Starbucks ကော်ဖီကို ဝယ်ယူသောက်သုံးနိုင်ပြီ




Starbucks မှ U.K ရှိ စတိုးပေါင်း ၅၅၀ တွင် NFC စနစ် အသုံးချ ငွေပေးချေမှုစနစ်ကို စတင် မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။ Starbucks ဥရောပ အခြေစိုက် နိုင်ငံတကာအဆင့်အတန်းမီ Coffee ထုတ်လုပ်သည့် ကုမ္ပဏီ ဖြစ်ပြီး Coffeehouse များကိုလည်း ဥရောပ တစ်ဝှမ်း ဖွင့်လှစ်ထားလျက်ရှိသည်။ Starbucks U.K. ၏ ဥက္ကဋ္ဌ Ian Cranna က Coffee Shop များတွင် NFC နည်းပညာသုံး ငွေပေးချေမှုစနစ်ကို အသုံးပြုရခြင်းသည်အချိန်ကုန်သက်သာစေကြောင်း၊ လက်ရှိတွင်လည်း ကော်ဖီသောက်သုံးသူ သုံးပုံ နှစ်ပုံခန့်သည် လက်ငင်းငွေရှင်းစနစ်ထက် အကြွေးစနစ် Credit နှင့် Debit Card များကို အသုံးပြုကြကြောင်း သိရသည်။

မိုဘိုင်းဖုန်းများတွင်အသုံးပြုနိုင်မည့် Mobile Payment Processor က Credit Card Reader အဖြစ်လုပ်ဆောင်ကာ ငွေပေးချေမှုကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါနည်းပညာသည် iOS 6 တွင် ထည့်သွင်းထားသည့် ဒီဂျစ်တယ် Passbookနည်းပညာကိုပေါင်းစပ်တီထွင်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ အဆိုပါစနစ်ကို Android နှင့် iOS သုံး စမတ်ဖုန်းများတွင်အသုံးပြုနိုင်မည်ဖြစ်ပြီးပထမဆုံး အနေဖြင့် loyalty card အတွင်းသို့ sign in ဝင်ရောက်ရမည်ဖြစ်သည်။ လက်ရှိ U.K. တွင် Mobile Payment စနစ်ကို နှစ်သိန်း သုံးသောင်းကျော် အပတ်စဉ် အသုံးပြုလျက်ရှိကြောင်း သိရသည်။

Ref: Techhive

# Google Street View ဖြင့် ကမ္ဘာ့အမြင့်ဆုံး အဆောက်အဦးအတွင်းသို့ သွားရောက်လေ့လာနိုင်တော့မည်



Google Street View အတွက် ပုံရိပ်စုဆောင်းရေး အဖွဲ့အစည်း မှ ဒူဘိုင်းရှိ ကမ္ဘာ့အမြင့်ဆုံးအဆောက်အဦး Burj Khalifa (Khalifa Tower) ၏ တည်ဆောက်ပုံ ပုံရိပ်များကို ရိုက်ယူသွားခဲ့ကြောင်းသိရသည်။ အဆိုပါ မျှော်စင်သည် ပေ ၂,၇၁၇ မြင့်မားသည့် ကမ္ဘာ့အမြင့်ဆုံး မျှော်စင်အဆောက်အဦးဖြစ်သည်။ ထို Khalifa Tower ကို Google Street View မှ တစ်ဆင့်သွားရောက်လေ့လာနိုင်မည်ဖြစ်ပြီး ကမ္ဘာ့ အမြင့်ဆုံး မျှော်စင်အဆောက်အဦးထိပ်တွင် ရပ်ကာ ရှုမျှော်ခင်းများကိုလည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အမြင့်ဆုံး မျှော်စင်တွင် အထပ်ပေါင်း ၁၆၃ ထပ်ပါဝင်ပြီး ၇၆ ထပ်မြောက်တွင် ကြီးမား ကျယ်ပြန့်လှသော ရေကူးကန်ကြီးတစ်ကန်ကိုလည်း တည်ဆောက်ထားသည်။ အဆိုပါ အဆောက်အဦးကို Street View တွင် ဖော်ပြနိုင်ရန်အတွက် အဆောက်အဦး၏ ဘေးပတ်လည် ၃၆၀ ဒီဂရီ မြင်ကွင်းကျယ် Panoramic ရုပ်ပုံများကို ရက်ပေါင်း သုံးရက်ကျော်ကြာ ရိုက်ကူးမှုများ ပြုလုပ်သွားခဲ့ကြောင်း သိရသည်။ ကျဉ်းမြောင်းသည့် လမ်းများနှင့် လူထူထပ်သော လမ်းများပါ မကျန်ရိုက်ယူသွားခဲ့ကြောင်း သိရသည်။

ယခင် Google Street View တွင် လမ်းအတွင်း လှည့်လည်သွားလာနိုင်ပေမယ့် အဆောက်အဦး၏ အပေါ်သို့တက်ရောက်နိုင်ခြင်းမရှိခဲ့ချေ။ အီဖယ်မျှော်စင်ကို သွားရောက် လေ့လာလျှင်လည်း မျှော်စင်ပေါ်သို့ လေ့လာနိုင်ခြင်းမရှိဘဲ Street View အဖြစ် လမ်းများကိုသာ သွားရောက်လေ့လာနိုင်ခဲ့သည်။ ယခုအခါမှာတော့ ကမ္ဘာ့အမြင့်ဆုံး Khalifa Tower ၏ အထပ်များသို့ သွားရောက်လေ့လာနိုင်မည်ဖြစ်ပြီး Tower ၏ ထိပ်ဆုံးတွင် ရပ်ကာ ရှုမျှော်ခင်းများကို မြင်တွေ့ နိုင်တော့မည်ဖြစ်သည်။

Ref: Engadget

# မျက်နှာပြင်နည်းပညာတွင် LG မှ Samsung ကို အနိုင်တိုက်မည်



LG မှ ကွေးညွှတ်၍ ရသော OLED မျက်နှာပြင် အမျိုးအစားကို နှစ်ကုန်ပိုင်းတွင် စတင်ထုတ်လုပ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ထုတ်လုပ်မှုသည် Samsung မျက်နှာပြင်နည်းပညာကို အနိုင်ယူနိုင်မည်ဖြစ်ကြောင်း LG မှ ထုတ်ပြန်ထားသည်။ အောင်မြင်မှု ဒုတိယအဆင့်ရရှိထားသည့် Samsung အတွက်တော့ သတင်းဆိုးတစ်ခုဖြစ်စေခဲ့သည်။ Samsung မှလည်း လွန်ခဲ့သည့်နှစ်များအတွင်းနှင့် CES 2013 တွင် ကွေးညွှတ်နိုင်သည့် မျက်နှာပြင်နည်းပညာကို မိတ်ဆက်ပေးခဲ့ဖူးသည်။

LG မျက်နှာပြင်တွင် ကွေးညွှတ်၍ရသော YOUM panels ကို အသုံးပြုပေးထားမည်ဖြစ်သည်။ Plastic ကို အခြေခံထုတ်လုပ်ထားသည့် AMOLED သည် အကြမ်းခံနိုင်ပြီး အလင်းထုတ်ဖော်မှု ပါးလွှာမှုအပိုင်းတွင် Glass ကို အခြေခံတည်ဆောက်ထားသည့် OLED မျက်နှာပြင်များထက် သာလွန်ပေသည်။ Samsung ကို အနိုင်တိုက်ခိုက်မည့် LG မျက်နှာပြင်ကို YOUM panels နှင့် AMOLED မျက်နှာပြင် အမျိုးအစားတို့ ပေါင်းစပ်ဖန်တီးမည်ဖြစ်ကြောင်း သုံးသပ်ရသည်။

သတင်းများထွက်ရှိသကဲ့သို့ မျက်နှာပြင်နည်းပညာတွင် LG မှ Samsung ကို အနိုင်ရရှိပါက မျက်နှာပြင်နည်းပညာတွင် သရဖူဆောင်းနိုင်ခဲ့သည့် Samsung အတွက်တော့ အကြီးမားဆုံး ဆုံးရှုံးမှုများကို ကြုံတွေ့ရနိုင်သည်။ Samsung အနေနှင့်လည်း ကွေးညွှတ်နိုင်သည့် မျက်နှာပြင် အမျိုးအစားကို နှစ်ကုန်ပိုင်းတွင်ထုတ်လုပ်မည်ဖြစ်ကြောင်း ကောလာဟာလထွက်ပေါ်လျက်ရှိသည်။

Ref: SamMobile

Volume-1, Issue 22
July 3 , Wednesday, 2013

# BlackBerry OS ပေါ်တွင် Android နှင့် iOS App များ အသုံးပြုနိုင်မည်




BlackBerry ကုမ္ပဏီအနေဖြင့် ယင်းတို့၏ Application များနဲပါးမှုကြောင့် Android နှင့် iOS ပေါ်တွင် အသုံးပြုသော App များကို အသုံးကို အသုံးပြုနိုင်ရန် ဝန်ဆောင်မှုတစ်ရပ်ကို ထုတ်ပြန် ကြေညာခဲ့ကြောင်းသိရသည်။ ယင်းဝန်ဆောင်မှုကို Secure Work Space ဟုခေါ်တွင်ပြီး Android နှင့် iOS တို့၏ App အကုန် အသုံးမပြုနိုင်ပဲ Email app ၊ Calendars app နှင့်အခြား ကိုယ်ရေးကိုယ်တာ Apps တော်တော်များများ ကိုသာ အသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါ ဝန်ဆောင်မှုတွင် လုံခြုံရေးစနစ် များကို များစွာထည့်သွင်းပေးထားပြီး ပြိုင်ဘက် ကုမ္ပဏီများ၏ Apps များကို ဆွဲယူ အသုံးပြုရခြင်းကြောင့် BlackBerry အတွက် အကျိုးအမြတ်များစွာရရှိစေမည်ဟု BackBerry မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ ယခု လက်ရှိ အသုံးပြုလျက်ရှိသော BackBerry OS 10 ပေါ်တွင် အသုံးပြုနိုင်မှာ ဖြစ်တဲ့အပြင် စတင်အသုံးပြုချိန်တွင် အနည်းငယ် ပြဿနာများရှိနိုင်ကြောင်း သိရသည်။

ယင်းကဲ့သို့ Apps များကို ပြိုင်ဖက်ကုမ္ပဏီများထံမှ ယူ၍ အသုံးပြုမည်ဆိုသော သတင်းတစ်ရပ်မှာ ယခုနှစ် စပိုင်းအချိန်မှ စတင်၍ နည်းပညာရပ်ဝန်းတွင် သတင်းများ ထွက်ပေါ်နေကြောင်း သိရသည်။ ယခုကဲ့သို့ အတိအလင်း ကြေငြာပြီး အသုံးပြုခွင့် ပေးလိုက်သည့်အတွက် BlackBerry ဖုန်း အသုံးပြုသူများပြားလာနိုင်ကြောင်း BlackBerry ကုမ္ပဏီ မှ ပြောကြားခဲ့သည်။

Ref: Ctv News

# Huawei Ascend P6 ထက် ပိုပါးသော စမတ်ဖုန်း UMEOX ကုမ္ပဏီ မှ ထုတ်လုပ်

တရုတ်နိုင်ငံ အခြေစိုက် UMEOX ကုမ္ပဏီ မှ ကမ္ဘာ့ အပါးဆုံး စမတ်ဖုန်းဟု ကြွေးကြော်ထားသော Huawei Ascend P6 ထက်ပိုပါးသော X5 အမည်ရှိ စမတ်ဖုန်းတစ်လုံးကိုထုတ်လုပ်လိုက်ကြောင်း သိရသည်။ အဆိုပါ စမတ်ဖုန်း၏အထူမှာ ၅.၆ မီလီမီတာ သာထူပြီး ၆.၁၈ မီလီမီတာ ထူသော Huawei Ascend P6 ထက် ၁.၃၃ လက်မ ပိုပါးကြောင်းသိရသည်။




ယင်း X5 အမည်ရှိ စမတ်ဖုန်းကို လာမည့်လအနည်းငယ်အတွင်း၌ ရောင်းချပေးမည်ဖြစ်ပြီး အတွင်း ပါဝင်မှု အသေးစိတ် ဖော်ပြချက်ကို UMEOX မှ တရားဝင် မထုတ်ပြန်သေးကြောင်း သိရသည်။ သို့သော် ပြီးခဲ့သည့် လအနည်းငယ်က Processor နှင့် မျက်နှာပြင်အရွယ်အစား တို့ပေါက်ကြားခဲ့ကြောင်း သိရသည်။ အဆိုပါ စမတ်ဖုန်းတွင်ပါဝင်မည့် Processor မှာ Dual Core Processor ဖြစ်ပြီး မျက်နှာပြင် အရွယ်အစား ၄လက်မ ရှိမည်ဖြစ်ကြောင်း သိရသည်။

X5 ကိုပြင်သစ် ကိုစတင်ရောင်းချမှာဖြစ်ပြီး လာမည့် နွေရာသီတွင် စတင်ရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် ပြင်သစ် ကို ရောင်းချပြီး လအနည်းငယ်တွင် အခြားဈေးကွက်များသို့ တင်ပို့ ရောင်းချသွား မည်ဖြစ်ကြောင်း UMEOX မှ တာဝန်ရှိသူတစ်ဦး မှ ပြောကြားခဲ့သည်။

Ref : Android Authority

# Google Edition ဖြစ်သည့် HTC One နှင့် Galaxy S4 ကို စတင်ရောင်းချမည်



Google မှာ Google Edition များ ဖြစ်သည့် HTC One နှင့် Galaxy S4 စမတ်ဖုန်း နှစ်မျိုး စလုံး ကို ယနေ့တွင် အမေရိကတွင် စတင် ရောင်းချပေးမည် ဖြစ်သည်။ ဒီစမတ်ဖုန်းနှစ်မျိုးစလုံးဟာ လောလောဆယ် စမတ်ဖုန်း ဈေးကွက်တွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် စမတ်ဖုန်းများဖြစ်ပြီး Google မှ သူ၏ Android OS ကို စိတ်ကြိုက်ပြုပြင် ထုတ်လုပ်ထားသည့် စမက်ဖုန်းများလည်း ဖြစ်သည်။ အဆိုပါ စမက်ဖုန်း နှစ်မျိုးစလုံးကို အမေရိကတွင် Google Play Store ကနေ တိုက်ရိုက်မှာယူနိုင်ပြီ ဖြစ်သည်။

ပထမဆုံး Google Samsung Galaxy S4 ကို အမေရိကတွင် ဒေါ်လာ ၆၄၉ သတ်မှတ်ထားပြီး HTC One ၏ Google Edition ကတော့ အနည်းငယ် ဈေးနှုန်းသက်သာကာ ဒေါ်လာ ၅၉၉ ဖြင့် ကြိုတင်အော်ဒါ မှာယူနိုင်မည်ဖြစ်သည်။ ယခု ရောင်းချပေးမည့် စမတ်ဖုန်း နှစ်မျိုးစလုံးကို free Delivery စနစ်ဖြင့် ပေးပို့ပေးမည်ဖြစ်သည်။ ယခု ရောင်းချမည့် စမတ်ဖုန်းနှစ်မျိုးစလုံးကို ဇူလိုင်လ ၉ ရက်နေ့မတိုင်ခင် ကြိုတင်မှာယူရမှာဖြစ်သည်။

အဆိုပါ စမက်ဖုန်းနှစ်မျိုးစလုံးကို Google နှင့်အတူ ပူးပေါင်းထုတ်လုပ်ခြင်းဖြစ်ပြီး Google က Software ပိုင်းအားလုံးကို တာဝန်ယူကာ HTC နှင့် Samsung တို့က သူတို့၏ hardware ပိုင်း ဒီဇိုင်းများဖြင့် ပူးပေါင်းထုတ်လုပ်ထားခြင်း ဖြစ်သည်။ Google သည် လွန်ခဲ့သော နှစ်ကလည်း Galaxy Nexus နှင့် LGနှင့် ပူးပေါင်းထုတ်လုပ်သော Google Nexus 4 ကို မိုဘိုင်းဖုန်းကုမ္ပဏီများဖြစ်သည့် LG နှင့် ပူးပေါင်းကာထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့အပြင် ASUS နှင့် ပူးပေါင်းကာလည်း Google Asus Nexus 7 ကိုလည်း ထုတ်လုပ် ခဲ့သည်။

Ref: GSMARENA

# Sony ရဲ့ ပထမဦးဆုံး Xperia Z Ultra အမည်ရှိ Phablet ကို မိတ်ဆက်



Sony သည် မျက်နှာပြင် ၆.၄ လက်မဖြင့် ပြုလုပ်ထားသော Xperia Z Ultra အမည်ရှိ ပထမဦး Phablet အမျိုးအစား စမတ်ဖုန်း တစ်လုံး ကိုထုတ်လုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ စမတ်ဖုန်းကို ပြီးခဲ့သည့် Mobile Expo Asia 2013 တွင် Sony ၏ Smart Watch 2 နှင့်အတူ မိတ်ဆက်ခဲ့ကြောင်းသိရသည်။ Xperia Z Ultra မှာ Sony ၏ ပထမဦးဆုံးစမတ်ဖုန်း ထုတ်လုပ်မှုဖြစ်ပြီး ဒီဇိုင်း မှာလည်း အခြား Phablet များနှင့်မတူ တမူထူးခြားနေသော စမတ်ဖုန်းတစ်လုံးဖြစ်ကြောင်း သိရသည်။

မျက်နှာပြင် ၆.၄ လက်မရှိသော Xperia Z Ultra တွင် 1920x1080 Resolution ကို ထောက်ပံ့ ပေးထားကြောင်း သိရသည်။ ဖုန်း၏ အထူမှာ ၆.၅ မီလီမီတာသာ ရှိပြီး အလေးချိန် ၂၁၂ ဂရမ် ရှိကြောင်းသိရသည်။ အဆိုပါ Xperia Z Ultra တွင် 2.2 GHz Quad Core Snapdragon 800 Processor ကို အသုံးပြုထားပြီး လက်ရှိ တွင် Processor အမြန်နှုန်းအမြင့်ဆုံး စမတ်ဖုန်းတစ်လုံး ဖြစ်သည်။ ကွန်ယက်ချိတ်ဆက်မှုအတွက် 4G ကွန်ယက်ကိုထောက်ပံ့ ပေးထားသည့် အပြင် နောက်ဆုံးထွက် Android OS 4.2 (Jelly Beans) ထည့်သွင်းအသုံးပြုထားကြောင်း သိရသည်။ Xperai Z စီးရီး ဖြစ်သည့် အတွက် Xperia Z Ultra တွင် လည်းရေစိုခံစနစ်ပါဝင်ကြောင်း သိရသည်။

Sony သည် Xperia Z ကို ပြီးခဲ့သည့် ဇန်နဝါရီ က ကျင်းပသောCES 2013 ပြပွဲတွင် မိတ်ဆက်ခဲ့ပြီး လအနည်းငယ် အတွင်း ရောင်းချပေးခဲ့သည့် အတွက် Xperia Z Ultra ကိုလည်း လာမည့် စက်တင်ဘာလတွင်ရောင်းချပေးနိုင်ကြောင်း နည်းပညာ ဖိုရမ်များက ခန့်မှန်းထားသည်။ မျက်နှာပြင် ၆.၃ လက်မ ဖြင့် အကြီးဆုံး Phablet အဖြစ် ထုတ်လုပ်ခဲ့သော Samsung ၏ Galaxy Mega ထက် Xperia Z Ultra မှာ မျက်နှာပြင် အရွယ်အစား ပိုကြီးနေသောကြောင့် အကြီးဆုံး Phablet တစ်လုံးဖြစ်ကြောင်း သိရပါသည်။

Ref:Pocket-lint

# Facebook မှ Flipboard ကဲ့သို့ News Reader တစ်ခုထုတ်လုပ်ရန်စီစဉ်




Facebook သည် Google reader နေရာတွင် အသုံးပြုမည့် RSS ကုတ် အသုံးပြုသော Reader တစ်ခု ပြုလုပ်မည်ဟု နာမည်ကြီးနေရာမှ ယခုအခါတွင် Flipboard ကဲ့ သို့ News Reader တစ်ခုကို ကိုယ်ပိုင် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ Google Reader ဖျက်သိမ်းချိန်မှစတင်၍သတင်းဖတ်ရှုသူတော်တော်များများသည် Twitter ဘက်သို့ ဦးတည်သွားခြင်းကြောင့် Facebook အနေဖြင့် News Reader တစ်ခုကိုထုတ်လုပ်ရခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ News Reader ၏ ပုံစံမှာ ယခု Flipboard ပြုလုပ်ထားသည့် စာရွက်လှန် ဖတ်ရသော မဂ္ဂဇင်း ပုံစံဖြင့် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်း News Reader တွင် ယခင်က ထင်ကြေးပေးခဲ့ကြသလို RSS ကုတ်များကို အသုံးမပြုထားကြောင်းသိရသည်။ ထို့အပြင် News Reader ကို မဂ္ဂဇင်းပုံစံပြုလုပ်ထားသောကြောင့် စမတ်ဖုန်းများပေါ်တွင်အသုံးပြုနိုင်ရန် အဓိက ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်း Reader ကို ပြုလုပ်ရခြင်းမှာ Google Reader ဖျက်သိမ်းပြီးနောက်တွင် Reader ကိုအသုံးပြုရန် စိတ်အားထက်သန်နေကြသော စာဖတ်ဝါသနာရှင်များအတွက် အထူးရည်ရွယ် ပြုလုပ်ခြင်း ဖြစ်ကြောင်း Facebook ပြောကြားခဲ့သည်။ ထို့နည်းတူစွာ Facebook ၏ တည်ထောင်သူ မက်ဇူကာဘတ် ကလည်း အကောင်းဆုံးကိုယ်ပိုင် နေ့စဉ်သတင်းစာ တစ်စောင် ဟု သူ၏ News Reader အသစ် ကို အမွှန်းတင်ခဲ့ကြောင်းသိရပါသည်။

Ref : Ctv News

ဂျာနယ် ၅ စောင် ရောင်းပြီးလျှင်
UV ပါပြီး အရည်အသွေးကောင်းမွန်သော ထီးတစ်လက် ရယူပါ







အနာဂတ် အခွင့်အလမ်းများအတွက်

# chance

အလုပ်အကိုင်နှင့်အခွင့်အလမ်းဂျာနယ်

Ph: 09 450044405, 09 450044406

အတွဲ(၁)၊ အမှတ်(၃) ထွက်ပြီ

သဘော်သားများအတွက်
အလုပ်အကိုင် အခွင့်အလမ်းများ...
ရန်ကုန်၊ မန္တလေး အလုပ်အကိုင် အခွင့်အလမ်းများ...
အလုပ်ရှာဖွေသူများအတွက် ကိုယ်ရေးအကျဉ်းရေးသားနည်း...
နိုင်ငံတကာ အဖွဲ့အစည်းများ၏ အလုပ်အကိုင် အခွင့်အလမ်းများ...
ဂုဏ်ထူး ဦးသိန်းနိုင်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ရဲနိုင်ဦး၊
စန္ဒာမိုင်၊ မြတ်ဟန်နီ၊ သူရိန်၊ နှင်းပန်းအိ၊ သဥ္ဇာမင်းနိုင် တို့၏ ဖတ်စရာ၊ မှတ်စရာများဖြင့်...

ဂျာနယ်တန်ဖိုး
၅၀၀ ကျပ်ဖြင့်
အောက်ပါ
အခွင့်အရေးများကို ရယူပါ

5%~30% Stamford-City Business Institute (since 1996)
aroma (Zulu Studio) 15% AROMA (Wedding Dress)
INfo 20% INFO Computer Training & Service Centre
The Fingers Food Garden 20% THE FINGERS Restaurant
20% ငွေကောင်းကင် အမျိုးသား၊ အမျိုးသမီး အလှပြင်ဆိုင် (မန္တလေး)
Y-Max 5000 kyats Y-Max
MPA 10% MYIT PHYAR AYER HOTEL Mandalay

ရန်ကုန်၊ မန္တလေး City Mart ဆိုင်တိုင်းတွင် ဝယ်ယူဖတ်ရှုနိုင်ပါသည်။

---

# ပြည်သူ့ဆန္ဒ

သတင်းဂျာနယ်

အမှတ်(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ။
ဖုန်း - ၈၆၀၄၀၆၄၊ ၀၁၁ ၂၂၀၉၀၄

အပတ်စဉ် တနင်္လာနေ့တိုင်း ထွက်ပြီ



နိုင်ငံရေးဆိုတာလူတိုင်းနဲ့ဆိုင်ပါတယ်။ ကနေလူအိုရုံက အဘွားအို အထိဒုက္ခနဲ့ ရှင်းတဲ့ သူဆိုတာပရစိတ်အလွန်အားနည်း ရင်လုပ်စားမယ့်သူတွေလုပ်စားလို့ကောင်း သလောက် နိုင်ငံရေးကိစ္စတွေ ပြည်သူတွေ

နိုင်ငံရေးမကောင်းရင် ပုခက်ထဲကခလေး လူလူတွေသွားနိုင်ပါတယ်။ နိုင်ငံရေးကင်း တဲ့ သူ ပါဘဲ။ ပြည်သူတွေနိုင်ငံရေး ကင်းရှင်း သွားလိမ့်မယ်။ ကျွန်တော်တို့လက်လှမ်းမီ အညာမခံရစေဖို့စုစည်းတင်ပြထားပါတယ်။

♛ မင်းမြတ်စံ၊ အောင်သာ (ပီသုံးလုံး)၊ ထက်မြက်၊ တင်နိုင်တိုး၊ အဏ္ဏဝါစိုးမိုး၊ ခင်မောင်တိုး (မိုးမိတ်)၊ သခင်အောင်ဖေ၊ ရဲဦး၊ ရဲစတိုင်း၊ သန်းထိုက်လူ၊ သရဝဏ် (ပြည်)၊ သိန်းမြင့်ညို (ချောက်)၊ ထွန်းဇော်ဌေး၊ ဂါမဏိ၊ အရမ်းသန်ညွန့်၊ ရဲခေါင်မဲမောင်၊ မောင်မှန်၊ ရေနံ့သာခင်မောင်ထွေး တို့၏လွတ်လပ်ရဲရင့်သော ဆောင်းပါးများ၊ အင်တာဗျူးများ....

♛ နေမျိုးအေး၊ ကျောက်သူ၊ ထင်လင်းကျော်၊ ကိုကောင်း၊ မောင်ရွှေဝင်း၊ ငယ်ဦး၊ သန်းနိုင်၊ ဟတ်ကာ၊ ပေါ်လွင်ကျော်၊ အဂ္ဂ၊ လမင်း၊ မျိုးကြီး၊ ဇီးသီး၊ ရှာဆော် တို့၏ ခေတ်ကိုသရော်ထားသော ကာတွန်းများ... ♛ နိုင်ငံရေးပါတီများ၏မြန်မာ့နိုင်ငံရေးအပေါ်ရှုထောင့်စုံမှ ဝေဖန်သုံးသပ်ချက်များ....

ကိုယ်စားလှယ်ရယူလိုသူများ၊ ဂျာနယ်ကိုအပ်ကုန်စနစ်ဖြင့် ရောင်းချပေးလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ လွဲမှားသောဆောင်ရွက်ချက်များကို ရင်ဖွင့်ချင်သူများ ပြည်သူ့အသံကဏ္ဍတွင် ဓါတ်ပုံဖော်ပြ ရင်ဖွင့်လိုသူများ ဂျာနယ်တိုက်သို့ဆက်သွယ်စေလိုပါသည်။

Volume-1, Issue 22
July 3 , Wednesday, 2013

Connecting Your World

SINGTECH




ထိုင်းနိုင်ငံ အလည်အပတ်ခရီးစဉ် ကံထူးရှင်များအား ဂုဏ်ယူဝမ်းမြောက်စွာ ဖော်ပြအပ်ပါသည်။

Lucky Summer Programme winners

နွေရာသီ အရောင်းမြှင့်တင်ရေး အစီအစဉ်တွင် ဝယ်ယူအားပေးကြသော မိတ်သင်္ဂဟအပေါင်းနှင့် ကူညီရောင်းချပေးခဲ့ကြသော အရောင်းဆိုင်ကြီးများအား အထူးပင် ကျေးဇူးဥပကာရတင်ရှိပါသည်။

| | | | | | |
|---|---|---|---|---|---|
| Citicom | ကိုဇော်ထက်အောင် | ၀၉၇၃၁၆၀၃၃၁ | Vista (Mdy) | မနီလာသိန်း | ၀၉၂၀၁၄၂၇၅ |
| City Power | ကိုခင်မောင်မြင့် | ၀၉၅၀၃၂၃၃၉ | Shan Nyi Naung | မသီတာရှိန်း | ၀၉၄၀၂၅၄၆၇၈၇ |
| Myitkyinar | ဦးမောင်စံ | ၀၉၂၄၀၁၇၅၄ | King Eimpire | ကိုပက်ထရစ် | ၀၉၄၉၃၁၅၇၄၂ |
| Citicom | မမြတ်ဇင်ဇင်မိုး | ၀၉၇၃၂၀၅၅၃၆ | Technoland | ကိုစိုးမိုးသူ | ၀၉၄၀၂၅၄၀၄၉၆ |
| ICE | မနန်းလွမ်းညင် | ၀၉၈၃၆၂၁၂၂ | Htoo Family | ကိုမျိုးမြင့်သိန်း | ၀၉၂၀၂၄၄၈၅ |
| King Power | ကိုဝင်းလှိုင် | ၀၉၄၉၆၇၉၀၆၄ | Innwa (Mdy) | ကိုရာဇာထွန်း | ၀၉၂၀၄၂၂၁၉ |
| MDY ( CSC ) | ဦးဇော်တိက | ၀၉၄၁၉၅၀၆၆ | Citicom | မမေဇင်မြင့် | ၀၉၄၂၂၅၅၇၀၃၅ |
| Pyay Show | မချမ်းမြေ့ဦး | ၀၉၄၂၃၆၈၉၈၅၁ | Citicom | မသီတာဝင်း | ၀၉၄၂၀၀၁၄၉၇၄ |
| Citicom (2) | ကိုရန်နိုင်စော | ၀၄၆-၄၀၁၇၁ | Citicom | ကိုကျော်ကျော်ထွန်း | ၀၉၄၂၀၁၂၀၁၅၄ |
| Technoland | ကိုအောင်ပြည့်စုံ | ၀၉၇၃၁၄၈၂၉၄ | New Computer world | ကိုလတ်စံ | ၀၉၄၇၀၀၀၁၃၂၆ |
| Matrix(Mdy) | ကိုသန်းထွဋ်ဝင်း | ၀၉၄၇၀၇၂၂၃၇ | SS Computer | ကိုကျော်ဇင်သော် | ၀၉၄၀၁၆၃၁၄၇၅ |
| Shan Nyi Naung | ကိုဝင်းကိုကို | ၀၉၄၂၈၃၆၄၀၇၀ | Buy Now (BAK) | မစန္ဒာ | ၀၉၅၀၈၇၈၈၀ |

**AUTHORISED DISTRIBUTOR : CYBER CITY CO., LTD.**

No.(78), Bogyoke Aung San Street, Pazundaung Township, Yangon. Tel : (01) 202 588,200 906

No.(173), 32nd Street, Bet. 76th & 77th Street, Chanaye Tharzan Township, Mandalay. Tel : 09 9100 4918, 09 910 18621, 09 506 3916

No.(290), Pyay Road (Near Maha Myaing Bus Stop), Sanchaung Township,Yangon. Ph : 01 536 966